mgyoe.com SAMPLE BOOK



ဘဝတက္ကသိုလ်

# မြသန်းတင့်

# တောင်များ၏တောင်ဘက်မှ ပင်လယ်များ၏မြောက်ဘက်သို့

## EDGAR SNOW
## THE LONG REVOLUTION

mgyoe.com

designed by

mgyoe.com SAMPLE BOOK

# မြသန်းတင့်

# တောင်များ၏တောင်ဘက်မှ ပင်လယ်များ၏မြောက်ဘက်သို့

EDGAR SNOW

THE LONG REVOLUTION



mgyoe.com

mgyoe.com

SAMPLE BOOK

တတိယ အကြိမ်၊ ၂၀၂၄၊ ဒီဇင်ဘာ
[ပထမ အကြိမ်၊ ၁၉၇၆၊ မတ်၊ သင့် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၂၂၊ ဩဂုတ်၊ ဘဝတက္ကသိုလ် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ယန်းချီ တင်ထွဏ်း |
| တန်ဖိုး | ၁၅၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၀၂၄၈)၊ ပြည်ဦးဆော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘဝတက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

## တောင်များ၏ တောင်ဘက်မှ
## ပင်လယ်များ၏ မြောက်ဘက်သို့


**THE LONG REVOLUTION**

Edgar Snow

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



နောက်ဆုံး အခေါက် တရုတ်ပြည် ခရီး ၊ စာရေးသူ အဂ္ဂါ စနိုးနှင့် မော်စီတုန်း (၁၉၇၀)

mgyoe.com

mgyoe.com SAMPLE BOOK



မော်နှင့် သူ့ဇနီး ချန်ချင်း (၁၉၃၀ ခန့်က)

mgyoe.com

mgyoe.com SAMPLE BOOK



ချူအင်လိုင်း (ဝဲ) နှင့် မော်စီတုန်း
(အဂ္ဂါ စနိုး ရိုက်ကူးခဲ့သော ပုံ၊ ၁၉၃၆)

mgyoe.com

mgyoe.com SAMPLE BOOK



(ဝဲ မှ ယာ) လျူရှောက်ချီ၊ ချူတေး၊ ချူအင်လိုင်းနှင့် မော်စီတုန်း
(၁၉၅၀ မေဒေးနေ့ အခမ်းအနား)

mgyoe.com

mgyoe.com SAMPLE BOOK



ချူအင်လိုင်း၊ မော်စီတုန်းနှင့် စစ်သေနာပတိ လင်းပြောင်
တီယန်မင် ရင်ပြင်တွင် အလေးပြုခံနေစဉ် (၁၉၆၇၊ အောက်တိုဘာ)

mgyoe.com

mgyoe.com SAMPLE BOOK




ယဉ်ကျေးမှု တော်လှန်ရေး အတွင်းက ခေတ်စားခဲ့သည့် စာလုံးကြီး ပိုစတာ

mgyoe.com

mgyoe.com SAMPLE BOOK



စက်ရုံ တစ်ခု၏ ရှေ့တွင် လူငယ်များ
မော်စီတုန်း စာအုပ်ငယ်များ ကိုင်ဆောင်၍ စုရုံး ဆန္ဒပြနေကြစဉ်
(၁၉၆၇၊ ဇန်နဝါရီ ၂၃)

mgyoe.com

mgyoe.com SAMPLE BOOK




မူရင်း တရုတ် ဘာသာဖြင့် ထုတ်ဝေခဲ့သည့်
မော်စီတုန်း လက်စွဲ စာအုပ်နီ
( ၁၉၆၉ ခုနှစ်ခန့်က ထုတ်ဝေခဲ့သည်။)

mgyoe.com


mgyoe.com SAMPLE BOOK



မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ကာလ
မော်စီတုန်း ပိုစတာ အောက်က တပ်နီ လူငယ်ကလေးများ
(၁၉၆၇၊ ဇန်နဝါရီ ၂၃)

mgyoe.com

mgyoe.com
SAMPLE BOOK




မူရင်း စာအုပ် မျက်နှာဖုံး

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


အပိုင်း တစ်

တစ်မူ ထူးခြားသော တိုင်းပြည်လော ၅

၁။ တီယန်မင်တွင် တွေ့ဆုံခြင်း ၇

၂။ ဝန်ကြီးချုပ် ချူထံမှ စကားရိပ် ၁၂

၃။ ယဥ်ကျေးမှု တော်လှန်ရေး၏ အနှစ်သာရ ၂၀

၄။ ပြည်ကြီးသား ဝမ်၏ အပြင်ပန်း သဏ္ဍာန် ၃၁

အပိုင်း နှစ်

ဆေးဝါး ကုသမှုနှင့် လူဦးရေ ကန့်သတ်ရေး ၃၉

၅။ သန္ဓေ ဖျက်ခြင်းနှင့် အပ်စိုက် ကုသခြင်း ၄၁

၆။ အပ်စိုက် ကုသနည်း ဘာလဲ ၄၆

၇။ ဖိုမ ဆက်ဆံရေးနှင့် ဖွားသေ စာရင်းအင်း ဗေဒ ၅၅

၈။ ထူးခြားသည့် အခြေအနေ အချို့ ၆၇

၉။ ကျေးလက်ကို ဦးစားပေးရေး ၇၂

အပိုင်း သုံး

မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ၈၁

၁၀။ ပုဂ္ဂိုလ် ကိုးကွယ်မှု 'သွေးအေး' ခြင်း ၈၃

၁၁။ ယဉ်ကျေးမှု ၉၂


mgyoe.com

mgyoe.com SAMPLE BOOK

၁၂။ ဝါဒ ဖြန့်ချိမှုဖြင့် လုပ်ကြံခြင်း ၁၀၅
၁၃။ အတိအလင်း ဖြစ်လာသော စစ်ပွဲ ၁၁၅

အပိုင်း လေး
စစ်တပ်၊ ပါတီနှင့် ပြည်သူ ၁၂၅

၁၄။ စစ်အာဏာရှင် စနစ် တစ်မျိုးလော ၁၂၇
၁၅။ ပြည်သူကို အလုပ်အကျွေးပြုကြ ၁၃၇
၁၆။ စစ်တပ်သည် တည်ဆောက်ရေးသမား ၁၄၃
၁၇။ နန်နီဝမ်းက အဲလစ် ၁၅၂
၁၈။ စစ်တပ်နှင့် ပြည်သူ ၁၆၈

အပိုင်း ငါး
ပြည်သူ့ ဘုံအဖွဲ့များ ၁၇၉

၁၉။ အစ ၁၈၁
၂၀။ အောက်မေ့ဖွယ် ခရီး ၁၈၅
၂၁။ ချမ်းသာနှင့် ဆင်းရဲ ၁၉၂
၂၂။ နောက်နှင့် ရှေ့ကို လှမ်းကြည့်ခြင်း ၁၉၄

အပိုင်း ခြောက်
ဝန်ကြီးချုပ်နှင့် တစ်ည ၁၉၉

၂၃။ ချူအင်လိုင်းနှင့် ဖွင့်ထားသော တံခါး ၂၀၁

အပိုင်း ခုနစ်
ဥက္ကဋ္ဌကြီး မော်နှင့် နံနက်စာ စားခြင်း ၂၁၇

၂၄။ မော်စီတုန်းနှင့် စကား ပြောခြင်း ၂၁၉

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း ရှစ်
နန်းမြို့ရိုးသို့ နစ်ဆန် လက်ကမ်းခြင်း ၂၃၃

၂၅။ ခွန်အားကြီး နိုင်ငံ တစ်နိုင်ငံ ၂၃၅

နောက်ဆက်တွဲများ ၂၅၁

တောင်များ၏ တောင်ဘက်မှ
ပင်လယ်များ၏ မြောက်ဘက်သို့ ၂၅၃

၂၆။ တိဘက်ပြည်နှင့် နတ်ဘုရား ၂၅၉
၂၇။ အမေရိကန် လက်နက်ကိုင် တော်လှန်ရေး ဘယ်လိုလဲ ၂၆၃
၂၈။ တတိယ ကမ္ဘာ ၂၆၆
၂၉။ ခရုရှေ့နှင့် ပုဂ္ဂိုလ် ကိုးကွယ်မှု ၂၇၂
၃၀။ အဏုမြူဗုံး ၂၇၆
၃၁။ လက်နက် ဖျက်သိမ်းရေး ၂၇၈
၃၂။ ကုလသမဂ္ဂ ၂၈၀
၃၃။ တရုတ် လူဦးရေ ဘယ်လောက် ရှိသလဲ ၂၈၃
၃၄။ ဗီယက်နမ်မှ အမေရိကန် ၂၈၄
၃၅။ တရုတ်ပြည်နှင့် အမေရိကန် ပြည်ထောင်စု ၂၈၆
၃၆။ ဘုရားသခင်ထံ သွားတော့မည် ၂၉၂

ချူအင်လိုင်းနှင့် တွေ့ဆုံခြင်း (၁၉၆၄) ၂၉၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း တစ်

## တစ်မူ ထူးခြားသော
## တိုင်းပြည်လော

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

# ၁

# တီယန်မင်တွင် တွေ့ဆုံခြင်း

ပီကင်းက အောက်တိုဘာ ရာသီဥတုသည် ကြည်လင်လျက် ရှိသည်။ ၂၁ ကြိမ်မြောက် ပြည်သူ့ သမ္မတ နိုင်ငံ ထူထောင်သည့် အခမ်းအနား ကျင်းပရန် အနေတော် ဖြစ်သည်။ လူတွေ ပြည့်ကျပ်နေသည့် တီယန်မင် မုခ်ဦး ရင်ပြင်တွင် အမှတ်တမဲ့ ထိုင်ကြည့်နေစဉ် ကျွန်တော့် အင်္ကျီလက်ကို နောက်မှ ဆွဲလိုက်သဖြင့် လှည့်ကြည့်လိုက်သော အခါ ဝန်ကြီးချုပ် ချူအင်လိုင်းကို တွေ့ရသည်။ ဝန်ကြီးချုပ် ချူအင်လိုင်းသည် ကျွန်တော်နှင့် ကျွန်တော့် ဇနီးသည် လွိုင်းကို ဥက္ကဋ္ဌ မော်၏ အနီးသို့ ခပ်သုတ်သုတ် ခေါ်သွားသည်။ သို့ဖြင့် ကျွန်တော်တို့သည် ကမ္ဘာကြီး၏ လေးပုံတစ်ပုံ၊ သို့မဟုတ် ငါးပုံတစ်ပုံ ရှိသည့် တရုတ်ပြည်ကြီး၏ ဗဟိုချက်မတွင် မိနစ် အတန်ကြာမျှ ရှိနေကြသည်။ တရုတ် ခေါင်းဆောင်များက လူရှေ့သူရှေ့၌ တစ်ခုခု လုပ်ပြီ ဆိုလျှင် အဓိပ္ပာယ် တစ်ခုခုတော့ ရှိတတ်သည်။ ထူးခြားသည့် ကိစ္စ တစ်ခုတော့ ရှိနေပြီ။ သို့ရာတွင် မည်သည့် ကိစ္စ ဆိုသည်ကိုမူ ကျွန်တော် မသိ။

လူငါးသိန်း စုဝေးလျက် ရှိရာ ကျယ်ပြန့်လှသော ရင်ပြင်ကြီး၏ တစ်ဖက်တွင် မော်စီတုန်း၏ ၁၉၇၀ ခု မေလ ၂၀ ရက် ကြေညာချက်မှ ကောက်နုတ်ချက် တစ်ခုကို ချိတ်ဆွဲထားသည်။ စာလုံးကြီးများကို တစ်ပြလောက်က လှမ်းမြင်နိုင်သည်။ ထိုအချိန်မှာ ကမ္ဘောဒီးယားတွင် လုန်နိုး၏ အာဏာသိမ်းမှု နှင့် လုန်နိုး၏ ကမ္ဘောဒီးယားမှ အမေရိကန် မဟာမိတ်များအား မင်းသားကြီး သီဟာနုက ခုခံခြင်း၊ အင်ဒိုချိုင်းနား ပြည်သူများက အမေရိကန် ဆန့်ကျင်ရေး တပ်ပေါင်းစု တစ်ရပ် မကြာမီက ဖွဲ့စည်းလိုက်ခြင်းတို့ကို တရုတ်ပြည်က ထောက်ခံကြောင်း ကြေညာသည့် အချိန် ဖြစ်သည်။ ထိုအချက်ကို အလေးတင်း ဖော်ပြ

mgyoe.com

mgyoe.com SAMPLE BOOK

သည့် အနေဖြင့် မင်းသားကြီး သီဟာနုသည်လည်း ဉက္ကဋ္ဌကြီး မော်၏ ဘေး တစ်ဖက်တွင် ရပ်လျက် ရှိသည်။ အမြဲ ပြုံးနေတတ်သော မင်းသားကြီး သီဟာနု သည် ပြုံးလျက် ရှိသည်။ ကမ္ဘောဒီးယားတွင် အမေရိကန် ကျူးကျော်ခြင်းကို ကန့်ကွက်သူ အမေရိကန် လူမျိုး ဆို၍ ကျွန်တော်တို့ နှစ်ဦးတည်းသာ ရှိသည် မဟုတ်ဟု ကျွန်တော့် ဇနီးက လှမ်းပြောလိုက်သည်။ သူက 'ကျုပ်တို့ဘက်မှာ အမေရိကန် ပြည်သူတွေ ရှိပါတယ်' ဟု လိုက်လှဲစွာ ပြန်ပြောသည်။

'ကမ္ဘာ တစ်ဝန်းက ပြည်သူများ သွေးစည်းပြီး အမေရိကန် ကျူးကျော် ရေးသမားများနှင့် နောက်လိုက် ခွေးများကို တိုက်ဖျက်ကြ' ဟု မော်၏ ကြေ ညာချက်က ဆိုသည်။

တရုတ်တို့၏ ဝါဒဖြန့် ဝေါဟာရ အလို အရ နောက်လိုက်ခွေး ဆိုသည် မှာ ခိုင်းရာ လုပ်သည့် ကြိုးရုပ်များကို ဆိုလိုခြင်း ဖြစ်သည်။

တီယန်မင် မုခ်ဦး ရင်ပြင်ပေါ်၌ ကျွန်တော်တို့တစ်တွေ ရပ်နေစဉ် ရိုက် ထားသည့် ဓာတ်ပုံကို ဉက္ကဋ္ဌကြီး မော်၏ ၇၇ နှစ်မြောက် မွေးနေ့တွင် ပြည်သူ့ နေ့စဉ် သတင်းစာက ဖော်ပြလိုက်သည်။ ကျွန်တော့်ပုံကိုမူ 'အမေရိကန် မိတ် ဆွေ တစ်ဦး' ဟု ဖော်ပြထားသည်။ ပြည်သူ့နေ့စဉ် သတင်းစာ မျက်နှာဖုံး ထိပ် လက်ယာဘက်ထောင့်တွင် ထိုနေ့ အတွက် မော်စီတုန်း၏ အတွေးအခေါ် အဖြစ် ကောက်နုတ်ချက် တစ်ရပ်ကိုလည်း ဘောင်ခတ် ဖော်ပြထားသည်။ 'အမေရိကန် ပြည်သူများ အပါအဝင် ကမ္ဘာ့ ပြည်သူများသည် ကျွန်တော်တို့ မိတ်ဆွေများ ဖြစ်သည်' ဟု ရေးထားသည်။

ဉက္ကဋ္ဌကြီး မော်သည် အစိုးရများ၊ ၄င်းတို့၏ ပေါ်လစီများကို ပြည်သူ များနှင့် မရောမိအောင် ဂရုတစိုက် တစ်ကန့်စီ ခွဲခြားကြည့်လေ့ ရှိသည်။ ဤသို့ တစ်ကန့်စီ ခွဲခြားရာ၌ သင်္ကေတ တစ်ခု အဖြစ် ကျွန်တော့်ကို သုံးလိုလျှင် ဝမ်းမြောက်စွာဖြင့် ကျွန်တော် အသုံးပြုခံမည်သာ ဖြစ်သည်။ ဗီယက်နမ်နှင့် အခြား အင်ဒိုချိုင်းနား တိုင်းပြည်များအား လက်နက်ကိုင် ကျူးကျော် ဖျက်ဆီး ခြင်းကို ကန့်ကွက်သည့် အမေရိကန်များကို ကျွန်တော် ကိုယ်စားပြုခွင့် ရလျှင် ပြုချင်သည်။

ဗိုလ်ချုပ် မက်သယူး ရစ်ချ်ဝေးက အင်ဒိုချိုင်းနားတွင် အမေရိကန် စွက် ဖက်မှုကို 'ဝမ်းနည်းဖွယ် ကောင်းသည့် အမှား' ဟု ကြိုတင် ဟောကိန်း ထုတ် ခဲ့ဖူးပါသည်။ ထိုအမှားကို အဆုံးသတ်ရေး အတွက် အမေရိကန် ပြည်ထောင် စု၌ စစ်ဆန့်ကျင်ရေးသမားများက လုပ်ဆောင်လျက် ရှိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ယခု ကျွန်တော် ဤနေရာသို့ ရောက်နေခြင်းမှာ စစ်ဆန့်ကျင်ရေးသမားများ ကိုယ်စား ဂုဏ်ပြုခံရန် ရောက်နေခြင်းပေလောဟုလည်း သွေးကြီးမိသွားသည်။ မှန်ပါသည်၊ ဂုဏ်ပြုခံရန် ရောက်နေခြင်း ဖြစ်သည်။ သို့ရာတွင် ထိုမျှသာ မကသေးပါ။

မော်၏ လက်သည် သွက်ချာပါဒ လိုက်ဖူးသည်၊ အင်္ကျီလက်ထဲ ဝှက်ထားရသည်ဟု နိုင်ငံခြား လန်ကြွတ် သတင်းများက ဖော်ပြကြပါသည်။ သို့ရာတွင် သူ လက်ဆွဲ နှုတ်ဆက်ပုံက ခါတိုင်းကဲ့သို့ မြဲမြံသည်။ ၁၉၆၅ ခုနှစ် ကျွန်တော် နောက်ဆုံး မြင်ခဲ့ရစဉ်ကထက် ကိုယ်ရေ စစ်သွားပြီး ပို၍ ကျန်းမာတောင့်တင်းနေပုံ ရသည်။ ထိုအချိန်သည် တော်လှန်ရေး ခေါင်းဆောင် တစ်ယောက် အဖြစ် သူ့ဘဝတွင် အရေးအကြီးဆုံး၊ အရဲရင့်ဆုံးဟု ခေါ်နိုင်သော ဆုံးဖြတ်ချက် တစ်ရပ်ကို ချသည့် အချိန် ဖြစ်ကြောင်း ယခုမှ ကျွန်တော် သဘော ပေါက်တော့သည်။ ထို ဆုံးဖြတ်ချက်မှာ သူ့ နေရာတွင် ဆက်ခံရန် ပါတီက ရွေးချယ်ထားသူ ကွန်မြူနစ် ပါတီ ဒုတိယ ဥက္ကဋ္ဌနှင့် သမ္မတ နိုင်ငံ၏ သမ္မတ လျူရှောက်ချီ၊ 'အရင်းရှင်လမ်း လိုက်သူ အာဏာပိုင်' ပါတီဝင်များနှင့် ၎င်းတို့၏ နောက်လိုက်ခွေးများ အားလုံးကို မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး၏ ပစ်မှတ် အဖြစ် ထားကာ အပုပ်ချပစ်ရန် ဆုံးဖြတ်ချက် ဖြစ်သည်။

အလံများ၊ တံခွန်များ၊ စီဖောင်းများ လေတွင် ဝဲပျံ ဖြတ်သန်းသွားကြသည်ကို ကြည့်ရင်း မော်က ထိုအကြောင်းကို အတိုချုပ် ပြောပြသည်။ မော်၏ စည်းရုံးရေးသည် အံ့သြဖို့ ကောင်းသည်။ အလုပ်သမားများရော၊ ပညာတတ်များပါ နေ့စဉ် ဝတ်လေ့ ရှိကြသည့် ပြာမွဲမွဲ အဝတ်အစားများကို မတွေ့ရ။ အရောင်အဆင်းစုံကို တွေ့ရသည်။ စီတန်း ချီတက်သွားကြသူများထဲတွင် လူမျိုးစုများလည်း ပါသည်။ တရုတ်ပြည်တွင် လူမျိုးပေါင်း ၄၇ မျိုး ရှိ၍ ဘာသာစကား မျိုးနှစ်ဆယ်လောက်ကို သုံးစွဲကြသည်။ ယခု အချိန်တွင် သန်း ၇၅၀ နှင့် ၈၀၀ အတွင်းရှိ လူဦးရေ၏ ငါးရာခိုင်နှုန်း သို့မဟုတ် ခြောက်ရာခိုင်နှုန်း ရှိလိမ့်မည်။

ထိုနေ့ ထိုအခါက ဆောင်ပုဒ်မှာ ကုန်ထုတ်လုပ်ရေးနှင့် စစ်ပြင်ဆင်မှု ရင်ဆိုင်ရေးကို အသင့် ဖြစ်ရေးတို့ ဖြစ်သည်။ အပြာရောင်နှင့် မီးခိုးရောင် ယူနီဖောင်းများကို နေရာ အနှံ့အပြား တွေ့ရသော်လည်း ဆယ်ကျော်သက်ရွယ် ပြည်သူ့စစ် အဖွဲ့ဝင်များ လက်တွင် လက်နက် များများစားစား မတွေ့ရ။

mgyoe.com

mgyoe.com SAMPLE BOOK

ပြည်သူ့စစ် အဖွဲ့ဝင်များထဲတွင် မြင်းမြီး ဆံပင်နှင့် သူငယ်ကလေးများလည်း ပါဝင်ကြသည်။

မော်၏ ရေးသားချက်များ၊ သြဝါဒများ၊ ညွှန်ကြားချက်များကို ဘုံအဖွဲ့၊ စက်ရုံ၊ ယဉ်ကျေးမှု နယ်ပယ်နှင့် စစ်တပ်တွင် လိုက်နာ ကျင့်သုံးကြရာ ယခု ဤအခမ်းအနားတွင်လည်း စီတန်း လှည့်လည်သည့် အဖွဲ့များက ထိုသြဝါဒများကို သူ့ထက်ငါ အပြိုင်အဆိုင် သရုပ်ဖော် ခင်းကျင်းလာကြသည်။ ၄င်းတို့အနက် ကြည့်၍ အကောင်းဆုံးသော ပြကွင်းမှာ တောင်ကြီးများကို ဥမင်များဖောက်၍ တံတားများ ဖြတ်ဆောက်ကာ ထိုတံတားများပေါ်တွင် ပုံစံ မီးရထားငယ်ကလေး တစ်စင်း ခုတ်မောင်း ဖြတ်သန်းနေသည့် မြင်ကွင်း ဖြစ်သည်။ မြောက်ပိုင်း အကျဆုံး တရုတ်-တာကစ္စတန် ပြည်နယ်နှင့် တောင်ဘက် ဗီယက်နမ်နယ်သို့ မီးရထားလမ်း ဆက်သွယ် ဖောက်လုပ် ပြီးစီးသွားသည့် အထိမ်းအမှတ် အဖြစ် သရုပ်ဖော်လာကြခြင်း ဖြစ်သည်။

ကျွန်တော့် ဘေးတွင် မားမားမတ် ရပ်လျက် ရှိသော ခေါင်းဆောင်ကြီး၏ ကြီးမားသော ရုပ်တုကြီးများ၊ ကိုယ်တစ်ပိုင်း ရုပ်တုများကို နေရာတကာတွင် မြင်နေရသည်။ မှန်သည်။ မော်သည် တော်လှန်ရေး၏ သန္ဓေစင်မှုကို ထိန်းသိမ်းရန်၊ သို့ ထိန်းသိမ်းရာတွင် မကြုံဖူးသည့် ပမာဏဖြင့် လူထုများ အုံကြွ ပါဝင်လာစေရန် ရှေ့ဆောင်ရှေ့ရွက် ပြုသူ၊ ခေါင်းဆောင်သူ ဖြစ်သည်။

'မော်ချူစီ ဝမ်ဆွေ့၊ မော်ချူစီ ဝမ်ဆွေ့၊ မော်ချူစီ ဝမ်ဆွေ့၊ ဝမ်ဆွေ့၊ ဝမ်ဆွေ့'

'ဥက္ကဋ္ဌကြီး မော် သက်တော် ရှည်ပါစေ၊ ဥက္ကဋ္ဌကြီး မော် အပိုင်းအခြားမရှိ သက်တော် ရှည်ပါစေ'

အောက်က ကြွေးကြော်သံများသည် တီယန်မင် မုခ်ဦး ရင်ပြင်ပေါ်သို့ ဝေ့ပျံတက်လာကြသည်။

လူငယ်များသာမက လူကြီးများပါ မျက်ရည်ကျကြသည်။

'ဥက္ကဋ္ဌကြီး ဘယ်လို သဘောရပါသလဲ'

ကျွန်တော်က ချီတက်သွားကြသော မော်အား ကြည်ညို လေးစားသူများကို လက်မြှောက် ဝှေ့ယမ်းပြရင်း လှမ်းမေးသည်။

'ဥက္ကဋ္ဌကြီး ဘယ်လို ခံစားရပါသလဲ'

မော်က မျက်နှာကို ရှုံ့၍ ခေါင်းယမ်းပြပြီး ပို၍တော့ ကောင်းလာသည်၊ သို့ရာတွင် သူ မကျေနပ်ဟု ပြန်ပြောသည်။



mgyoe.com

mgyoe.com SAMPLE BOOK

မော် ဘာကို ဆိုလိုသနည်း။ မော်က ပြန်မဖြေမီ စီတန်း ချီတက်သူများ နောက်ထပ် ဖြတ်လာကြပြန်သဖြင့် စကား ပြတ်သွားကြသည်။

နောက် ရက်သတ္တပတ် အတန်ကြာ၍ မော်နှင့် ကျွန်တော် စကား ရှည်ရှည် ပြောဖြစ်ကြသည့် အခါကျမှ ထိုမေးခွန်းကို ကျွန်တော် ထပ်မေးခွင့် ရတော့သည်။

မော်က ပုဂ္ဂိုလ် ကိုးကွယ်မှု၏ 'စိတ်နောက်ကျဖွယ်' များကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။ သို့ရာတွင် အောက်တိုဘာနေ့၌ သူ့ ဩဝါဒများကို အသက်သွင်းထားရာ ရုပ်တုများကို လည်းကောင်း၊ အလံများကို လည်းကောင်း၊ ပန်းပွင့်များကို လည်းကောင်း မော် စိတ်ဝင်စားခြင်း မရှိကြောင်းကို ကျွန်တော် သိခဲ့ရသည်။ ပါတီနှင့် နိုင်ငံတော် အပေါ်ထပ် အဆောက်အအုံ ပြန်လည် တည်ဆောက်ရေး၊ ယဉ်ကျေးမှု တော်လှန်ရေး အတွင်းက လျော့ကျသွားသော ကုန်ထုတ်လုပ်ရေး အရှိန်ကို ပြန်မြှင့်ရေး၊ ဗီယက်နမ်စစ် အလျင်အမြန် ပြီးဆုံးရေး၊ ပြင်ပ ကမ္ဘာ လောကကြီးနှင့် တရုတ်ပြည်တို့ ဆက်သွယ်မှု ကျယ်ပြန့်လာရေး စသည့် ကိစ္စများကို မော် စဉ်းစားနေဟန် ရှိသည်။ ရစ်ချတ် နစ်ကဆင်နှင့် တွေ့ဆုံ စကား ပြောနိုင်ဖို့ ကိစ္စကိုလည်း စဉ်းစားနေမည်လော မပြောနိုင်။

အမေရိကန်တွင် ပုန်ကန်မှု အမျိုးမျိုး ပေါ်ပေါက်နေသည် မဟုတ်လော ဟု မော်က ကျွန်တော့်ကို ပြောသည်။

မော်သည် အမေရိကန် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို စိတ်ဝင်စားနေသည်။ ဤလှုပ်ရှားမှုကို သူ၏ 'မေလ ၂၀ ရက်နေ့ ကြေညာချက်' တွင် ဩဘာ ပေးထားသည်။

ဤလှုပ်ရှားမှု၏ နိုင်ငံရေး အဓိပ္ပာယ်ကို မော် ထပ်မံ ကြားသိလိုသည်။ မကြာခင် တွေ့ကြဦးစို့ဟု မော်က လှမ်းပြောလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၂

## ဝန်ကြီးချုပ် ချူထံမှ စကားရိပ်

ကူမင်တန် ကွန်မြူနစ် ပထမ ပြည်တွင်းစစ် ကာလက လည်းကောင်း၊ ဒုတိယ ကမ္ဘာစစ် အတွင်းက လည်းကောင်း တရုတ်ပြည်၌ ကျွန်တော် နေခဲ့ဖူးသည်။ အလုပ် လုပ်ခဲ့ဖူးသည်။

နောက်ဆုံး ၁၉၆၀ ခုနှစ်တွင် ကျွန်တော် တရုတ်ပြည်သို့ ပြန်လာနိုင်ခဲ့သည်။ တစ်ခါ ၁၉၆၄-၆၅ ခုနှစ်တို့တွင် တစ်ကြိမ်၊ ယခု ၁၉၇၀ ခုနှစ်တွင် တစ်ကြိမ် ကျွန်တော် ပြန်လာနိုင်ပြန်သည်။ ကျွန်တော့် ဇနီး ကချေသည် လွိုင်းဗိုးလားကို ကျွန်တော်နှင့် အတူ တရုတ်ပြည်က ပြည်ဝင်ခွင့် လက်မှတ် ထုတ်ပေးသည့်တိုင် သူ့ခမျာ တရုတ်ပြည်သို့ တစ်ခေါက်မျှ မရောက်ဖူးသေး။ ယခင် အခေါက်များတုန်းက ကျွန်တော်တို့ အမေရိကန် အစိုးရ နိုင်ငံခြားရေး ဌာနက လွိုင်း၏ ပြည်ပ သွားခွင့် လက်မှတ်တွင် တရုတ်ပြည်သို့ သွားရောက်ခွင့်ကို 'တရားဝင် အတည် ပြုရန်' ငြင်းပယ်ခဲ့သည်။ အကြောင်းပြချက်ကမူ 'အမျိုးသား အကျိုးစီးပွားနှင့် မကိုက်ညီ' ဟု ဆိုသည်။ ဤအကြိမ်တွင်မူ လွိုင်းက ဝါရှင်တန်မှ ခွင့်ပြုချက်ကို မစောင့်တော့ဘဲ လိုက်လာခဲ့သည်။

၁၉၆၀ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်များ အတွင်း ကျွန်တော် တရုတ်ပြည်သို့ သွားရန် အတွက် 'တရားဝင် အတည်ပြုခွင့်' ပင်လျှင် ကျွန်တော့် ထုတ်ဝေသူများက ဝါရှင်တန် အထက်တန်း အာဏာပိုင်များသို့ ရောက်အောင် တက်ပြောနိုင်လွန်းသဖြင့် ရခဲ့ခြင်း ဖြစ်သည်။ ထိုအထက်တန်း အာဏာပိုင်များ ရပ်ကွက်သည် တရုတ်ပြည်နှင့် ပတ်သက်သည့် ကျွန်တော့် သတင်းများကို လျစ်လျူရှုခဲ့ကြသည်။ ကျွန်တော်သည် အပို မပါသော အတိုအထွာ သတင်းကလေးများဖြင့် အမေရိကန် အစိုးရ၏ ပေါ်လစီ ရေးဆွဲသူ အထက်ပိုင်းကို ထိုးဖောက်ရန်



mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်စုနှစ် တစ်ခုလောက် ကြိုးစားခဲ့သည်။ ၁၉၆၃ ခုနှစ် ၄င်း၏ သမ္မတ ကျမ်းကျိန်စဉ် မိန့်ခွန်း၌ သမ္မတသစ် ဂျွန် ကနေဒီက 'တရုတ်ပြည်နှင့် အသစ်စတင် ဆက်သွယ်ရန် အခွင့်အလမ်း ပေါ်လာပြီ' ဟု ပြောခဲ့သည်။ သို့ရာတွင် သမ္မတ ကနေဒီသည် သူ့စကားကို လွယ်လွယ်ဖြင့် မေ့ပျောက်ခဲ့သည်။ ထို့မျှမက ၄င်း၏ သမ္မတ သက်တမ်း တစ်လျှောက်တွင် ကျွန်တော်တို့ကို ဗီယက်နမ်တောကြီးမျက်မည်းများထဲ မျက်စိလည် လမ်းမှားပြီး ပိတ်မိနေအောင်သာ လုပ်ခဲ့သည်။ ထို့ကြောင့် ဆယ်စုနှစ် တစ်ခုမျှ ကြာသော ကျွန်တော့် ကြိုးပမ်းမှု မှန်သမျှ သဲထဲ ရေသွန် ဖြစ်ခဲ့သည်။ သို့ရာတွင် ကျွန်တော့် ကြိုးပမ်းမှုကို အခြားနေရာများကတော့ အသိအမှတ်ပြုဖော် ရကြပါသည်။

ယခု ကျွန်တော်နှင့် အတူ လွိုင်း ပါလာပြီ။ တရုတ်ပြည်သို့ ရောက်ဖူးသည့် အရေအတွက် အလွန် နည်းသော အမေရိကန် အမျိုးသမီးများ အနက် တစ်ဦး ဖြစ်သွားပြီ။

လွိုင်း၏ ရှင်သန်၍ မြင်တတ်၊ ကြည့်တတ်သော မျက်လုံး ညိုညိုများက ကျွန်တော့် မျက်စိများကို အကူအညီ ပေးကြလိမ့်မည်။

ကျွန်တော်တို့ နှစ်ယောက် ဩဂုတ် လဆန်းတွင် ပီကင်းသို့ ရောက်သည့် အခါ 'ကျားငွေ့' ဟု ပီကင်းသူ ပီကင်းသားများက ခေါ်ရလောက်အောင် အလွန် ပူသည့် အချိန် ဖြစ်သည်။ ယခုမူ သစ်ပင်ရိပ်များနှင့် မြို့ဆင်ခြေဖုံးက အသစ် စိုက်သည့် သစ်တောများကြောင့် အပူ သိပ်မပြင်းတော့။

ယဉ်ကျေးမှု တော်လှန်ရေး ဖြစ်စကတည်းက တရုတ်ပြည်တွင် နေထိုင်၍ တရုတ်ပြည်ကို စာနာသော နိုင်ငံခြားသားများ အပါအဝင် မည်သည့် နိုင်ငံခြားသားကိုမျှ ပီကင်း မြို့ပြင်သို့ သွားခွင့် မပြုတော့။ ခရီးသည်များအား ယခင်က လိုက်လံပြလေ့ ရှိသည့် မဟာ တံတိုင်း၊ မင် မင်းဆက် သင်္ချိုင်းဂူ၊ အနောက်ဘက် တောင်တန်း၊ ပြတိုက်ကြီးများနှင့် ပီကင်း နန်းတော်များ စသည့် နေရာများကိုပင် ခရီးသည်များ အတွက် ပိတ်ထားခဲ့သည်။ ကျွန်တော်နှင့် လွိုင်းတို့ ထိုနေရာများသို့ သွားရောက်ကြသည့် အခါ၌ 'အဆိုးဝါးဆုံးသော တင်းမာမှု' ကုန်ဆုံးတော့မည်ဟု သံတမန်များနှင့် ပီကင်းရှိ နိုင်ငံခြားသားများက အားတက်သရော မျှော်လင့်ကြသည်။ သူတို့ ထင်သည့် အတိုင်းလည်း မှန်သည်။

ကျွန်တော် ကောင်းကောင်း သိသော တက္ကသိုလ် နှစ်ခုသို့ ကျွန်တော်တို့ နှစ်ယောက် တစ်ပတ်လုံးလုံး သွားနေကြသည်။ တစ်ခုက ကျွန်တော် တစ်ခါက သင်ကြား ပို့ချခဲ့သော ယင်ကျင့် တက္ကသိုလ် ဖြစ်၍ အခြား တစ်ခုမှာ အနီးရှိ



mgyoe.com

mgyoe.com SAMPLE BOOK

နာမည်ကျော် စက်မှု သိပ္ပံကျောင်း ဖြစ်သည့် ဆင်ဟွာ တက္ကသိုလ် ဖြစ်သည်။ ယဉ်ကျေးမှု တော်လှန်ရေး အတွင်းက ကိုယ်တွေ့ အဖြစ်အပျက်များ၊ တက္ကသိုလ် အုံကြွမှုများ၊ တပ်နီ လူငယ် လှုပ်ရှားမှုများနှင့် နောက်ဆက်တွဲ သတင်းများ ကို စုံစုံစေ့စေ့ ကြားခဲ့ရသည်။ ခေတ်မီ ဆေးရုံနှင့် ကျေးလက် ဆေးရုံများ၊ မီးရထား စက်ခေါင်း အလုပ်ရုံ၊ သံမဏိ စက်ရုံတို့ကို ကြည့်ခဲ့ရသည်။ ယဉ်ကျေးမှု တော်လှန်ရေး၏ အခြားဘက်များကို မြင်ခဲ့ရသည်။ အနောက်မြောက် ဒေသက ရှန်ရှီး ပြည်နယ်သို့ လေယာဉ်ပျံဖြင့် ရောက်ခဲ့သည်။ ထို ပြည်နယ် မြို့တော် စီအန်မှ ကျော်ကြားသော စစ်ပြောက်ကျား မြို့တော် ယင်အန်းသို့ သွား ခဲ့ကြသည်။ ထိုမှ အနောက်ဘက်ရှိ ပေါင်အန်း (ဇီဒန်) သို့ ရောက်ခဲ့ကြသည်။

ကျွန်တော်တို့သည် ၁၉၄၅ ခုနှစ်မှ စ၍ ယနေ့ အထိ ထိုဒေသသို့ ရောက်သော ပထမဆုံး နိုင်ငံခြားသားများ ဖြစ်သည်။ ထိုမှ တစ်ဖန် အမဲလိုက် ခံရသော 'ဓားပြနီ' တစ်ဦး ဖြစ်သူ မော်စီတုန်းနှင့် ကျွန်တော် ပထမဆုံး စတင် တွေ့ခဲ့ရာ တောင်ရိုးများ တစ်ဝိုက်သို့လည်း ရောက်ခဲ့သည်။ စစ်တပ် က လုပ်သည့် အစိုးရ လယ်ယာ တစ်ခုနှင့် နိုင်ငံရေး ပြုပြင်ရေး သင်တန်း ကျောင်းကိုလည်း ကျွန်တော်တို့ သွားကြည့်ကြသည်။ စီအန် ပါတီ ကော်မတီ ဥက္ကဋ္ဌဟောင်း တစ်ဦး ဖြစ်သူက သူ ကြီးကြပ် မွေးမြူနေသော ဝက်ခြံ တစ်ခြံ ကို လိုက်ပြသည်။ ပီကင်းနှင့် စီအန်သို့ ပြန်ရောက်ကြပြီး ဇာတ်ပွဲများ ကြည့် ကြသည်။ စားကောင်းသောက်ဖွယ်များကို စားရင်း မိတ်ဆွေဟောင်းများနှင့် စကားစမြည် ပြောခဲ့ကြသည်။

ထို့နောက် အရှေ့မြောက်ဘက်က မဟာ တံတိုင်းသို့ သွားကြသည်။ စက်မှု လုပ်ငန်းများ၊ စစ်တပ်က ဓာတ်အပ်စိုက်ဆရာများ ဖွင့်ထားသည့် ဆွံ့အ နားမကြား ကျောင်းတစ်ကျောင်းနှင့် အန်ရှန်က သံမဏိ စက်ရုံကြီး တစ်ရုံသို့ လည်း သွားကြည့်ခဲ့ကြသည်။

ထို့နောက် တောင်ပိုင်းရှိ ကန်တုန် ကုန်စည်ပြပွဲ၊ ထိုမှ တစ်ဖန် အရှေ့ ဘက် ပင်လယ် ကမ်းခြေ တစ်လျှောက်နှင့် လက်ဖက်ခင်းများ ရှိရာ ချဲကန်း သို့ လည်းကောင်း၊ ရှန်ဟဲနှင့် ယန်စီမြစ် အောက်ပိုင်းက ဘုံအဖွဲ့များ၊ မိတ်ဆွေ ပြည်သူများထံသို့ လည်းကောင်း သွားခဲ့ကြသည်။

တရုတ်ပြည်မှ ကျွန်တော်တို့ မပြန်မီ ဖေဖော်ဝါရီလ အထိ ခြောက်လ အတွင်း ကျွန်တော်သည် ဘုံအဖွဲ့ငယ် တစ်ခုသို့ ရောက်ခဲ့သည်။ လွန်ခဲ့သည့် အနှစ် တစ်ကျိပ် အတွင်း တရုတ်တို့၏ လမ်းညွှန် အိမ်မြှောင်ဖြင့် ကျွန်တော်



mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်ခဲ့သည့် ဘုံအဖွဲ့ပေါင်းမှာ သဗ္ဗရန့်ပေါင်း ၃၃ ခု ရှိသွားပြီ။ ယခု ပြန်ရောက်သည့် အခါ၌ ပထဝီ မြေပြင်သည် ကြည့်လေရာရာတွင် စိမ်းနေပြီ။ နောက်ထပ် တောင်ကုန်းများကို ဖြိုချကာ မြေညှိပြီးပြီ။ ပိုကောင်းသော လေကားထစ် လယ်သစ်များ တည်ပြီးပြီ။ သစ်ပင်တွေ၊ သစ်တောတွေ ပိုထူထပ်လာပြီ။ နှစ်အနည်းငယ်ခန့်က မော် ပြောခဲ့သည့် ဥယျာဉ် နိုင်ငံတော်ကြီး ဘဝနှင့် ပို၍ နီးလာပြီ။

ကျွန်တော်တို့ ရောက်လေရာရာတွင် နှစ် အတန်ကြာ မမြင်ခဲ့ရသော အနောက် နိုင်ငံသားများကို လူများက တအံ့တသြ ကြည့်ကြသည်။

ထိုကာလမှာ 'ပင်ပေါင် မတိုင်မီ ခေတ်' ဖြစ်သည်။

ဝန်ကြီးချုပ် ချူအင်လိုင်းက ကျွန်တော့်ကို ပထမဆုံး ပြန်လည် ကြိုဆိုဧည့်ခံသည်မှာလည်း ပင်ပေါင် ရိုက်ပွဲ တစ်ပွဲမှာပင် ဖြစ်သည်။

၁၉၇၀ ခု ဩဂုတ်လ ၁၈ ရက်နေ့က ဖြစ်ပါသည်။ မြောက်ကိုရီးယားနှင့် တရုတ် အသင်းတို့၏ စားပွဲတင် တင်းနစ် ပြိုင်ပွဲသို့ ကျွန်တော်တို့ကို ဖိတ်သည်။ သို့ရာတွင် ညစာစားပွဲ တစ်ခုသို့ သွားရန် ရှိနေသဖြင့် ကျွန်တော်တို့က ငြင်းလိုက်ကြရသည်။ ဘဲကင် စားနေကြစဉ် ကျွန်တော့် မိတ်ဆွေ ရောင်ဝေ (ယခင် ဖွန့်စားခန်းမှာ ကျွန်တော်နှင့် လိုက်ပါသူ) က 'ခရီး သွားဖို့ အဆင်သင့် ပြင်ထားပါ' ဟု တယ်လီဖုန်းဖြင့် ကျွန်တော်တို့ကို လှမ်းပြောသည်။ အမိန့်ပေးသည့် ပုံမျိုး ပေါ်နေသည်။

ဝန်ကြီးချုပ်ထံက ဖြစ်မည်ဟု ကျွန်တော် တွေးမိသည်။ တွေးသည့်အတိုင်းလည်း မှန်သည်။ လူတစ်သောင်း ကြည့်နိုင်သည့် လှပသော စားပွဲတင် တင်းနစ် ကစားရုံသစ်ကြီးတွင် ဒိုင်လူကြီး လုပ်နေသော ဝန်ကြီးချုပ်ကို တွေ့ရသည်။ သူနှင့် အတူ အသက် ရှစ်ဆယ်ကျော် ဒုတိယ သမ္မတ တုန်ပေဝူး၊ မင်းသားကြီး သီဟာနု၊ ၎င်း၏ ချစ်စဖွယ် ကြင်ရာတော်၊ တပ်မတော် ဦးစီးချုပ် ဝမ်ယုံရှင်း၊ ဒုတိယ ဥက္ကဋ္ဌ လီစင်ညင်းနှင့် တကွ အခြားသော ပုဂ္ဂိုလ်ကြီးများလည်း ရှိကြသည်။

ကျွန်တော်တို့ ရောက်ပြီး မကြာမီတွင် ဝန်ကြီးချုပ်သည် နေရာမှ ထသွားသည်။ ခဏ ကြာလျှင် အောက်ထပ် ဧည့်ခန်းဆောင် တစ်ခုသို့ လာရန် ခေါ်သဖြင့် လိုက်သွားရသည်။

ဝန်ကြီးချုပ်က ကျွန်တော့်ကို စောင့်နေပါသည်။ ဝန်ကြီးချုပ်သည် ခါတိုင်းကဲ့သို့ ဉာဏ်ရွှင်မြဲ ဖြစ်သည်။ သူ့ဆံပင်တွေက ငွေရောင်သန်းစ ပြုနေ

mgyoe.com

mgyoe.com SAMPLE BOOK

ပြီ။ စပို့ရှပ်ပါးပါး၊ မီးခိုးရောင် ဘောင်းဘီပွ၊ ခြေအိတ် အဖြူနှင့် လွှာဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ အသက် ၇၂ နှစ် ရှိပြီ ဖြစ်သည့် ချူက လှိုက်လှဲစွာ နှုတ်ဆက်သည်။ ကျွန်တော့် ခရီးစဉ်များ အကြောင်းကို မေးသည်။ မကြာမီ နိုင်ငံရေး အကြောင်းသို့ ရောက်ကြသည်။ ပွဲစဉ် မဆုံးမီ ပြန်ထိုင်နိုင်ရန် အတွက် ဆက်သားများက ကစားပွဲ အမှတ်များကို မကြာခဏ လာပြောကြသည်။ တရုတ် ခေါင်းဆောင်များက ဧည့်သည်များနှင့် အတူ ဆင်း၍ ကစားသူများကို လက်ဆွဲ နှုတ်ဆက်ခြင်း၊ ချီးကျူးခြင်း၊ အတူတကွ ဓာတ်ပုံ အရိုက်ခံခြင်းတို့ဖြင့် ဤပွဲများကို အဆုံးသတ်လေ့ ရှိသည်။

ဝန်ကြီးချုပ်က အမေရိကန် ပြည်ထောင်စုနှင့် ပတ်သက်သည့် မေးခွန်းများစွာကို မေးသည်။ အမေရိကန်သည် ပြည်တွင်း စီးပွားရေး၊ နိုင်ငံရေး ပြဿနာများဖြင့် အကျပ်ဆိုက်လျက် ရှိပြီ။ ထို့ကြောင့် 'အာရှတွင် စစ်ရေး စွန့်စားမှု အသစ် တစ်ရပ်' မလုပ်နိုင်တော့ပြီဟု ဝန်ကြီးချုပ် ချူ တွေးတောနေသလော မပြောတတ်။ ဝန်ကြီးချုပ် ချူက ထိုပြဿနာကို ကျွန်တော့်ဘာသာ ကျွန်တော် ဖြေရန် ပြောပြီးနောက် တရုတ်ပြည် အဖို့ မြောက်ဘက်မှ ဒုတိယ ခြိမ်းခြောက်မှု တစ်ခု ရှိနေပြီဟု သတိပေးသည်။ ထိုခြိမ်းခြောက်မှုမှာ တရုတ်ပြည် နယ်စပ်တွင် ဆိုဗီယက်တပ် တစ်သန်း စုရုံးနေသည့် ကိစ္စ ဖြစ်သည်။

'အကယ်၍ တရုတ်ပြည်ဟာ ပြေလည်ရေး လမ်းစကို ရှာနေတယ် ဆိုရင် ရုရှနှင့် ဖြစ်ဖြစ် အမေရိကန်နှင့် ဖြစ်ဖြစ် ဆွေးနွေး စေ့စပ် ဖြေရှင်းဖို့ အလားအလာ ကောင်းလာနိုင်ပါသလား'

ကျွန်တော်က မေးပါသည်။

'ကျွန်တော်လည်း ဒီမေးခွန်းကို ကိုယ့်ဘာသာကိုယ် ပြန်မေးနေပါတယ်' ဟု ဝန်ကြီးချုပ်က ပြောသည်။

ပင်ပေါင်ပွဲမှ အမှတ်များ ရောက်လာသဖြင့် ကစားပွဲများ ပြီးခါနီးကြောင်း သိရသည်။ ကျွန်တော်၏ နောက်ဆုံး မေးခွန်းနှင့် ပတ်သက်၍ နောက်တစ်ခါ ပြန်တွေ့ကြသည့် အခါ ဆက်ပြောမည်ဟု ဝန်ကြီးချုပ်က ပြောသည်။

ကျွန်တော်တို့ ကော်ဖီ သောက်ပြီးနောက် ပြိုင်ပွဲဝင်သူများနှင့် လက်ဆွဲ နှုတ်ဆက်ရန် ထလာခဲ့ကြသည်။

အောက်တိုဘာလ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် ခဏတစ်ဖြုတ် တွေ့လိုက်ရသည်။ တရုတ်–အမေရိကန် ဆွေးနွေးပွဲများ ပြန်လည် ကျင်းပရန် အမေရိကန်က ကမ်းလှမ်းထားကြောင်း၊ သို့ရာတွင် တရုတ်ပြည်က စိတ်ဝင်စားခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

မရှိကြောင်းဖြင့် ဝန်ကြီးချုပ်က ကျွန်တော့်ကို ထိုစဉ်က ပြောလိုက်သည်။ ထို နောက်တွင် ကျွန်တော်လည်း မေးခွန်း အချို့ကို စာဖြင့် ရေးထားခဲ့ပြီး ခရီး ထွက်လာခဲ့သည်။ ပီကင်း ပြန်ရောက်ပြီးနောက် နိုဝင်ဘာ ၅ ရက်နေ့တွင်မူ ပြည်သူ့ ခန်းမဆောင် ဖူကျင့် ခန်းမတွင် ဝန်ကြီးချုပ်က ကျွန်တော့်အား လေး နာရီ ကြာမျှ တွေ့ဆုံ စကားပြောခွင့် ပေးသည်။ အခါတိုင်းကဲ့သို့ပင် ဝန်ကြီး ချုပ်၌ အရေးကြီးသည့် ပြောစရာ စကားများ ရှိနေသည်။ သို့ရာတွင် သူ အရေးကြီးဆုံး ထား၍ ပြောသည့် ကိစ္စမှာ ပီကင်း မြို့တွင် ပြုလုပ်ဖွယ် ရှိသည့် တရုတ်-အမေရိကန် ဆွေးနွေးပွဲ ကိစ္စ ဖြစ်သည်။

တရုတ်တို့ဘက်က အမေရိကန် အနေဖြင့် တိုင်ဝမ်မှ လက်နက်များနှင့် သင်္ဘောများကို ရုပ်သိမ်းပေးရမည် ဟူသော အချက်ကို ထိပ်ဆုံး တင်ထားဆဲ ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်က မော်နှင့် ကျွန်တော် ပြောခဲ့သည့် စကားများထဲမှ ဝါကျ အချို့ကိုသာ တိုက်ရိုက် ကောက်နုတ် ကိုးကားရန် ဥက္ကဋ္ဌ မော်က ခွင့် ပြုခဲ့ဖူးသည်။ 'ကမ္ဘာ့ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ ထိန်းသိမ်းချင်တယ်၊ စစ် ကို ကျွန်တော်တို့ မလိုလားဘူး၊ လူမျိုးများ အချင်းချင်းကြား အငြင်းပွားမှု တွေကို စစ်နှင့် မဖြေရှင်းသင့်ဘူးလို့ ကျွန်တော်တို့ ခံယူတယ်၊ ဒါပေမဲ့ ငြိမ်း ချမ်းရေးကို ထိန်းသိမ်းဖို့ဟာ တရုတ်ပြည် တစ်ပြည်တည်းမှာသာ တာဝန် ရှိ တာ မဟုတ်ဘူး၊ အမေရိကန် ပြည်ထောင်စုမှာလည်း တာဝန် ရှိတယ်' ဟူသော စကားရပ်များ ပါဝင်သည်။ 'တိုင်ဝမ် ကိစ္စဟာ တရုတ်ပြည်ရဲ့ ကိစ္စ ဖြစ်တယ်၊ ဒါကို ကျွန်တော်တို့ နောင်မှာလည်း ပြောမယ်' ဟု သူက ထပ်လောင်း ပြော လိုက်သည်။

ယခုလည်း ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၆၅ ခုနှစ်များ အတွင်းက ကျွန်တော့် အား ပြောလိုက်သော စကားများကို ချူက ထပ်ပြောပြန်သည်။ 'တိုင်ဝမ် ကိစ္စဟာ တရုတ်ပြည်ရဲ့ ပြည်တွင်းရေး ကိစ္စ ဖြစ်တယ်၊ ဒါကြောင့် ဒီကိစ္စကို တရုတ် လူမျိုးများကသာ ဖြေရှင်းရမယ်၊ တိုင်ဝမ်ကို အမေရိကန်က လက်နက် ကိုင် ကျူးကျော်နေတဲ့ ကိစ္စကတော့ ဒီလို မဟုတ်ဘူး၊ နိုင်ငံတကာ ပြဿနာ ဖြစ်တယ်၊ ဒီပြဿနာကို ဆွေးနွေး ဖြေရှင်းဖို့ ကျွန်တော်တို့ အဆင်သင့် ရှိတယ်' ဟု ချူက ပြောသည်။

ထို့ပြင် သတင်း အချို့ကိုလည်း ချူက ပေးသည်။ ၁၉၆၉ ခု သမ္မတ နစ်ကဆင် အာဏာ ရလာသည့် အခါတွင် တင်းမာမှုများကို လျှော့ပါးစေလိုသော ဆန္ဒ ရှိကြောင်း၊ တရုတ်ပြည်နှင့် စေ့စပ် ဆွေးနွေးလိုကြောင်းဖြင့် နစ်ကဆင်က

mgyoe.com

mgyoe.com
SAMPLE BOOK

ကြေညာခဲ့သည်ကို ချူက ထောက်ပြသည်။ ထိုမှုမကာ ဝါဆောတွင် ဆွေးနွေးခြင်း မပြုလိုလျှင် ဆွေးနွေးပွဲများကို ပီကင်းတွင် ကျင်းပနိုင်သည်ဟု နစ်ကဆင်က ပီကင်းကို အကြောင်းကြားခဲ့ကြောင်း၊ ပီကင်းက ကောင်းပြီဟု အကြောင်း ပြန်ခဲ့ကြောင်း၊ တိုင်ဝမ် ကိစ္စကို ဆွေးနွေးရန် အတွက် နစ်ကဆင် ကိုယ်တိုင် လာနိုင်ကြောင်း၊ သို့မဟုတ်လျှင်လည်း ကိုယ်စားလှယ် တစ်ဦးကို စေလွှတ်နိုင် ကြောင်း။

သို့ရာတွင် နစ်ကဆင်ထံမှ မည်သည့် ပြန်ကြားချက်ကိုမျှ မရခဲ့ကြောင်း၊ ထို့နောက် ၁၉၇၀ ခုလောက်တွင် ကမ္ဘောဒီးယားကို ကျူးကျော်မှု ပေါ်ပေါက် လာခဲ့ကြောင်း၊ နစ်ကဆင်၏ စကားကို အတည် ယူ၍ မဖြစ်တော့ဟု တရုတ် တို့ ဘက်မှ ယူဆကြောင်း စသည်တို့ကို ပြောပြသည်။

'တံခါးတော့ ဖွင့်ထားတုန်းပဲ မဟုတ်လား' ဟု ကျွန်တော်က မေးသည်။

'တံခါးတော့ ဖွင့်ထားတုန်းပါ၊ ဒါပေမဲ့ ဒါကလည်း တိုင်ဝမ် ပြဿနာ မှာ အမေရိကန် ပြည်ထောင်စုက အလေးအနက် ထား မထားပေါ်မှာ တည် တယ်'

ပီကင်းနှင့် ဝါရှင်တန် ကြားရှိ အခြား ပြဿနာများမှာမူ 'လက်အောက်ခံ ပြဿနာများ' သာ ဖြစ်သည်ဟု သူက ထပ်လောင်း ပြောသည်။

ဤတွင် ကျွန်တော်တို့ စကားဝိုင်းကို အဆုံးသတ်ကြသည်။ 'ငြိမ်းချမ်း ရေး စကား' ကို ပရိယာယ် တစ်ရပ် အဖြစ် တရုတ်တို့က မြင်ပုံ ရသည်။ အခြား စကားများကို ထောက်လျှင် ဤအချက်ကို သိနိုင်သည်။ အရှေ့တောင် အာရှတွင် နစ်ကဆင်၏ ပရိယာယ်များကိုသာမက အရှေ့ အာရှတွင် အမေရိ ကန်၏ ရေ့တန်း 'ခံစစ်ကြောင်း' အဖြစ် အသုံးချရန် ဂျပန်၏ စစ်အင်အားကို ဖြည့်တင်း တည်ဆောက်ပေးနေသော နစ်ကဆင်၏ လှုပ်ရှားမှုများကိုပါ တရုတ် တို့က စောင့်ကြည့်လျက် ရှိသည်။ တရုတ်နှင့် ပူးတော့မည့်ပုံ လုပ်ပြခြင်းဖြင့် တရုတ်ကို အသုံးချကာ ရုရှနှင့် အပေးအယူ လုပ်နိုင်ဖို့ အချက်ကောင်း စောင့် နေသည့် နစ်ကဆင်၏ ရွှေ့ကွက်ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေ သည်။

ဝန်ကြီးချုပ်က ပွင့်လင်း ဖျတ်လတ်စွာ ပြောတတ်သဖြင့် ကျွန်တော် တို့၏ တရားဝင် တွေ့ဆုံမှု မည်သည့် အချိန်တွင် ကုန်သွားတတ်သည်ကို မသိ လိုက်သည်က များသည်။ ထို့နောက်တွင်မူ ပုံနှိပ် ဖော်ပြ၍ မရသော စကားများ ကို ပြောကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် မှတ်ထားသော မှတ်စုများကို အခြေခံ၍ ကျွန်တော်က ဝန်ကြီးချုပ်၏ စကားများကို အကျယ် ချဲ့ရေးသည်။ ပြီးမှ ပြင်ဆင်စရာ ရှိက ပြင်ရန် ဝန်ကြီးချုပ်ထံ ပို့လိုက်သည်။ တစ်ပတ်လောက် ကြာမှ အတည် ပြုချက် ပြန်လာသည်။ တရားဝင် အတည်ပြုလိုက်သော သူ၏ စကားများထဲ၌ အထက်တွင် ကျွန်တော် စာလုံးမည်းဖြင့် ဖော်ပြခဲ့သော အချက်များကို ဝန် ကြီးချုပ်က ဖျက်ထားသည်။ ထိုရက်သတ္တပတ် အတွင်း၌ ပါကစ္စတန် သမ္မတ ယာယာခန် တရုတ်ပြည်သို့ ရောက်လာသည်။ ယခု အချိန်တွင် သိကြပြီး ဖြစ် သည့် အတိုင်း သမ္မတ ယာယာခန်က သမ္မတ နစ်ကဆင်၏ စာတစ်စောင်ကို ယူလာခဲ့သည်။ ထိုစာ၌ ပီကင်းသို့ မိမိ လာရောက်ရေး ကိစ္စကို တရားဝင် တင်ပြထားကာ ရှေ့ပြေး အဖြစ် 'တိုင်ဝမ် ပြဿနာကို ဆွေးနွေးရန်' အာဏာ ကုန် အပ်နှင်းထားသည့် သံတမန် တစ်ဦး (မစ္စတာ ဟင်နရီ ကစ်ဆင်းဂျား) ကို စေလွှတ်မည့် အကြောင်း ပါရှိသည်။

ရက်သတ္တပတ် အနည်းငယ် ကြာသော အခါ မကြာမီ အတောအတွင်း နစ်ကဆင်၏ ကိုယ်စားလှယ် ထွက်ခွာလာတော့မည် ဖြစ်ကြောင်းဖြင့် ဥက္ကဋ္ဌ ကြီး မော်ထံမှ ကျွန်တော် သိရသည်။

ကျွန်တော့်ကို အဘယ်ကြောင့် ဤသို့ ယုံယုံကြည်ကြည် အသိပေး သနည်းဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်း ထုတ်ကြည့်ပါသည်။

၁၉၃၆ ခုနှစ်တုန်းက တရုတ်ပြည် အနောက်မြောက်ပိုင်းရှိ ဒေသနီထဲ သို့ ကျွန်တော် တိတ်တဆိတ် ဝင်လာခဲ့ကာ တိတ်တဆိတ် ထွက်လာခဲ့ဖူးသည်။ ထိုစဉ်က ချန်ကေရှိတ်၏ ဒုစစ်ဦးစီးချုပ် ချန်ဆိုးလျံသည် ပြည်တွင်းစစ် ရပ်စဲ ရေး၊ ဂျပန် ဆန့်ကျင်ရေး တပ်ပေါင်းစု တစ်ခု ဖွဲ့စည်းရေး အတွက် ချန်ကေ ရှိတ်ကို အကျပ်ကိုင်ရန် အနီများနှင့် တိတ်တဆိတ် သဘောတူညီချက် ယူခဲ့ သည်။ ထိုသတင်းကို ကျွန်တော် ရခဲ့သော်လည်း သိုဝှက်ထားခဲ့သည်။ ယခု သတင်းကို အဘယ်ကြောင့် ကျွန်တော် ဦးဦးဖျားဖျား သိရသနည်း ဆိုသည့် ကိစ္စ၌လည်း လုံလောက်သော အကြောင်း ရှိပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# ၃

## ယဉ်ကျေးမှု တော်လှန်ရေး၏ အနှစ်သာရ

ပါတီနှင့် နိုင်ငံတော် အထက်ထပ် အဆောက်အအုံ ပြန်လည် တည်ဆောက်ရေး ပြဿနာနှင့် ပတ်သက်၍ ဥက္ကဋ္ဌကြီး မော် စဉ်းစားလျက် ရှိကြောင်းကို ကျွန်တော် ပြောခဲ့ပြီးပြီ။ ပါတီနှင့် နိုင်ငံတော် အထက်ထပ် အဆောက်အအုံကို အဘယ်ကြောင့် ပြန်လည် တည်ဆောက်ရန် လိုပါသနည်း။ မေးခွန်းက တိုတိုကလေး ဖြစ်သော်လည်း အဖြေက ရှည်ရှည် ဖြေဖို့ လိုသည်။

ဤအကြောင်းကို နောင်တွင် ကျွန်တော် ဖော်ပြပါမည်။

သို့ရာတွင် အစိုးရ အဖွဲ့ကို မဟုတ်သည့်တိုင် တရုတ် ကွန်မြူနစ် ပါတီကို ယာယီ ဖျက်သိမ်းပစ်ရသည့် အခြေသို့ ရောက်စေခဲ့သည့် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့သည့် အကြောင်း အချို့ကိုမူ ယခု ကျွန်တော် တင်ပြလိုသည်။

၁၉၆၆ ခုနှစ်လောက်တွင် ကျယ်ပြန့်သည့် အပုပ်ချပွဲကြီး တစ်ရပ်ကို မော် ကိုယ်တိုင် ကြီးကြပ် လုပ်ဆောင်ခဲ့သည်။ ၁၉၆၉ ခု ဧပြီလတွင် ကိုးကြိမ်မြောက် ပါတီ ကွန်ဂရက်က လက်ကျန် အမှုတောကို 'သွေးသစ်' များဖြင့် ထပ်လောင်း၍ ဗဟို ကော်မတီ အသစ် တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုအခါကျမှ အပုပ်ချပွဲကြီး ပြီးဆုံးတော့သည်။

ယခု အချိန်၌ ပါတီဝင်ဟောင်း ၉၅ ရာခိုင်နှုန်းကို ပါတီတွင်းတွင် ပြန်လည် သွတ်သွင်းပြီး ဖြစ်သည်ဟု ၁၉၇၀ ခု နိုဝင်ဘာလတွင် ချူအင်လိုင်းက ကျွန်တော့်ကို ပြောခဲ့သည်။ (၁၉၆၆ ခုနှစ် ပါတီဝင်ပေါင်း သန်းနှစ်ဆယ်ခန့် ရှိသည့် အနက် ရှစ်ဆယ် ရာခိုင်နှုန်းမှာ တော်လှန်ရေး ပြီးမှ ဝင်လာသော လူသစ်များ ဖြစ်သည်ဟု ဆိုသည်။) ပါတီတွင်းသို့ သွတ်သွင်းပြီး ဖြစ်သော်



mgyoe.com

mgyoe.com SAMPLE BOOK

လည်း တာဝန် ပေးခြင်း မရှိသေး။ 'တိုက်ခိုက်၊ ဝေဖန်၊ ပြုပြင်' ဟူသော အဆင့် သုံးဆင့် ပြီးသည် အထိ စောင့်နေကြရသေးသည်။

မော်၏ ရည်ရွယ်ချက်မှာ 'အုပ်ချုပ်ရေး ယန္တရားကို ပို၍ လွယ်ကူ ရှင်းလင်းစေရေး' နှင့် 'နှစ်ခွ သဘောထားများကို ပယ်ဖျက်ရေး' တို့ ဖြစ်သည်။ ပြည်နယ်နှင့် မြို့ကြီးများတွင် အုပ်ချုပ်ရေး အဖွဲ့၏ အာဏာကို အတော်အသင့် လောက်သာ လျှော့ချသော်လည်း ပီကင်းတွင်မူ ဗဟို အစိုးရ ယန္တရားကို အကြီးအကျယ် ချုံ့ပစ်လိုက်သည်။ ဥပမာအားဖြင့် ယခင်က ဒုတိယ ဝန်ကြီးချုပ် ခုနစ်ယောက် ရှိခဲ့ရာမှ ဒုတိယ ဝန်ကြီးချုပ် နှစ်ယောက်သာ ရှိတော့သည်ဟု ၁၉၇၁ ခုနှစ်ဦးပိုင်းတွင် ဝန်ကြီးချုပ် ချူအင်လိုင်းက ကျွန်တော့်ကို ပြောပြသည်။

'အရင်တုန်းက ဗဟို အစိုးရရဲ့ လက်အောက်မှာ ဝန်ကြီး ဌာန ကိုးဆယ် ရှိတယ်၊ ခုတော့ ၂၆ ခုပဲ ရှိတော့မယ်' ဟု ဝန်ကြီးချုပ်က ပြောပါသည်။ 'ခု လောလောဆယ်တော့ ဒီဌာနတွေကို တော်လှန်ရေး ကော်မတီတွေကပဲ ဦးဆောင်နေတယ်၊ ပါတီဝင်တွေကတော့ တော်လှန်ရေး ကော်မတီထဲမှာ အမာခံ ခေါင်းဆောင်တွေပေါ့လေ၊ အရင်တုန်းက ဗဟို အစိုးရ အဖွဲ့ထဲမှာ အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ် ခြောက်သောင်း ရှိတယ်၊ ခုတော့ တစ်သောင်းလောက်ပဲ ရှိတော့တယ်'

သို့ဖြစ်လျှင် ဖယ်ရှားခံရသည့် ကေဒါများ ဘယ်ရောက်ကုန်ကြသနည်း။ တော်တော်များများ ကျေးလက်သို့ ရောက်သွားကြပြီ။

သို့ရာတွင် အပေါ်ထပ် အဆောက်အအုံက ဤပြုပြင် ပြောင်းလဲမှုများသည် အမျိုးသား အုံကြွမှုကြီး၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။ မော်၏ အခြေခံ ရည်ရွယ်ချက်မှာ ပါတီ အတွေးအခေါ်ကို ပစ္စည်းမဲ့ ဆန်အောင် လုပ်ရန် ဖြစ်သည်။ ထိုမျှမက သူတို့ ကိုယ်တိုင် အာဏာကို တကယ် ယူနိုင်အောင် ပစ္စည်းမဲ့ လူတန်းစားကို တွန်းတင်ရန် ဖြစ်သည်။ ဤသို့ ပစ္စည်းမဲ့ လူတန်းစား ကိုယ်တိုင်က အာဏာကို သိမ်းယူနိုင်ရန် ကြိုးပမ်းနေရင်း တစ်ဖက်ကလည်း မြေရှင်နှင့် ဓနရှင် အစဉ်အလာတို့ ကင်းစင်သော ယဉ်ကျေးမှု အသစ်တစ်ရပ်ကို ဖန်တီးရန် ဖြစ်သည်။

သူကိုယ်တိုင် တည်ဆောက်ခဲ့သော ပါတီကို အပျက်ခံ၍ မော်စီတုန်း စွန့်စွန့်စားစား လုပ်ခဲ့ခြင်းမှာ ဤရည်ရွယ်ချက် အောင်မြင်ရေး အတွက်မှ အပ အခြား မည်သည့် အတွက်မျှ မဟုတ်။ မူလက မော်၏ ရည်ရွယ်ချက်မှာ 'လက်တစ်ဆုပ်စာ လူတစ်စု' ကိုသာ အာဏာမှ ဖယ်ရှားပစ်ရန် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK
သို့ရာတွင် အရှိန် ပြင်းလာသော အခါ၌ ကေဒါဟောင်း၊ ခေါင်းဆောင်ဟောင်း တွေ အပြင် မော်၏ ရဲဘော်ဟောင်းတွေပါ ပါကုန်တော့သည်။ ထိုအထဲတွင် ၁၉၅၉ ခုနှစ်တုန်းက နိုင်ငံ အကြီးအကဲ အဖြစ် မော်ကို ဆက်ခံခဲ့သည့် လျူ ရှောက်ချီ စသူတို့လည်း ပါကုန်တော့သည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရ သနည်း။ မည်သို့ ဖြစ်ကုန်သနည်း။

မော်သည် ၁၉၃၅ ခုနှစ် ကတည်းက အရေးကြီးသည့် ပါတီ ခေါင်း ဆောင် ဖြစ်လာခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ပါတီ၏ တရားဝင် ဥက္ကဋ္ဌ ဖြစ် လာခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် လျူသည် မော်၏ ပထမ လက်ထောက် ဖြစ် လာသည်။ သို့ရာတွင် ၁၉၆၄ ခုနှစ်တွင်ကား မော်ကို 'ဆက်ခံမည့်သူများ' တည်ဆောက်ခဲ့သည့် ပါတီ ယန္တရားနှင့် တကွ အစိုးရ ယန္တရား၌ပါ နေရာ တော်တော်များများတွင် မော်၏ ဩဇာသည် သိသိသာသာ ကျဆင်းသွားခဲ့ သည်။ အစိုးရနှင့် ပါတီ ယန္တရားကို မော် မထိန်းနိုင်တော့။

၁၉၆၅ ခုနှစ်တွင်မူ မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးကို လှုံ့ဆော်သည့် အလွန် အရေးကြီးသော စာတမ်း တစ်စောင်ကို ပီကင်းရှိ ပါတီ စာနယ်ဇင်းများတွင် ပုံနှိပ်ရန် ညွှန်ကြား၍ပင် မရတော့ဟု ကျွန်တော့် ကို ၁၉၇၀ ခုနှစ်က ပြောပြခဲ့သည်။

ထို့ကြောင့် မော်သည် ထိုစာတမ်းကို ရှန်ဟဲတွင် သွား၍ ပုံနှိပ် ထုတ် ဝေရသည်။ 'အရေးကြီးသော စာတမ်း' မှာ အခြား မဟုတ်၊ 'ဟိုင်ယွီ ရာထူး ထုတ်ခံရခြင်း' ဆိုသည့် ဝူဟာန်၏ ပြဇာတ်ကို ဝေဖန်သော စာတမ်း ဖြစ်သည်။ ထိုပြဇာတ်မှာ ၁၉၅၉ ခု လူရှန် ဗဟို ကော်မတီ အစည်းအဝေးတွင် ကာကွယ် ရေး ဝန်ကြီး ပိန်တေ့ဟွိုင်ကို ရာထူးမှ ဖယ်ရှားပြီး ၄င်း နေရာတွင် လင်းပြောင် ကို အစားထိုးသည့် အတွက် မော်စီတုန်းကို စောင်းပါးရိပ်ခြည် တိုက်ခိုက် ထားသည့် ပြဇာတ် ဖြစ်သည်။

ထိုပြဇာတ် ဝေဖန်ရေး စာတမ်းကို ပုံနှိပ် ထုတ်ဝေခြင်း မပြုရန် ကန့် ကွက်သူများထဲတွင် လျူရှောက်ချီ၊ ပီကင်း မြို့တော်ဝန် ပိန်ကျင်း၊ ပါတီ ဝါဒ ဖြန့်ချိရေး ဌာန တာဝန်ခံ လူတင့်ယီနှင့် လျူ၏ လက်ထောက် ချူယန်းတို့လည်း ပါသည်။ အလုပ်သမား သမဂ္ဂများ၊ ပါတီ သင်တန်းကျောင်းများ၊ ကွန်မြူနစ် လူငယ် အဖွဲ့များ၊ သန်းပေါင်း များစွာသော ပါတီ ကေဒါများနှင့် ဗျူရိုကရက် များ စသည့် အပေါ်ထပ် အဆောက်အအုံ တစ်ခုလုံးကို ကြိုးကိုင်နေသူများမှာ လျူရှောက်ချီနှင့် ဗဟို ကော်မတီထဲရှိ သူ၏ မဟာမိတ်များ ဖြစ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စင်စစ် သူတို့ အားလုံးသည် မော်၏ အတွေးအခေါ်ကို လက်ခံသည်ဟု ပါးစပ်က ပြောကြသည်။ ကေဒါ အများစုသည် သူတို့ကိုယ်သူတို့ သစ္စာ ရှိသော မော်ဝါဒီများဟု ထင်ကောင်း ထင်ကြပါလိမ့်မည်။ အထူးသဖြင့် ၁၉၅၉-၆၁ ခုနှစ် စီးပွားရေး အကျပ်အတည်း ကာလ နောက်ပိုင်း၌ လျူနှင့် သူ့ရဲဘော်များသည် မော် ကိုးကွယ်မှုကို အယူအဆ အရသာ လက်ခံနေသော်လည်း လက်တွေ့တွင် မော် အတွေးအခေါ်ကို ဘေးဖယ်ထားကြပုံ ရသည်။ သူတို့က စီးပွားရေးကို လူထက် ဦးစားပေးလိုသည်။ စိတ်ဓာတ်ထက် ရုပ်ဝတ္ထု မက်လုံးများကို အသားပေးလိုသည်။ ကုန်ထုတ်လုပ်မှုကို လူတန်းစား တိုက်ပွဲ မပါဘဲ တွန်းတင်ချင်သည်။ 'ပါရဂူ' များ အားကိုးဖြင့် စက်မှု အတတ်ပညာကို ဖြန့်လိုသည်။ စက်မှု အတတ်ပညာကို အကျိုးပြုရေး အတွက် စီးပွားရေးကို နိုင်ငံရေး အထက်က ထားချင်သည်။ ထို့ပြင်မက ကျေးလက်ထက် မြို့ပြကို ဦးစားပေးသည်။ အရင်းအနှီးကို စုဆောင်းရာ၌ ရှေ့သို့ ခုန်ပျံ ကျော်လွှား တိုးတက်မှုနှင့် အတွေးအခေါ်ထက် အစိုးရ၏ အမတော်ကြေး (အစိုးရကြွေး) များ ပေးရေးကို လိုလားသည်။

ဤသည်တို့မှာ ယဉ်ကျေးမှု တော်လှန်ရေးက တင်ပြလိုက်သော စွဲချက်များ ဖြစ်သည်။

မော်နှင့် လျူ၏ ပဋိပက္ခသည် ၁၉၅၉ ခုနှစ် ပိန်တေ့ဟွိုင်ကို ဖြုတ်ပြီး လင်းပြောင်ကို အစားထိုးသည့် ကိစ္စ မတိုင်မီ အစောကြီးကတည်းက ရှိနေခဲ့သည်။ စင်စစ် ပိန်တေ့ဟွိုင်ကို ဖြုတ်သည့် ကိစ္စသည် တဖြည်းဖြည်း အားကောင်းလာသည့် လျူ ခေါင်းဆောင်သော မြို့ပြ အခြေခံ ဗျူရိုကရေစီကို တိုက်ရတော့မည်ဟု ကြိုတင် မြင်သဖြင့် ပထမဆုံး အတိအလင်း ထိုးလိုက်သော မော်၏ တိုက်ကွက် တစ်ကွက်မျှသာ ဖြစ်သည်။ လင်းပြောင်မှာ မော်၏ စစ်တပ်ထဲက သစ္စာ အရှိဆုံး သာဓက ဖြစ်၍ ၁၉၃၅ ခုနှစ်ကတည်းက မော် ကြီးကြပ်ခဲ့သော ပါတီ ကော်မရှင်၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သည်။

လျူသည် နိုင်ငံတော် အကြီးအကဲ ဖြစ်သဖြင့် မော် ပါတီ ဥက္ကဋ္ဌ ဖြစ်နေစဉ်မှာပင် အရပ်သား ပါတီ ကေဒါများကို ချုပ်ကိုင်ထားနိုင်ကောင်း ထားနိုင်လိမ့်မည်။ သို့ရာတွင် နောက်ဆုံးပိတ် စာရင်း ရှင်းကြတော့မည် ဆိုလျှင် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်သည် မော့် လက်ထဲတွင် 'ဝှက်ဖဲ' ဖြစ်နေသည်။ စစ်တပ်ကို လင်းပြောင် ကိုင်နိုင်လျှင် ထိုဝှက်ဖဲသည် မော့် လက်က ထွက်တော့မည် မဟုတ်။



mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် မော်သည် အဖြစ်အပျက်များကို စောင့်ကြည့်မြဲ ကြည့်သည်။ အဖြစ်အပျက်က အခြေအနေကို ပြဌာန်းလိမ့်မည်ဟု ယူဆထားပုံ ရသည်။ လျူ ကိုယ်တိုင် သူ့လူများကို သူ အပုပ်ချရန် လျူကို သိမ်းသွင်း၍ ရနိုင်သေးသည် ဟု နောက်ဆုံး အချိန် အထိ မျှော်လင့်ထားပုံ ရသည်။ နောက်ဆုံး မတတ်သာ တော့မှ သူ့ မျှော်လင့်ချက်ကို စွန့်လိုက်ခြင်း ဖြစ်သည်။

'လျူကို တိုက်ဖို့ ဦးကြွှကြီး ဘယ်အချိန်မှာ ယတိပြတ် ဆုံးဖြတ်လိုက် ပါသလဲ'

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တွေ့ကြတုန်းက ကျွန်တော်က မေးခဲ့ သည်။

၁၉၆၅ ခုနှစ် ဇန်နဝါရီလထဲကျမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု မော်က ပြောသည်။ ထိုအချိန်က မော်သည် ယဉ်ကျေးမှု တော်လှန်ရေး အတွက် လုပ် ငန်းစဉ် တစ်ခုကို ပေါ်လစ်ဗျူရိုသို့ တင်ပြခဲ့သည်။ ဤလုပ်ငန်းစဉ်မှာ ဆိုရှယ် လစ် ပညာရေး လှုပ်ရှားမှု လုပ်ငန်းစဉ်၏ အဆက် ဖြစ်သည်။ ဆိုရှယ်လစ် ပညာရေး လှုပ်ရှားမှုကို လင်းပြောင်၏ ညွှန်ကြားချက် အရ စစ်တပ်ထဲတွင် စတင်ခဲ့သည်။ ထို့နောက် ကျေးလက် ဘုံအဖွဲ့များသို့ ပျံ့နှံ့သွားသည်။ ထို့ နောက်ကျမှ မြို့ကြီးများတွင် ခပ်ကျဲကျဲ ဆောင်ရွက်ခဲ့သည်။

ဆိုရှယ်လစ် ပညာရေး လုပ်ငန်းစဉ် ပထမ အချက်၌ 'အရင်းရှင်လမ်း လိုက်သည့် ပါတီ အာဏာပိုင်များ' ကို ဝေဖန် အပုပ်ချကာ ဖယ်ရှားပစ်ရန် တောင်းဆိုထားသည်။ ထိုအချက်သည် လှုပ်ရှားမှုသစ် ဖြစ်သော ယဉ်ကျေးမှု တော်လှန်ရေးတွင်လည်း အဓိက အကျဆုံး အချက် ဖြစ်လာသည်။ လျူသည် အစည်းအဝေးမှာကတည်းက ဤ ပထမ အချက်ကို အပြင်းအထန် ကန့်ကွက် ခဲ့သည်ဟု မော်က ပြောပါသည်။

'ယဉ်ကျေးမှု တော်လှန်ရေး လုပ်ဖို့ ဆုံးဖြတ်တာဟာ ဦးကြွှကြီးနှင့် ကျွန်တော် နောက်ဆုံး တွေ့ကြတဲ့ ၁၉၆၅ ခု ဇန်နဝါရီလထဲမှာ မဟုတ်ဘူး လား'

၁၉၆၅ ခုနှစ် အောက်တိုဘာလထဲတွင် 'ဟိုင်ယွီ ရာထူး ထုတ်ခံရခြင်း' ပြဇာတ်ကို ဝေဖန် ရှုတ်ချခဲ့ပြီး နောက်၌ အရေးအခင်းများ လျင်မြန်စွာ ပေါ် ပေါက်လာခဲ့သည်ဟု ဦးကြွှကြီး မော်က ပြောသည်။

ခပ်စောစောပိုင်း ၁၉၆၄ ခုနှစ် အတွင်းတွင် ပေါ်လစ် ဗျူရိုက ယဉ် ကျေးမှု တော်လှန်ရေး အစုကို ဖွဲ့စည်းပေးခဲ့သည်။ ခေါင်းဆောင်မှာ ပီကင်း

mgyoe.com SAMPLE BOOK

မြို့တော်ဝန် တန်ခိုးကြီးသော ပီကင်း ပါတီ ကော်မတီ အတွင်းရေးမှူးနှင့် ပြဇာတ်ရေးဆရာ ဂူဟာန်ကို အကာအကွယ် ပေးသူ ပိန်ကျင်း ဖြစ်သည်။

၁၉၆၆ ခု ဖေဖော်ဝါရီလထဲ၌ မော်နှင့် တကွ မော်ဝါဒကို စောင်းပါး ရိပ်ခြည် တိုက်ခိုက်လျက် ရှိသော ပြဇာတ်ရေးဆရာ ဂူဟာန်နှင့် အခြား စာရေး ဆရာများကို ပိန်ကျင်းက အကာအကွယ် ပေးရန် ကြိုးစားလာသည်။

ထိုစာရေးဆရာများ၏ ရေးသားချက်ကို ဝေဖန်ရာ၌ နိုင်ငံရေး ဝေဖန် ချက်မျိုး မပါဘဲ 'အတတ်ပညာပိုင်း ဆိုင်ရာ ဝေဖန်ချက်မျိုး' များသာ ဖြစ် သင့်သည်ဟု ပိန်ကျင်းက ရှေ့နေ လိုက်ခဲ့သည်။ ဤသို့ လုပ်ရာ၌ ပိန်ကျင်း သည် ယဉ်ကျေးမှု တော်လှန်ရေး ကော်မတီကို မတိုင်ပင်ခဲ့။ မော်ကိုပင်လျှင် တိုင်ပင်၍ လုပ်ခဲ့ခြင်း မဟုတ်။

၁၉၆၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပိန်ကျင်းကို အတိအလင်း ချေပ လိုက်သည်။

ထိုနေ့တွင် ပေါ်လစ်ဗျူရို တိုးချဲ့ အစည်းအဝေး ကျင်းပကာ မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးပါ သေနင်္ဂဗျူဟာ အခင်းအကျင်းကို ချမှတ်ခဲ့သည်ဟု မော်က ကျွန်တော့်ကို ပြောပြသည်။

၁၉၆၆ ခု ဩဂုတ်လထဲတွင် ဗဟို ကော်မတီ ၁၁ ကြိမ်မြောက် စုံညီ အစည်းအဝေး ကျင်းပကာ ယဉ်ကျေးမှု တော်လှန်ရေး 'လုပ်ငန်းစဉ် ၁၆ ချက်' နှင့် အပုပ်ချပွဲ ပြုလုပ်ရန် ဆုံးဖြတ်ချက် ချခဲ့သည်။

'၁၆ ချက် လုပ်ငန်းစဉ်ကို လျူရှောက်ချီက ကန့်ကွက်သေးသလား' ကျွန်တော်က မေးသည်။

မျက်နှာစုံညီ အစည်းအဝေး၌ လျူသည် ဘက်မလိုက်ယောင် ပြုနေသည်။ သို့ရာတွင် တကယ်က အသေအလဲ ဆန့်ကျင်ခဲ့သည်ဟု မော်က ပြောပါသည်။ မော်၏ စာလုံးကြီး ပိုစတာ ထွက်လာသော အခါ၌ကား လျူသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတော့သည်။

'အဲဒီ ပိုစတာက ဌာနချုပ်ကို အမြောက်နှင့် ပစ်ကြ ဆိုတဲ့ ဥက္ကဋ္ဌကြီးရဲ့ ပိုစတာ မဟုတ်လား၊ ဌာနချုပ် ဆိုတာ သူ့ကို ပြောတာမှန်း လျူကလည်း သိ မှာပေါ့'

မှန်သည်။ ထိုစဉ်က ပါတီ အာဏာ၊ ဝါဒ ဖြန့်ချိရေး လုပ်ငန်း အာဏာ၊ ပြည်နယ်နှင့် ဒေသန္တရ ကော်မတီများ၏ အာဏာ၊ ကုန်ကုန် ပြောရလျှင် ပီကင်း ပါတီ ကော်မတီ၏ အာဏာ စသည်တို့သည် မော်၏ ချုပ်ကိုင်မှု အောက်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

မရှိတော့။ ထို့ကြောင့်ပင်လျှင် ၁၉၅၉ ခု ဇန်နဝါရီလတွင် 'ပုဂ္ဂိုလ် ကိုးကွယ်မှု' ဟူ၍ ပြောပလောက်အောင် မရှိသေးကြောင်း၊ သို့ရာတွင် 'ပုဂ္ဂိုလ် ကိုးကွယ်မှု' ရှိဖို့ လိုလာလိမ့်မည် ဖြစ်ကြောင်းဖြင့် မော်က ကျွန်တော့်ကို ပြောခဲ့ခြင်း ဖြစ်သည်။

မော်သည် သူ၏ ကြီးမားသော ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာနှင့် ကျော်စောမှုကို အတိအလင်းပင် စတင် ထုတ်ဖော်လာခဲ့သည်။ ဤသို့ လုပ်ခြင်းမှာ တော်လှန်ရေး စွမ်းအားကို ရှေ့ဆောင်မှု ပေးရာ၌ အပြည့်အဝ ချုပ်ကိုင်မိစေရန် လက်နက်သဖွယ် အသုံးချလို၍ ဖြစ်သည်။

ယခု ၁၉၇၀ ပြည့်နှစ်၌မူ ဤသို့ အသုံးချရန် မလိုတော့။ 'ပုဂ္ဂိုလ် ကိုးကွယ်မှု' သည် သွေးအေးသွားပြီဟု မော်က ပြောသည်။ ပုဂ္ဂိုလ် ကိုးကွယ်မှုကို မော်က ရှေ့တန်း တင်ရခြင်းမှာ ပြည်သူ တစ်ရပ်လုံးကို တော်လှန်ရေး စိတ် ထက်သန်စေရန်၊ ယင်အန်းခေတ် (၁၉၃၇-၄၇) စိတ်ဓာတ်မျိုး ထက်သန် လာစေရန် ဖြစ်သည်။

သူ၏ အရေးကြီးသော ကျမ်းများကို ထိုခေတ်က ရေးခဲ့ခြင်း ဖြစ်သည်။ အဆုံးပိတ် အောင်ပွဲ အတွက် အဆင်သင့် ဖြစ်အောင် သူ့ တော်လှန်ရေး တပ်သားများကို ထိုခေတ်ကတည်းက ခေါင်းဆောင်မှု ပေးခဲ့ခြင်း ဖြစ်သည်။

ယခု အချိန်တွင် ဘက်ပေါင်းစုံ၌ 'နိုင်ငံရေးက အမိန့်ပေး' ရမည်။ မော်၏ သင်ကြားချက်များက ဦးဆောင်ရမည်။ အန္တရာယ် ဝိုင်းနေသော တရုတ်ပြည်သူများကို အမေရိကန် နယ်ချဲ့ ဝါဒနှင့် ဆိုဗီယက် 'ဆိုရှယ်လစ် နယ်ချဲ့ ဝါဒ' ဆိုသည့် အမြွှာညီနောင် ခြိမ်းခြောက်မှု နှစ်ခုမှ ကင်းဝေးလိုလျှင် ပါတီကို အကွဲ မခံနိုင်။ အတွေးအခေါ် လျော့ရဲမှုကို ခွင့်မပြုနိုင်။ တစ်နည်း ဆိုရလျှင် 'ပြည်သူ့စစ်' သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကို အခြေခံကာ ကိုယ့်အား ကိုယ်ကိုးရလိမ့်မည်။ သို့ဆိုလျှင် ဗဟို ချုပ်ကိုင်မှုကို လျှော့ပေးရမည်။ တီထွင်မှု ရအောင်၊ ရှေ့ဆောင်မှုကို ဆုပ်ကိုင်ရဲလာအောင် လူထုများကို လှုံ့ဆော်ရမည်။

မြို့က လူထုများကို လယ်သမားများထံ သွား၍ လေ့လာခိုင်းရမည်။ အပြန်အလှန်အားဖြင့် လယ်သမားများကို မြို့သို့ သွား၍ လေ့လာခိုင်းရမည်။

လူဦးရေ၏ ၇၀ မှ ၈၀ ရာခိုင်နှုန်း ရှိသော လယ်သမားများ၏ လိုအပ်ချက်ကို ဦးစားပေးရမည်။ အရင်းအနှီးကို အလုပ်ဖြင့် ဖန်တီးပြီး လယ်သမားများ ကိုယ်တိုင် စုပေါင်း မြှုပ်နှံရမည်။


mgyoe.com

mgyoe.com SAMPLE BOOK

'ပြည်သူ့ ကျောင်းကြီး' ဖြစ်သော စစ်တပ်၏ ရှေ့ဆောင်မှုဖြင့် ခနရှင် ဩဇာ အကြွင်းအကျန်များကို သုတ်သင်ရမည်။

ချုပ်၍ ပြောရလျှင် အာဏာကို ယူမည့် ပစ္စည်းမဲ့ လူတန်းစား အမွေ ဆက်ခံသူများသည် မိမိ မျိုးဆက်၏ တော်လှန်ရေး အတွေ့အကြုံများကို ပြန်၍ ရယူရမည်။ သို့ဖြင့် ယုတ္တိကျသော နိဂုံးသို့ ရောက်စေရမည်ဟု မော်က တောင်းဆိုလိုက်ခြင်းပင် ဖြစ်သည်။

ပါတီသည် အရင်းရှင် စနစ်သို့ ပြန်သွားသည့် ပြန်လည် ပြင်ဆင်ရေး ဝါဒ (ဆိုဗီယက်) လမ်းကို လိုက်နေသည့် လူတန်းစားသစ် တစ်ရပ်၊ ဗျူရို ကရက် အာဏာရ လူတန်းစား တစ်ရပ်၊ အလုပ်နှင့် ပြည်သူများမှ ကင်းကွာ နေသော မန်ဒရင်း ကေဒါ လူတန်းစား တစ်ရပ်ကို ဖန်တီးနေသည်ဟု မော်က ယုံကြည်သည်။ ဤသို့ဖြင့် မော်သည် ပထမဆုံး ပြဿနာကို တင်ပြလိုက်သည်။ ဤပြဿနာနှင့် တစ်ဆက်တည်း ဖြစ်နေသော ပြဿနာ ရှိသေးသည်။ ယင်းမှာ တရုတ်–ဆိုဗီယက် အကွဲကို ရင်ကြားစေ့ရန် လျူက တင်ပြလာသည့် ကိစ္စ ဖြစ်သည်။ လျူကို ပိန်ကျင်းနှင့် အခြားသူများက ထောက်ခံကြသည်ဟု မော်က ကျွန်တော့်ကို ပြောပြသည့် စကားများ အရ သိရသည်။

၁၉၆၅ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုက တရုတ် နယ်စပ်နှင့် ကပ်နေသော ဗီယက်နမ်ကို ဗုံးကြဲ တိုက်ခိုက်လာခဲ့သည်။ ယင်းမှာ တရုတ် ပြည်ကို ကျူးကျော် တိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်း ဖြစ်သည်။

လျူက တရုတ်–ဆိုဗီယက် မဟာမိတ်ကို ပြန်၍ အသက် သွင်းရန် ၂၃ ကြိမ်မြောက် ဆိုဗီယက် ပါတီ ကွန်ဂရက်သို့ တရုတ် ကိုယ်စားလှယ် အဖွဲ့ တစ်ဖွဲ့ စေလွှတ်ချင်သည်။

မော်က ကိုရီးယား စစ်ပွဲမှာတုန်းကလို သူတစ်ပါးကို မှီခိုရသည့် အဖြစ်မျိုးသို့ ပြန်မရောက်ချင်။ ဤသို့ မှီခိုနေရခြင်းမျိုးကို ပြတ်ပြတ်သားသား ဆန့်ကျင်သည်။ တစ်ယောက်ကို တစ်ယောက် လိမ်ရာကျသည်။ ထို့ကြောင့် တစ်ဖက်က အဏုမြူဗုံးကို ဆက်ထုတ်ရင်း ခုခံရေး ပြည်သူ့စစ်ဖြင့် လုံး၀ ကိုယ့်ဘာသာ ရပ်တည်နိုင်အောင် ကြိုးစားရမည်။ ဗီယက်နမ်တွင် အများဆုံး အကူအညီ ပေးရမည်။ သို့ရာတွင် ဝင်ရောက် တိုက်ခိုက်ခြင်း မပြုသင့်ဟု မော်က ယူဆသည်။

နိုင်ငံခြား ကျူးကျော်မှုများကို တရုတ်တို့ ရင်ဆိုင်လေ့ ရှိသည့် သမားရိုးကျ သေနင်္ဂဗျူဟာ အရ ကြည့်လျှင် မော်၏ လမ်းစဉ်သည် တောင်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK

မြောက်လို ဖီလာ ဖြစ်နေသည်။ တရုတ်ပြည်တွင် ကျင့်သုံးသည့် ရှေးခေတ်က အခြေခံမူမှာ 'လူရိုင်းများကို အသုံးပြု၍ လူရိုင်းများကို တိုက်ခိုက်ရမည်' ဆိုသည့် မူ ဖြစ်သည်။ ရောမ လက်နက် နိုင်ငံတော် ခေတ်က ကျင့်သုံးခဲ့သည့် အချင်းချင်း လှည့်တိုက်ပေးသည့် မူမျိုး ဖြစ်သည်။

အစဉ်အလာ အစွဲကြီးသော တရုတ်ပြည်နှင့် တရုတ်ပြည် သမိုင်းကို ကျမ်းကျေသည့် အနောက်တိုင်း ပီကင်းဗေဒသမားများကမူ မော် ဦးနှောက် ပျက်ပြီဟု ဆိုကြသည်။ တရုတ်ပြည်လို လက်နက် အင်အား မတောင့်တင်း သေးသော နိုင်ငံ တစ်နိုင်ငံက မိမိ၏ ရန်သူများကို တစ်စုတည်း ဖြစ်အောင် လုပ်ပေးရသလော၊ 'စစ်မျက်နှာ နှစ်ရပ်' ဖွင့်သည့် ပေါ်လစီကို ကျင့်သုံးရသလောဟု မေးခွန်းထုတ်ကြသည်။ မိမိ အိတ်ထဲကို ပလိပ် ရောဂါ ကျအောင် လုပ်သည့် 'နိုင်ငံတကာ ဝါဒ ဖြန့်ခြင်း' မျိုးလောဟု သံသယ ဖြစ်ကြသည်။

သို့ရာတွင် မော်သည် သူ လုပ်နေသည့် အလုပ်ကို သိပါသည်။ ပြည်ပက ခြိမ်းခြောက်မှုထက် ပြည်တွင်း ခြိမ်းခြောက်မှုက ပိုကြီးသည်။ အဆင့်အတန်းလွန် နိုင်ငံကြီး နှစ်ခု အနက် တစ်ခုခုနှင့် စေ့စပ်ရေး လုပ်ခြင်းသည် ပြည်တွင်းတွင် အကွဲအပြဲကို ပေါ်ပေါက်စေနိုင်သည်။ ပြတ်ပြတ်သားသား အမှိုခိုကင်း၍ ညီညွတ်သည့် တရုတ်ပြည်မျိုး ဖြစ်မှသာလျှင် မည်သည့် မုန်တိုင်းကို မဆို ကြံ့ကြံ့ခံနိုင်ဖွယ် ရှိမည်။ ပြည်တွင်းတွင် အစိတ်စိတ်အမြွှာမြွှာ ကွဲကာ ရုရှကို မဟာမိတ် ဖွဲ့၍ အားကိုး ရှာနေရသော တရုတ်ပြည်မျိုးသည် တည်တံ့နိုင်မည် မဟုတ်။

အခြား လက်အောက်ခံ ပြဿနာများနှင့် ပေါ်လစီ ကွဲလွဲချက်များ ရှိသော်လည်း အထက်ပါ ပြဿနာ နှစ်ရပ်မှာ အရင်းခံ ဖြစ်သည်။ အစကတည်းက လျူနှင့် မော်သည် 'လမ်းစဉ် နှစ်ရပ်' ကို ကိုယ်စား ပြုခဲ့သည်ဟု ယခုအချိန်၌ ပြောနေကြသည်။ အစကတည်းက ဆိုသည်မှာ ၁၉၂၁ ခုနှစ် သူတို့နှစ်ယောက်စလုံး ကွန်မြူနစ်များ ဖြစ်လာသည့် အချိန် ဖြစ်သည်။ 'လမ်းစဉ် နှစ်ရပ်' ရှိခဲ့သည် ဆိုခြင်းမှာ မှန်သည်။

မော်၏ စကားဖြင့် ပြောရလျှင် 'ရန်ဘက် မဟုတ်သော ပဋိပက္ခမှ (တဖြည်းဖြည်း) ရန်ဘက် ပဋိပက္ခသို့ ပြောင်းသွားသည့်' ကိစ္စ ဖြစ်သည်။ သူတို့ နှစ်ယောက် ပါတီထဲတွင် ရှိခဲ့သည့် ၄၅ နှစ်ကြာ ကာလ တစ်လျှောက်လုံး ပေါ်ပေါက်လာခဲ့သည့် ကိစ္စ ဖြစ်သည်။ ဤသည်ကို ပုဂ္ဂိုလ်ရေး အာဏာလုပွဲဟု ဆိုကြမည်လော။


mgyoe.com

mgyoe.com SAMPLE BOOK

ပုဂ္ဂလိက ကိစ္စကို ဒီဇွဲမမှုကျသော နိုင်ငံရေး ကိစ္စနှင့် လုံးလုံးလျားလျား ခွဲခြားပစ်၍ မရသည်မှာ မှန်ပါသည်။ သို့ရာတွင် မော်-လျူ တိုက်ပွဲသည် ပုဂ္ဂိုလ် ဆည်းကပ်မှု ကိစ္စ အပါအဝင် တရုတ်ပြည် မဟာ တော်လှန်ရေးကြီး၏ ကံကြမ္မာကို မည်သို့ မည်ပုံ ဆုံးဖြတ်သင့်သည် ဆိုသည့် ကိစ္စနှင့် အဓိက ပတ်သက်နေသည် ဆိုသည့် အချက်ကိုကား သံသယ ဖြစ်စရာ မရှိပါ။

၁၉၆၆ ခု ဩဂုတ်လ ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် ပေါ်ပေါက်လာသော အဖြစ်အပျက်များနှင့် ပတ်သက်၍ အများကြီး ရေးခဲ့ကြပြီးပြီ။

ပါတီကော်မတီများနှင့် ကွန်မြူနစ် လူငယ် အဖွဲ့၊ အလုပ်သမား သမဂ္ဂ စသည့် ပါတီ တစ်ပိုင်း အဖွဲ့အစည်းများကို ဖျက်သိမ်းခြင်း၊ ကျောင်းများကို ပိတ်ပစ်ခြင်း (အချို့ အစောကြီး ကတည်းက ပိတ်ခဲ့သည်။)၊ ပါတီဝင် မဟုတ်သော လူငယ် သန်းပေါင်း များစွာကို တပ်နီ လူငယ် တပ်ဖွဲ့များ ဖွဲ့၍ ပါတီ ခေါင်းဆောင်များကို ဖြုတ်ချစေခြင်း၊ ခေါင်းဆောင်သစ်များ အတွက် ပါတီဝင်ရော ပါတီဝင် မဟုတ်သူပါ လူတိုင်းအား အာဏာကို သိမ်းယူခိုင်းခြင်း၊ နောက်ဆုံး၌ လက်နက်ကိုင် တပ်များပါ ဝင်ရောက် စွက်ဖက်လာခြင်း စသည်တို့ကို ရေးခဲ့ကြပြီး ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်၏ ဉာဏ်ပညာမ တင်ပြချက်၌မူ မော်သည် စစ်တပ်၏ အကူအညီဖြင့် လုံးဝ အောင်ပွဲ ရခဲ့ပြီဟု ဆိုလျှင် လုံလောက်မည်ဟု ကျွန်တော် ထင်ပါသည်။

မော် အပြီးသတ် အောင်ပွဲ ရကြောင်းကို ၁၉၆၉ ခုနှစ် ကိုးကြိမ်မြောက် ပါတီ ကွန်ဂရက်တွင် (မော်ကို ဆက်ခံရန် ရွေးချယ်ခြင်း ခံရသူ) လင်းပြောင်၏ စကားဖြင့် သိနိုင်ပါသည်။ 'ဘယ် အချိန်၊ ဘယ် အခြေအနေမှာပဲ ဖြစ်ဖြစ် ဥက္ကဋ္ဌကြီး မော်စီတုန်းရဲ့ အတွေးအခေါ်ကို ဆန့်ကျင်သူ မှန်သမျှဟာ ပါတီတစ်ရပ်လုံးနှင့် တစ်တိုင်းပြည်လုံးရဲ့ ပြစ်ဒဏ် စီရင်ခြင်းကို ခံရမှာ ဖြစ်တယ်' ဟု လင်းပြောင်က ကြေညာနိုင်ခဲ့ပါသည်။

၁၉၇၀ ခုနှစ်တွင်မူ မော်၏ အတွေးအခေါ်သည် တရုတ် တစ်မျိုးသားလုံး၏ ကိုယ်ထဲသို့ စိမ့်ဝင်နေပြီ။ မြို့ပြနှင့် ကျေးလက်တို့၏ ခြားနားချက်ကို လျှင်မြန်စွာ ဖျက်သိမ်းရေး၊ အလုပ်သမား၊ လယ်သမား၊ စစ်သား၊ ကေဒါနှင့် စက်မှု ပါရဂူတို့၏ အခွင့်အရေးများ၊ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု အဆင့်အတန်းများကို တတ်နိုင်သမျှ ညီမျှအောင် လုပ်ရေး၊ လူတိုင်း၏ ပညာရေးနှင့် အတွေး



mgyoe.com

mgyoe.com SAMPLE BOOK
အကြံများတွင် ကျောင်းသင်ခန်းစာနှင့် ပြင်ပ လုပ်ငန်းများကို ပေါင်းစည်းပေးရေး၊ ခနရှင် အတွေးအခေါ်များ အားလုံး အထူးသဖြင့် ပညာတတ်များနှင့် အရာရှိများ ကြားက ခနရှင် အတွေးအခေါ် အကြွင်းအကျန်များကို ချေမှုန်းရေး၊ ကျောင်းသားများနှင့် အလုပ်သမားများကို ပေါင်းစပ်ခြင်း၊ လက်တွေ့ အလုပ်နှင့် စာသင်ခန်း သဘောတရားကို ပေါင်းစပ်ခြင်းအားဖြင့် အထက်တန်း ပညာကို ပစ္စည်းမဲ့ဆန်အောင် လုပ်ရေး၊ ပြည်သူ့ ကျန်းမာရေးနှင့် ဆေးဝါး ကုသမှုကို ကျေးလက်သို့ အရောက် ပို့ပေးရေး၊ လူတိုင်းကို စစ်ပညာ သင်ပေးကာ စစ်တပ်ကို အတုယူရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာ ပြည်သူများကို အကျိုးပြုလိုစိတ်၊ ပုဂ္ဂလိက စည်းစိမ်ဥစ္စာကို ရွံမုန်းစိတ်တို့ဖြင့် ထက်သန်သော လူသားအား ငတ်မွတ်ခြင်း၊ လောဘ ကြီးခြင်း၊ ပညာ မဲ့ခြင်း၊ စစ်ဖြစ်ပွားခြင်းနှင့် အရင်းရှင်စနစ်တို့မှ အဆုံးပိုင် လွတ်မြောက်ရေးကို ရည်သန်သည့် 'ကမ္ဘာ့အမြင်' မျိုးကို ကိုင်စွဲသော၊ ဘက်စုံ တော်သော၊ ပညာ အရည်အချင်း ရှိသော၊ လူတန်းစားမဲ့သော လူငယ် မျိုးဆက်သစ် တစ်ရပ် ဖန်တီးရေး စသည်တို့မှာ မော် အတွေးအခေါ်၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

ထိုမျှသာလော၊ မကသေးပါ။ များစွာ ကျန်ပါသေးသည်။ ဤသည်တို့မှာ ပါတီ တာဝန်ခံများနှင့် တက်ကြွသူ ကေဒါများထံမှသာမက မော် အတွေးအခေါ်ဖြင့် 'ထုသား တေသား' ရပြီး သူများ အားလုံးထံမှ ကြားရသမျှကို ကျွန်တော်က စကားပြေဖြင့် လွယ်လွယ် ရေးပြလိုက်ခြင်းသာ ဖြစ်သည်။ ယဉ်ကျေးမှု တော်လှန်ရေး ဆိုသည်မှာ အဘယ်နည်းဟု မေးတိုင်း ထွက်လာသော အဖြေများကို ကျွန်တော်က ပေါင်းချုပ် ရေးလိုက်ခြင်းသာ ဖြစ်ပါသည်။

အလိုလေး၊ သို့တိုင်အောင် တော်လှန်ရေး ဆိုသည်မှာ ရှည်ကြာလှပါသည်။ ကြမ်းတမ်း ပြင်းထန်ပါသည်။ အဆင့် ခွဲ၍ ကြည့်မှသာ ရပါလိမ့်မည်။ ယဉ်ကျေးမှု တော်လှန်ရေးများ နောက်ထပ် ပေါ်ပေါက်လာပါလိမ့်ဦးမည်။ မော် ပြောသကဲ့သို့ ထမင်းကို တစ်လုတ်ချင်းသာ စားရလိမ့်မည်၊ နောက်တစ်လုတ်ကို မစားမီ စားနေသည့် တစ်လုတ်ကို အရသာ ခံဖို့ အချိန် ယူရပါလိမ့်ဦးမည်။

မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး အတွင်းတွင် အောင်ပွဲ ရခဲ့သည်ဟု ကိုးကြိမ်မြောက် ပါတီ ကွန်ဂရက်တွင် ကြေညာခဲ့သည်။ ယခု ကြေညာပြီး၍ နှစ်နှစ် ရှိသွားပြီ။

ထိုအတောအတွင်း၌ ရောမ လူအများစုကြီး၊ ပါတီဝင် မဟုတ်သော တရုတ် ပြည်သူလူထုကြီး၏ ဘဝသည် မည်သို့ ရှိသနည်း။


mgyoe.com

mgyoe.com SAMPLE BOOK

၄

# ပြည်ကြီးသား ဝမ်၏ အပြင်ပန်း သဏ္ဍာန်

၁၉၆၅ ခုနှစ် နောက်ပိုင်း ယဉ်ကျေးမှု တော်လှန်ရေးကြီး အပြီး၌ လမ်းပေါ်က လူ ဖြစ်သည့် သာမန် တရုတ်ပြည်သား ဝမ် တစ်ယောက် အဖို့ ဘာမျှ ထူးခြားလာသည် မဟုတ်ပါ။ စက်ရုံ သူငယ်တန်းကျောင်း တစ်ကျောင်းသို့ ရောက်သွားသည့် အခါတွင် 'ကျွန်တော်တို့နှင့် အတူ ဥက္ကဋ္ဌကြီး မော် ရှိသည်' ဟု ကလေး အချို့က ကျွန်တော့်ကို ဆိုပြပါသည်။ စက်ရုံ သူငယ်တန်းကျောင်းများ၌ ကိုယ်ပိုင် လေကြောင်းရန် ကာကွယ်ရေး ကျင်းများ တူးထားသည်ကို တွေ့ရသည်။ ဤသည်မှာ ယခုမှ တွေ့ရသည့် အသစ်အဆန်း ဖြစ်သည်။

ကလေးများရော၊ သူတို့ မိဘတွေကပါ ဥက္ကဋ္ဌကြီး မော်ကို ချစ်မြတ်နိုးသည်ဟု ပြောကြပါသည်။ အများစုက တကယ် ယုံယုံကြည်ကြည် ပြောကြခြင်း ဖြစ်သည်။ ဤသည်ကို သံသယ ဖြစ်စရာ အကြောင်း မရှိပါ။

သို့တိုင်အောင် ယခု တစ်ခေါက် ကျွန်တော် ရောက်သည့် အခါ၌ လူတိုင်း မော်စီတုန်း တံဆိပ်များ တပ်ဆင်ထားသည်မှ အပ ပြည်ကြီးသားတို့၏ အပြင်ပန်း သဏ္ဍာန်မှာ ယဉ်ကျေးမှု တော်လှန်ရေး မတိုင်ခင် ကျွန်တော် မြင်ခဲ့ဖူးသော ပြည်ကြီးသားတို့၏ အပြင်ပန်း သဏ္ဍာန်နှင့် များစွာ ခြားနားချက် မရှိလှပါ။

အဝတ်အစားကို ယခင်ကထက် ဆင်တူ ပိုဝတ်လာကြသည်။ အပြာရောင်၊ မီးခိုးရောင် ဘောင်းဘီနှင့် အင်္ကျီ၊ ဆောင်းရာသီတွင် ဝွမ်းကပ် အင်္ကျီ စသည်တို့ကို အမျိုးသားရေး၊ အမျိုးသမီးများပါ ဝတ်ကြသည်။ စစ်တပ်နှင့် ပြည်သူ့စစ်တို့ ဝတ်ကြသော ကာကီရောင်၊ ရေတပ်သားများ၏ အပြာနုရောင် ဝတ်စုံများကိုလည်း မြင်ရသည်။ စစ်သားများက ကြယ်နီပွင့် တပ်ထားသည့်

mgyoe.com

mgyoe.com SAMPLE BOOK
ဦးထုပ်ကို ဆောင်းကာ ကော်လာ၌ အနီစ တပ်ထားသည်။ ထိုအရာများ မပါလျှင် စစ်သားနှင့် အရပ်သားကို ခွဲမရတော့။ အိမ်တွင် ဝတ်သည့် အမျိုးသမီးများ၏ အဝတ်အစားများက အရောင် ပို၍ လွင်လာကာ ပို၍ ကောင်းလာသည်။ ပိုးထည်၊ သိုးမွေးထည် တစ်စုံ နှစ်စုံလောက်ကိုမူ အခါကြီး ရက်ကြီးများတွင် ဝတ်ရန် သိမ်းထားကြသည်။ သို့ရာတွင် လမ်းထွက်သည့် အဝတ်အစားက ပစ္စည်းမဲ့ ဆန်လာသည်။

'ခဏ စောင့်ကြည့်ရင် အဆင်စုံ အသွေးစုံ မြင်ရပါလိမ့်မယ်၊ ဟိုက အမျိုးသမီးတွေကို ကြည့်ပါလား၊ ခေါင်းစည်း ပဝါက အဆင်တွေ ဆန်းလာတယ်၊ အရောင်တွေကလည်း လွင်လာတယ်၊ အစိုးရက ကွပ်ကဲမှု နည်းနည်းလျှော့လိုက်ပြီ ဆိုတဲ့ သဘောပေါ့ဗျာ' ဟု မိတ်ဆွေဟောင်း တစ်ဦးက ပြောသည်။

ပညာတတ် တရုတ် အိမ်ထောင်စု တစ်ခုတွင် ဧည့်သည် အဖြစ် နေထိုင်စဉ် အတွင်း အမျိုးသမီးများက အဆင်လှလှ အထည်စများကို စားပွဲပေါ် တင်၍ ဖြန့်ကြည့်နေကြသည်ကို ကျွန်တော် မြင်ခဲ့ရသည်။ ဂျပန်ပြည်က ထုတ်ဝေသော ဖက်ရှင် စာအုပ် တစ်အုပ်ကို စိတ်ပါလက်ပါ ကြည့်နေကြသည်။

မြို့ကြီးများတွင် ပညာတတ် တစ်ယောက်ကို အလုပ်သမား၊ လယ်သမား တစ်ယောက်နှင့် ခွဲခြား၍ မရချင်တော့။ ပညာတတ်များကို နှိမ့်ချတတ်အောင် လုပ်ပြီးပြီ။ လူထုထဲတွင် တစ်သားတည်း နေသွားတတ်အောင် မွေးမြူပြီးပြီ။ ကလေးများ အားလုံးလောက်ကို စာသင်ပေးခဲ့သဖြင့် ငါးနှစ် အတွင်း စာတတ်သူ ဦးရေ တိုးလာခဲ့ပြီ။ တရုတ် မြို့ကြီးများတွင် အသက် ငါးဆယ်အောက် 'မျက်စိ ကန်းသူ' (တရုတ်တို့က စာမတတ်သူကို ဤသို့ ခေါ်လေ့ ရှိသည်။) တစ်ယောက်မျှ မတွေ့ရတော့ပြီ။ လူတွေ၏ အမူအရာ ဟန်ပန်က တောင့်တင်းကြွံခိုင်လာကာ ကြည့်ကောင်းလာသည်။ တစ်ယောက်ကို တစ်ယောက် အတန်းအစား ခွဲစိတ် မရှိဘဲ ယဉ်ကျေး သိမ်မွေ့စွာ ဆက်ဆံကြသည်။ စက်ရုံသစ်က အလုပ်သမားများမှာ အများအားဖြင့် အထက်တန်း အောင်ပြီးသူများသာ ဖြစ်ကြောင်း တွေ့ရသည်။

အနှစ် နှစ်ဆယ်လုံး သစ်ပင်တွေ စိုက်လာခဲ့သဖြင့် မြို့များနှင့် ရွာများ စိုပြည် လှပလာသည်။ မြေကြီးကို အဘက်ဘက်က ပြုပြင် ပြောင်းလဲပစ်လိုက်သဖြင့် တရုတ်ပြည် ရှုခင်း၏ ညှိုးနွမ်း ခြောက်သရောင်းနေသော မျက်နှာပြင်သည် တောက်ပ ရွှင်လန်းလာခဲ့သည်။ မကြာခင်ကမှ ပွတ်တိုက် ဆေးကြော

mgyoe.com

mgyoe.com SAMPLE BOOK

ထားလေသလားဟုပင် ထင်ရသည်။ တရုတ်ပြည်သည် ယခင်ကထက် သိသိသာသာကြီး ချမ်းသာ ကြွယ်ဝလာသည်။ သို့ရာတွင် ပုဂ္ဂလိက ဥစ္စာခနေ ကြွယ်ဝလာခြင်းမျိုးတော့ မဟုတ်ပါ။

ယခု အချိန်၌ သာမန် ပြည်ကြီးသား ဝမ်သည် အစားအသောက် ဝလင်လာသည်။ ကျန်းမာ သန်စွမ်းလာသည်။ အဝတ်အစား ကောင်းလာသည်။ လုပ်ရက် ခြောက်ရက် ရှိသည့် သီတင်းပတ် အတွင်း အလုပ် လုပ်ခြင်း၊ မော်အတွေးအခေါ် သင်တန်း တက်ခြင်း၊ အတတ်ပညာ လေ့လာခြင်း စသည်တို့ဖြင့် မအားမလပ်အောင် ရှိသည်။ အားလပ်ရက်မှာ အများအားဖြင့် တနင်္ဂနွေနေ့ ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံတွင်လည်း ကြားရက်များ ဖြစ်တတ်သည်။ ထိုရက်များ၌ ပြည်ကြီးသား ဝမ် အနားယူသည်။ မိသားစုနှင့် အပန်းဖြေသည်။ သို့မဟုတ် ပင်ပေါင် ကစားသည်။ နွေရာသီ ဆိုလျှင် ရေကူးကန်၊ မြစ်၊ ရေကန် သို့မဟုတ် ပင်လယ် စသည့် တစ်နေရာရာတွင် ရေကူးသည်။ ရေကူးခြင်းသည် တရုတ်ပြည် အတွက် အားကစားနည်း အသစ် တစ်ခု ဖြစ်နေသေးသည်။ ဆောင်းရာသီတွင် တောတောင်များသို့ သွားသော ခြေလျင် တောင်တက် အဖွဲ့များနှင့် လိုက်နိုင်သည်။ လေကြောင်းရန် ကာကွယ်ရေး ကျင်းများ တူးရန်၊ အုတ်စီရန် လုပ်အားပေးလိုလျှင်လည်း ပေးနိုင်သည်။ မိမိနှင့် အတူ လုပ်အားပေးသူများထဲတွင် သမားတော် သို့မဟုတ် ကျောင်းဆရာ စသူတို့လည်း ပါတတ်သည်။

အခြား ပြည်ကြီးသားများကဲ့သို့ ပြည်ကြီးသား ဝမ်သည် အစု တစ်ခုခုတွင် ပါတတ်သည်။ မြို့တွင် နေလျှင် ပါတီက ဖွဲ့ပေးသော လမ်းကော်မတီ၏ စည်းကမ်းကို လိုက်နာရသည်။ ထိုကော်မတီက ကလေးသူငယ် စောင့်ရှောက်ရေး၊ ကျန်းမာ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် လေထု သန့်စင်ရေး၊ အငြင်းပွားမှုများကို ဖျန်ဖြေရေး၊ သက်သာ ချောင်ချိရေး၊ ကျန်းမာရေး၊ အသက် ကြီးသူများနှင့် မသန်စွမ်းသူများကို ထောက်ပံ့ရေး စသည့် ကိစ္စတို့ကို တာဝန် ယူသည်။ ဘုံအဖွဲ့များတွင်မူ ဤလုပ်ငန်းများကို ကျေးရွာ ကော်မတီ၊ သို့မဟုတ် ကုန်ထုတ်လုပ်ရေး အဖွဲ့များက တာဝန်ယူသည်။

ပြည်ကြီးသား ဝမ်၏ အတွင်း သဏ္ဌာန်ကိုကား ကျွန်တော်တို့ မမြင်နိုင်ပါ။ သို့ရာတွင် အကယ်၍ ပြည်ကြီးသား ဝမ်၌ သောက ဟူ၍ ရှိခဲ့လျှင် ဤသောကမှာ ကုန်ဈေးနှုန်း တက်ခြင်း၊ ဆေးဝါး ကုသမှု စရိတ် ကြီးခြင်း၊ အမြတ်ခွန် ပေးရခြင်းတို့ကြောင့် မဟုတ်သည်မှာ သေချာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လွန်ခဲ့သည့် ဆယ်နှစ်ကျော် အတွင်း ကုန်ဈေးနှုန်းများ တည်ငြိမ်ခဲ့သည်၊ သို့မဟုတ် ကျဆင်းခဲ့သည်။ တရုတ်ပြည်တွင် ငွေဖောင်းပွမှု မရှိ။ မှောင်ခိုဈေးလည်း မရှိ။ ပြည်ကြီးသား ဝမ် အဖို့ အမြတ်ခွန်လည်း မပေးရ။ အပိုအလုပ် တန်ဖိုးများမှ ထွက်လာသော အစိုးရ အခွန်တော်များသည် အစိုးရကွပ်ကဲသော ဈေးကွက်ထဲတွင် ဈေးနှုန်းကို ကန့်သတ် ထိန်းချုပ်ပေးသည့် ကိရိယာများ ဖြစ်နေသည်။ ဤသို့ဖြင့် စားသုံးမှုကို လိုအပ်မှု ဘောင်ထက်ကျော်မသွားအောင် ထိန်းပေးသည်။ ပြည်ကြီးသား ဝမ်၏ ဝင်ငွေသည် အလွန်နည်းပါသည်။ သို့ရာတွင် သူ့အဖို့ ဘဏ် သွားပေါင်စရာ မလိုပါ။ အကြွေးမရှိပါ။ သူ့မိဘများ လက်ထက်ကလို တောင်းစားရသည့် ဘဝမျိုး၊ သရောခိုင်းသည့် ဘဝမျိုး ရောက်မည်ကို စိုးရိမ်စရာ မရှိပါ။

ယဉ်ကျေးမှုနှင့် ပတ်သက်လာလျှင် ဝမ် အတွက် ပန်းခြံများ၊ ကစားကွင်းများ၊ ပြတိုက်များ၊ ဟောပြောပွဲများ၊ ပြဇာတ်များ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားစက်များ၊ ဇာတ်ပွဲများ စသည်တို့ ရှိသည်။ အဖိုးအခ နည်းနည်းဖြင့် ကြည့်နိုင်သည်။ သို့မဟုတ်လျှင်လည်း အခမဲ့ ကြည့်နိုင်သည်။ ၁၉၇၀ ခုနှစ်တွင် ပြည်ကြီးသား ဝမ် အတွက် ဖတ်စရာ စာအုပ်များမှာ ကျောင်းစာအုပ်များနှင့် မော်၏ ကျမ်းများ ဖြစ်သည်။ ဝမ်သည် လှိုင်းရှည် ရေဒီယို တစ်လုံး ဝယ်နိုင်သည်။ သို့မဟုတ်လျှင်လည်း စက်ပစ္စည်း အစိတ်အပိုင်းများကို ဝယ်၍ လှိုင်းတို ရေဒီယို တစ်လုံးကို ကိုယ်တိုင် တပ်ဆင်နိုင်သည်။ တစ်ခါတစ်ရံတွင် ရုပ်မြင်သံကြားစက် ကြည့်နိုင်သည်။ နိုင်ငံခြားနှင့် စာလျှင် တရုတ်ပြည်တွင် အထူးတန်း ရုံလက်မှတ်က ဈေးကြီးသည်။ ရုပ်မြင်သံကြားစက်များကိုမူ အစုတစ်စု သို့မဟုတ် ဌာန တစ်ခုက စုပေါင်း ပိုင်ဆိုင်လေ့ ရှိကြသည်။ ဇာတ်ရုံမှာကဲ့သို့ပင် ရုပ်မြင်သံကြား စက်မှ အစီအစဉ်များမှာ နိုင်ငံရေး ဝါဒ ဖြန့်မှုကများသည်။ ဇာတ်ရုံများနှင့် အားကစား လက်မှတ်များမှာ ဘယ်တော့မှ ရောင်းမလောက်။ (ထိုင်ခုံ လက်မှတ် အချို့ကို ရုံတွင် ရောင်းလေ့ ရှိသော်လည်း) လက်တွေ့တွင် ကိုယ့်ဆိုင်ရာ အဖွဲ့အစည်းက တစ်ဆင့် ဝယ်မှ ရသည်။ ကြည့်စရာ ရုပ်ရှင်ကားတွေ များပြီး ဈေးပေါသည်။ သို့ရာတွင် တစ်ကားနှင့် တစ်ကား ဆင်တူတွေ ဖြစ်ပြီး ဆင်ကွဲ နည်းသည်။

ကျွန်တော့် မိတ်ဆွေ ဝမ် ဖတ်သည့် နံရံကပ် ပိုစတာများမှာ မော်၏ ညွှန်ကြားချက်များနှင့် ဩဝါဒများ ဖြစ်သည်။ ကြော်ငြာ သင်ပုန်းများပေါ်တွင် ကပ်လေ့ ရှိသည့် သတင်းစာများမှာ ပါတီ လမ်းစဉ် အရ ရေးထားသည့်

mgyoe.com

mgyoe.com SAMPLE BOOK

သတင်းများကိုသာ ဖော်ပြလေ့ ရှိကြသည်။ နိုင်ငံခြား သတင်းများ နည်း၍ သေချာစွာ စစ်ဆေးပြီးမှ ဖော်ပြလေ့ ရှိသည်။ တရုတ်ပြည်သည် နေရာပေါင်း များစွာတွင် ခေတ်နောက်ကျနေသေးသည့်တိုင် နိုင်ငံရေး အရ မှန်သည်ဟု တရုတ်တို့ ယုံကြည်ကြသည်။ ထိုယုံကြည်ချက်၊ ထိုအမြင်ကို ပြောင်းလဲစေမည့် စာမျိုးကို ဖတ်လေ့ဖတ်ထ မရှိကြပါ။ သို့ရာတွင် ပြည်ကြီးသား ဝမ် အဖို့ လူသတ်ဝတ္ထုများ၊ စီးပွားရေး ပျက်ကပ်များ၊ ညစ်ညမ်း စာပေများ၊ လူမျိုးရေး အဓိကရုဏ်းများ၊ အိမ်ထောင်ရေး ဖောက်ပြန်မှုများ၊ ဆေးခြောက် ဂိုဏ်းများ၊ လိမ်လည်မှုများ၊ လိင်ကိစ္စ ကြော်ငြာများ၊ သဘာဝ မဟုတ်သည့် ဖိုမ ဆက်ဆံရေး ကိစ္စများ၊ လူချမ်းသာတို့၏ မနာလို ဝန်တိုမှုများ စသည့် စိတ်မချမ်းမြေ့ဖွယ် ဒုက္ခသုက္ခများ မရှိပါ။ တရုတ်ပြည်တွင် ကျိကျိတက် ချမ်းသာသောသူ ဟူ၍ မရှိတော့။ လာဘ်စားသော အရာရှိများ၊ သူခိုးများနှင့် အခြား လူညွန့်ခူးစားသူမျိုးများ မရှိတော့။ လူတန်းစား ရန်သူ ရှိသေးသော်လည်း သူတို့သည် ပြည်တွင်းထက် ပြည်ပတွင်သာ ခြေရှုပ်ကြသည်။

ချုပ်၍ ပြောရလျှင် ဇဝန ဟာသဉာဏ် ရှင်သူ တစ်ဦး ကျွန်တော့်ကို ပြောဖူးသလို 'တရုတ်ပြည်သည် သီလ စင်ကြယ်သူတွေ စုနေသော ကျောင်းကြီး တစ်ခု ဖြစ်သည်' ဟု ကျွန်တော် ဆိုချင်ပါသည်။

အထက်တွင် ကျွန်တော် ပြောခဲ့သည့် အရာများ အားလုံး နည်းနည်းစီ တိုးတက်လာသည်မှ အပ အခြား ဘာမှ အသစ်အဆန်း မရှိ။ လုပ်ခများတွင် လည်း အထက်ဆင့်တွင် အနည်းငယ် လျော့၍ အောက်ဆင့်နှင့် အလယ်ဆင့်တွင် အနည်းငယ် တိုးလာသည်မှ အပ များများစားစား ပြောင်းလဲမှု မရှိ။ ဥပမာ မကြာသေးမီက အထက်တန်း စစ်အရာရှိများက သူတို့ လခကို သုံးဆယ် ရာခိုင်နှုန်းခန့် လျှော့၍ ယူခဲ့ကြသည်ဟု ဟန်ချောင်၌ တွေ့ခဲ့သည်။

ဗိုလ်ချုပ်ကြီး တစ်ဦးက ကျွန်တော့်ကို ပြောပြလိုက်ပါသည်။ အခြား အထက်တန်း အရာရှိများလည်း ထိုနည်းတူ ကိုယ့်သဘောနှင့်ကိုယ် လခ လျှော့ ယူကြသည်။ (မော်စီတုန်းက သူ့လခကို နှစ်ဆယ် ရာခိုင်နှုန်း လျှော့ယူသည်ဟု ကြားခဲ့ရသည်။) အလုပ်သင် အဆင့်က ကျော်လျှင် လုပ်ခ တစ်လ ဒေါ်လာ နှစ်ဆယ်မှ ဒေါ်လာ ငါးဆယ် (၄၇ ယွမ်မှ ၁၂၂ ယွမ်) အထိ အသက်၊ အဆင့် အတန်းနှင့် အတွေ့အကြုံကို လိုက်၍ ရကြသည်။ အထက်တန်း ပါရဂူ အချို့၏ လခမှာ အငယ်တန်း ဗိုလ်ချုပ်ကြီး တစ်ဦး၏ လခနှင့် တန်းတူ ဒေါ်လာ တစ်ရာလောက် ရကြသည်။ ထိပ်တန်း ကေဒါနှင့် ဗိုလ်ချုပ်ကြီးများက တစ်လ

mgyoe.com

mgyoe.com SAMPLE BOOK

ကို ဒေါ်လာ ၁၅၀ ရကြသည်။ အကယ်၍ သူ့တွင် မိုခိုသူ မရှိလျှင် နိုင်ငံတော်ကို ပြန်၍ လှူလိုက လှူနိုင်သည်။

လယ်သမားများ၏ ဝင်ငွေမှာ အမျိုးမျိုး ရှိသည်။ ငွေသား ဝင်ငွေမှာ မြို့က အလုပ်သမား ရသည့် လုပ်ခထက် အများကြီး နည်းသည်။ သို့ရာတွင် ကုန်ထွက်နှင့် အခြား အပို အမြတ်များကြောင့် ဘုံအဖွဲ့ဝင်တို့၏ ဝင်ငွေ အားလုံးသည် မြို့က အလုပ်သမား ဝင်ငွေနှင့် ညီမျှသလောက် ဖြစ်လာသည်။

ကျွန်တော် အလည် ရောက်ခဲ့သည့် မြို့ကြီး တစ်ဒါဇင်လောက်နှင့် မြို့ငယ်များ၊ ဘုံအဖွဲ့များတွင် စားသုံးကုန်များကို ၁၉၆၅ ခုနှစ် ဈေးနှုန်းထက် အနည်းငယ် လျှော့၍ ရောင်းနေသည်ကို တွေ့ခဲ့ရသည်။ သို့ရာတွင် အမျိုးအစားက ပို၍ ကောင်းလာသည်။ အလေးချိန် ၁ ဒသမ ၁ ပေါင်ကို အမေရိကန် ငွေ တန်ဖိုးဖြင့် ကျွန်တော် နမူနာ တင်ပြပါမည်။ ရာသီချိန်၌ ဟင်းသီးဟင်းရွက် အမျိုးမျိုး တစ်ဆင့်မှ နှစ်ဆင့်၊ ဆန် အကောင်းစား ရှစ်ဆင့် သို့မဟုတ် ကိုးဆင့်၊ ဂျုံမှုန့် ငါးဆင့်မှ ခြောက်ဆင့်၊ အာလူးနှင့် ကန်စွန်းဥ နှစ်ဆင့်၊ သိုးသား ဝက်သားနှင့် အမဲသား ဆင့်နှစ်ဆယ်မှ လေးဆယ်၊ မုန့်နှင့် သကြားလုံး ဆင့်သုံးဆယ်မှ ရှစ်ဆယ်။

ယခင်က တရုတ်တို့ ငါးကို စားလေ့ မရှိကြသော်လည်း ယခု အတွင်းပိုင်းတွင်ပါ မကျန် ဖောဖောသီသီ ရောင်းနေရသည်။ ငါးဈေးမှာ တစ် ဒသမ တစ်ပေါင်၊ နှစ်ဆယ်မှ လေးဆယ်ဆင့်။ နို့ ကွတ်တစ်ပုလင်း ဆယ်ဆင့်၊ ဘီယာ တစ်ပုလင်း ဆင့်နှစ်ဆယ်၊ အဖျော်ယမကာ တစ်ပုလင်း ငါးဆင့်မှ ဆယ်ဆင့်၊ အိုက်စကရင် တစ်ခွက် သို့မဟုတ် တစ်ချောင်း နှစ်ဆင့်မှ လေးဆင့်၊ စပျစ်ဝိုင် (အပြင်းနှင့် အချို) တစ်ပုလင်း ဆင့်ငါးဆယ်၊ ဂျင် တစ်ပုလင်း ၅၅ ဆင့်၊ ကြက်ဥ တစ်ဒါဇင် ဆင့်သုံးဆယ် စသည်တို့ ဖြစ်သည်။ နိုင်ငံခြားသားများအတွက် ဖွင့်ထားသည့် ပီကင်းက ကုန်စုံဆိုင် တစ်ဆိုင်တွင်မူ စပါယ်ရှယ် စားသောက်ဖွယ်ရာများကို ဈေးအနည်းငယ် ပိုပေး၍ လူတိုင်း ဝယ်နိုင်သည်။ ထိုအထဲတွင် တစ်ပေါင်ကို နှစ်ဒေါ်လာခွဲ ပေးရသည့် အကောင်းစား ငါးဥများ ပါသည်။

လမ်းဘေး စားသောက်ဆိုင်များတွင် ဝယ်စားလျှင် ပေါက်စီ၊ မုန့်ညင်းချဉ်၊ ဝက်အူချောင်းနှင့် ဟင်းချိုတို့ ပါသော ပွဲတစ်ပွဲကို လေးဆင့်မှ ခြောက်ဆင့် အထိသာ ပေးရသည်။ ထို့ထက် ကောင်းသော ထမင်းပွဲ တစ်ပွဲကို စက်ရုံစားသောက်ဆိုင်တွင် ဆယ်ဆင့်မှ ၁၅ ဆင့် အထိ ပေးရသည်။



mgyoe.com

mgyoe.com SAMPLE BOOK

တရုတ် အများစုသည် တစ်ရန်ကို တစ်ဒေါ်လာမှ သုံးဒေါ်လာ အထိ ပေးရသည့် သားရေပျော့ခံ ရွက်ဖျင် ဖိနပ်ကို စီးကြသည်။ သားရေ ရှူးဖိနပ် တစ်ရန်၏ ဈေးနှုန်းမှာ ခြောက်ဒေါ်လာမှ ဆယ်ဒေါ်လာ အထိ ဖြစ်၍ သားရေတု ရှူးဖိနပ် တစ်ရန်လျှင် နှစ်ဒေါ်လာမှ သုံးဒေါ်လာ အထိ ပေးရသည်။ ချည်ရှပ်အင်္ကျီ တစ်ထည်ကို နှစ်ဒေါ်လာမှ သုံးဒေါ်လာ ပေးရသည်။ ကလေးဝတ်အင်္ကျီ ချုပ်ပြီး တစ်စုံကို နှစ်ဒေါ်လာ၊ သားမွေး ဦးထုပ် အကောင်းစား တစ်လုံးလျှင် ငါးဒေါ်လာ၊ သိုးရေ သို့မဟုတ် သားရေ သို့မဟုတ် အဝတ်ဖြင့် ချုပ်ထားသည့် ဆောင်းဝတ် လောင်းကုတ် တစ်ထည်ကို ဒေါ်လာ နှစ်ဆယ်မှ လေးဆယ်၊ ချက်ချင်း လျှော်၊ ချက်ချင်း ဝတ်နိုင်သည့် အင်္ကျီနှင့် ဘောင်းဘီ တစ်စုံကို ခြောက်ဒေါ်လာမှ ဆယ်ဒေါ်လာ အထိ ပေးရသည်။

ကောက်ပဲသီးနှံ၊ ဆီနှင့် ချည်ထည်များကို ခွဲတမ်းချ၍ ရောင်းဆဲ ဖြစ်သည်။ အလုပ်အကိုင်ကို လိုက်၍ လူတစ်ယောက်လျှင် တစ်လကို ဆန် ပေါင်သုံးဆယ်မှ လေးဆယ် အထိ ရသည်။ အခြား စားကုန်သောက်ကုန်များလည်း ပေါသည်။ လိုသည်ထက် ပိုသည်။

တရုတ်ပြည်သည် ချည်ထည် အထွက်တွင် ရှေ့က ပြေးနေသည်။ တရုတ် နိုင်ငံခြား ကူးသန်း ရောင်းဝယ်မှုနှင့် နိုင်ငံခြား ဝင်ငွေတွင် ချည်ထည်သည် အဓိက ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းတွင် ချည်ထည်ကို ကလေးများအပါအဝင် လူတစ်ယောက်လျှင် တစ်နှစ် ၁၈ ပေ နှုန်းဖြင့် ခွဲတမ်း ချပေးသည်။ သိုးမွေးတုများနှင့် သိုးမွေးထည်များကိုမူ အလွတ် ဝယ်နိုင်သည်။ ဝယ်လည်း ဝယ်ကြသည်။

ဆီကို ခွဲတမ်းဖြင့် ပေးသော်လည်း ပျမ်းမျှ အိမ်ထောင်စု တစ်ခု လိုအပ်သည်ထက် ပိုနေသည်။ ဤပစ္စည်းများလောက်မှ အပ လူသုံးကုန် ပစ္စည်းများကို ခွဲတမ်းလွတ် ဝယ်နိုင်သည်။

တရုတ်ပြည်တွင် ကိုယ်ပိုင်ကားများ မရှိ။ သို့ရာတွင် မြို့နှင့် မြို့ဆင်ခြေဖုံး ဘတ်စ်ကား လမ်းခရီးမှာ ဘတ်စ်ကားများတွင် လူကျပ်သည့်တိုင် အများကြီး တိုးတက်လာသည်။ တရုတ်ပြည်က မီးရထားများမှာ ကမ္ဘာတွင် အကောင်းဆုံး မီးရထားများထဲတွင် ပါသည်။ ယာဉ်ခများ သက်သာသည်။

လမ်းပေါ်က (သို့မဟုတ် ကန်သင်းရိုးပေါ်က) ကျွန်တော်တို့ ပြည်ကြီးသားတိုင်း၌ တစ်အိမ်ထောင်လျှင် အနည်းဆုံး ဘိုင်စကယ် တစ်စီးတော့ ရှိကြသည်။ ဘိုင်စကယ် တစ်စီးကို ၃၅ မှ ၄၅ ဒေါ်လာ အထိ ပေးရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ နေထိုင် စရိတ်မှာ အခန်း တစ်ခန်း တစ်လကို တစ်ဒေါ်လာမှ နှစ်ဒေါ်လာ အထိ ကျသည်။ နေရာထိုင်ခင်း အမျိုးမျိုး ကွဲပြားကြသည့်တိုင် ယေဘုယျအားဖြင့် တိုးတက်လာသည်။ ကျေးလက်တွင် လယ်သမားများမှာ မြေခွန်လွတ် ကိုယ်ပိုင်အိမ်များ ဆောက်နေကြသည်။

ဘုံအဖွဲ့များမှာကဲ့သို့ စက်မှု အလုပ်သမားများ၏ ဆေးဝါး ကုသစရိတ်ကို ဆိုင်ရာ အဖွဲ့အစည်းများက ကျခံသည်။ အနောက် နိုင်ငံက ကုန်ဈေးနှုန်းအတက် အကျများ၌ ဆေးဝါး ပစ္စည်း ဈေးနှုန်းများလည်း ပါသည်။ တရုတ်ပြည်တွင်မူ သန္ဓေတားဆေးများကို ဆိုင်ရာ အဖွဲ့အစည်းများမှ တစ်ဆင့် အခမဲ့ ဝေပေးသည်။

ထို့ထက် ပို၍ တရုတ်ပြည်၏ ဘဝကို သိလိုသေးသည် ဆိုလျှင်မူကား ယဉ်ကျေးမှု တော်လှန်ရေး အကြောင်းကို ထပ်မံ လေ့လာမှသာ ပြည့်ပြည့်စုံစုံ သိမြင်နိုင်ပါလိမ့်မည်။ စက်ရုံများ အတွင်းက စည်းရုံးရေးနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများ၊ မူလတန်းနှင့် အလယ်တန်း ပညာရေး ဌာနများ၊ လယ်ယာ ဘုံအဖွဲ့များ၊ ကျန်းမာရေး လုပ်ငန်းများ၊ အမျိုးမျိုးသော ယဉ်ကျေးမှု လုပ်ငန်းများ၊ လက်နက်ကိုင်တပ်များ စသည်တို့တွင် ယဉ်ကျေးမှု တော်လှန်ရေး၏ ရလဒ်များကို ပို၍ ထင်ရှားစွာ မြင်နိုင်သည်။ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်များမှာ လူငယ်တို့ အများဆုံး ဝင်ရောက် အမှုထမ်းလိုသော ဌာနများ ဖြစ်သည်။ သို့သော်လည်း စိတ်အား ထက်သန်သူ အနည်းငယ်မျှကိုသာ ရွေးချယ်လေ့ ရှိသည်။

မော်က 'ကိုယ်ကျိုးကို ရှောင်ကြ၊ ပြည်သူ့ အကျိုးကို ဆောင်ကြ' ဟု သြဝါဒ ပေးခဲ့ဖူးရာ မော်၏ သြဝါဒသည် လူငယ် မျိုးဆက်သစ်များထဲ၌ စိမ့်ဝင်နေသည်။

ဆေးသိပ္ပံပညာနှင့် ဆေးဝါး ကုသမှုတို့ မြို့မှ ကျေးလက်သို့ ပျံ့နှံ့သွားခြင်းကို ကြည့်လျှင် ဤအချက်သည် သြချယူရလောက်အောင် မှန်ကြောင်းကို တွေ့မြင်နိုင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း နှစ်

## ဆေးဝါး ကုသမှုနှင့် လူဦးရေ ကန့်သတ်ရေး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# ၅

## သန္ဓေ ဖျက်ခြင်းနှင့် အပ်စိုက် ကုသခြင်း

အပ်စိုက် ကုသနည်းသစ် တစ်ရပ်ကို ကြည့်ရန် အတွက် ဆေးရုံခန်းကလေး တစ်ခုထဲသို့ ကျွန်တော်တို့ ရောက်နေကြသည်။ ကျွန်တော်တို့ကို မိတ်ဆွေဟောင်းကြီး ဒေါက်တာ လင်း ချောချီက ခေါ်သွားသည်။ အပြုံးမပျက် ရှိနေသော လူနာ တစ်ဦးကို သန္ဓေ ဖျက်ပေးနေခြင်း ဖြစ်သည်။ လူနာက စက်ရုံ အလုပ်သမား ဖြစ်၍ အသက် ၂၈ နှစ်သာ ရှိသေးသည်။ နားရွက်ဖျား နှစ်ဖက်တွင် အပ် နှစ်ချောင်းကို မနာမကျင် စိုက်ထားရုံမှ အပ မည်သည့် မေ့ဆေးမျှ ပေးထားခြင်း မရှိ။

ဒေါက်တာ လင်း ချောချီသည် အင်္ဂလန်မှ ဘွဲ့ရခဲ့သည့် ပထမဆုံးသော မီးယပ်သားဖွား ပညာရှင် တရုတ် အမျိုးသမီး ဖြစ်သည်။ ဘွဲ့ရပြီးနောက် ချီကာဂိုမြို့တွင် အလုပ် လုပ်ခဲ့ဖူးသည်။ တရုတ်ပြည်၌ ခေတ်သစ် ကုသနည်းများကို ရှေ့ဆောင်ခဲ့သည်။ ဒေါက်တာ လင်းသည် မီးယပ်သားဖွား ပညာရှင်များကို သင်ကြား မွေးထုတ်လာခဲ့သည်မှာ ရာစု တစ်ဝက်ကျော်ကျော် ရှိသွားပြီ။ ဒေါက်တာ လင်းသည် ယခုတိုင် ခရစ်ယာန် တစ်ဦး ဖြစ်၍ ထာဝရ ဘုရားသခင်ကို ကိုးကွယ်နေဆဲ ဖြစ်သည်။ သူ့မိတ်ဆွေ ချူအင်လိုင်းနှင့် တွေ့လျှင် ဤကိစ္စနှင့် ပတ်သက်၍ မကြာခဏ အငြင်းအခုံ ဖြစ်ကြရသည်။

အင်္ဂလိပ် စကားကို သွက်သွက်လက်လက် လှလှပပ ပြောတတ်သည်။ အင်္ဂလိပ် စကား ပြောတိုင်း ခွင့်လွှတ်ရန် တောင်းပန်ပြီး 'သံချေး တက်နေပြီ' ဟု ဆိုလေ့ ရှိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

'အစတုန်းကတော့ ကျွန်မက ကလေး ရောဂါကု ဆရာဝန်ပါပဲ၊ ဒါပေမဲ့ ကလေးတွေ သေသေသွားတာကို မကြည့်ရက်ဘူး၊ ဒါကြောင့် ကလေး မွေးပေးတဲ့ ဆရာဝန် လုပ်ရတာ'

ဒေါက်တာ လင်းမှာ အသက် ၆၉ နှစ် နီးပါး ရှိ၍ ပင်စင် ယူရမည့် အသက်ထက် ကျော်နေပြီ။ လူပုံက ခပ်ညှက်ညှက် ဖြစ်သော်လည်း ခါတိုင်းလို ဖျတ်လတ် သွက်လက်ဆဲ ရှိသေးသည်။ လူပျော့သလောက် စိတ်ဓာတ်က မာသည်။ သူသည် တရုတ် ဆေးသိပ္ပံပညာ အကယ်ဒမီ အဖွဲ့ဝင် လူကြီး တစ်ဦးလည်း ဖြစ်သည်။ ဆေးကောလိပ် တစ်ခု၌လည်း ကျောင်းဆရာ တစ်ယောက်ဖြစ်သည်။ ယခင် ပီကင်း ယူနီယံ ဆေးကောလိပ်ရှိ သူ့ဌာနတွင် တစ်နေ့လျှင် လေးနာရီမှ ခြောက်နာရီ အထိ အလုပ် လုပ်သည်။

ပီကင်း ယူနီယံ ဆေးကောလိပ်သည် တစ်ခါက တရုတ်ပြည်၌ ရှေ့တန်း အကျဆုံး ဆေးရုံနှင့် ဆေးကောလိပ် ကျောင်းတစ်ကျောင်း ဖြစ်ခဲ့ပြီး လွန်ခဲ့သည့် ရာစုနှစ် တစ်ဝက်ကျော်လောက်က ရော့ကဖဲလား ဖောင်ဒေးရှင်း၏ အကူအညီဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယဉ်ကျေးမှု တော်လှန်ရေး အတွင်းက ထိုကောလိပ်ကို နယ်ချဲ့ ဆန့်ကျင်ရေး ဆေးရုံဟု ခေါ်ခဲ့ပြီး ယခု နေပြည်တော် ဆေးရုံဟု အမည် တွင်သည်။ ဆရာဝန်၊ သူနာပြုနှင့် ဆေးရုံ အလုပ်သမား ခြောက်ဆယ် ရာခိုင်နှုန်းမှာ အမျိုးသမီးတွေချည်း ဖြစ်သည်။ မီးယပ်နှင့် သားဖွား ဌာနတွင်မူ အမျိုးသမီး အမှုထမ်းက ကိုးဆယ် ရာခိုင်နှုန်း ရှိသည်။ ဆေးကျောင်းသူ ကျောင်းသား ဦးရေကလည်း ကျောင်းသား တစ်ဝက်၊ ကျောင်းသူ တစ်ဝက်လောက် ရှိသည်။

အမျိုးသမီး လူနာက ကျွန်တော့်ကို ဖော်ရွေစွာ ပြုံးပြကာ ခွဲစိတ်နေတုန်း ဓာတ်ပုံ ရိုက်ခွင့် ပြုသည်။ အမျိုးသမီးမှာ ကိုယ်ဝန် ဆယ်ပတ် ရှိနေပြီ။ နံပါတ် ၈ လေစုပ်စက် တစ်လုံးတွင် ပူးတွဲထားသည့် သံမဏိပြွန် သေးသေးကလေး တစ်ချောင်းကို ပိုက်လုံး တစ်ခုနှင့် ဆက်ထားသည်။ ပိုက်လုံး အဆုံးတွင် လေသွင်းထားသည့် ခံခွက် တစ်ခုနှင့် လျှပ်စစ် လေထိုးတံ တစ်ချောင်း ရှိသည်။ ခံခွက်ထဲမှ လေကို စုပ်ထုတ်ရန် အတွက် အားများများ မလို။ ဘိုင်စကယ် လေထိုးတံ၏ မှုတ်အားလောက် ရှိလျှင် ရသည်။ လျှပ်စစ်ဓာတ်အား မရှိသေးသည့် ကျေးလက်များတွင် ဆိုလျှင် ခြေနင်းအားဖြင့် မောင်းနှင်နိုင်သည်။

ဤ သန္ဓေ ဖျက်နည်းကို ကျေးလက် ဘုံအဖွဲ့ ဆေးရုံများ အထိ အသုံးပြုနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဒီနည်းက လွယ်တယ်၊ ဝေဒနာလည်း မခံစားရဘူး၊ သွေးလည်း မဆင်းဘူး၊ ခွဲပြီးတာနှင့် အကောင်း ပကတိပဲ' ဟု ဒေါက်တာ လင်းက ရှင်းပြပါသည်။

ခွဲစိတ်လျက် ရှိစဉ် အမျိုးသမီးက သူ့၌ ကလေး နှစ်ယောက် ရှိကြောင်း၊ နောက်ထပ် မလိုချင်တော့ကြောင်းဖြင့် ကျွန်တော့်ကို ပြောပြသည်။ အိမ်ထောင်တစ်ခုတွင် ကလေး နှစ်ယောက် သုံးယောက်လောက်သာ ရှိသင့်ကြောင်း၊ မြို့ကြီးများတွင် အိမ်ထောင် ပြုသင့်သည့် အရွယ်မှာ အမျိုးသမီးများ အတွက် ၂၆ နှစ်၊ အမျိုးသားများ အတွက် ၂၈ နှစ် ဖြစ်သင့်ကြောင်းဖြင့် အကြံပေးထားသည်။ ပို၍ နောက်ကျလျှင် ပို၍ ကောင်းသည်။ ကလေး အရေအတွက်နှင့် အိမ်ထောင်ပြုသင့်သည့် အရွယ်ကို အကြံပေးသည် ဆိုသော်လည်း နေရာတကာတွင် လက်တွေ့ မဖြစ်သေးပါ။ သို့ရာတွင် လူ့အဖွဲ့အစည်း၊ အထူးသဖြင့် မြို့နေအသိုင်းအဝိုင်းကမူ ဤသတ်မှတ်ချက်အား ချိုးဖောက်ခြင်းကို နှာခေါင်း ရှုံ့သည်။ သို့တိုင်အောင် ယဉ်ကျေးမှု တော်လှန်ရေး အတွင်းကမူ လူငယ် အများအပြားပင် ခပ်စောစော အိမ်ထောင်ကျခဲ့ကြသည်။ ကျေးလက်များတွင်မူ ၂၀ နှင့် ၂၅ နှစ် အကြားတွင် အိမ်ထောင်ပြုတတ်ကြသည်။ သို့ရာတွင် နိုင်ငံခြားတွင် ပြောနေကြသကဲ့သို့ ငယ်ငယ်ရွယ်ရွယ် လက်ထပ်သဖြင့် အပြစ်ပေးသည်၊ အတင်းအကျပ် ကွာခိုင်းသည် ဆိုခြင်းမျိုးတော့ မရှိပါ။

'မနာဘူးလား' ဟု ကျွန်တော်က တရုတ်လို မေးသည်။ အမျိုးသမီးက ခေါင်းယမ်းပြသည်။ မော်စီတုန်း အတွေးအခေါ်ကို အသုံးပြုသည်ဟု ကျွန်တော့်ကို ပြောပြသည်။ ဆင်းရဲ ပင်ပန်းမှာ မကြောက်၊ သေရမှာ မကြောက် ဆိုသည့် ဆောင်ပုဒ်ကို ရွတ်ဖတ်သလော မပြောတတ်ပါ။ ဆယ်မိနစ် မကြာမီမှာပင် ခွဲစိတ်ခန်း စားပွဲပေါ်မှ ထလာပါသည်။

ကျွန်တော် မကျေနပ်သဖြင့် သန္ဓေ ဖျက်ပေးသည့် ခွဲစိတ်မှု တစ်ခုကို နောက်ထပ် သွားကြည့်ပြန်သည်။ ဤအမျိုးသမီးက အသက် ၂၉ နှစ် ရှိ၍ လျှပ်စစ် ပစ္စည်း စက်ရုံ တစ်ခုတွင် အလုပ် လုပ်ပါသည်။ ခြောက်နှစ်ရွယ် ကလေး တစ်ယောက် ရှိသည်။ မူလက သားအိမ်ထဲ ထည့်သည့် ပဋိသန္ဓေတားအိတ်ကို သုံးသည်။ ယခု ဆေးလုံးများကို သုံးနေသည်ဟု ပြောပြသည်။ သူ့ကို ခွဲစိတ်သည့် အခါတွင်လည်း ထုံဆေး အဖြစ် အပ်စိုက်ပြန်သည်။ ပထမ တစ်ယောက်တုန်းကကဲ့သို့ပင် သူ့ကို ကြည့်ရသည်မှာလည်း လန်းလန်းဆန်းဆန်း ရှိသည်။ သူ့ကို ခွဲစိတ်နေသည်ကိုပင် လုံးဝ သိပုံ မရ။ ခွဲစိတ်ပြီးပြီဟု ပြော



mgyoe.com

mgyoe.com SAMPLE BOOK

သည့် အခါတွင် အံ့အားသင့်နေသည်။ ချက်ချင်းပင် ထထိုင်ကာ စကား ပြောသည်။

'ခုဆိုရင် ကျွန်မ လစာနှင့် ခွင့်နှစ်ပတ် ယူနိုင်ပြီလေ၊ ဒါပေမဲ့ ကိစ္စ မရှိပါဘူး၊ ဒီနေ့ ညနေပိုင်းမှာ အလုပ် ပြန်ဆင်းမယ်၊ နေကောင်းနေတာပဲဟာ၊ စက်ရုံမှာ လူ လိုနေတယ်၊ အချိန် မစေ့မီ ကျွန်မတို့ မှန်းထားတဲ့ ထုတ်လုပ်မှု ပြီးအောင် လုပ်ရမယ် မဟုတ်လား' ဟု ပြောပြသည်။

ဒေါက်တာ လင်းက တစ်နာရီ နှစ်နာရီလောက် ခေတ္တ နားပြီး အိမ် ပြန်နိုင်ပြီဟု ပြောသည်။

တရုတ်ပြည်တွင် ပဋိသန္ဓေ ဖျက်လိုလျှင် အစိုးရက အခမဲ့ ဖျက်ပေးပါသည်။ မိခင် တစ်ယောက်တည်းက သဘောတူလျှင် ကိစ္စ ပြီးသည်။ သို့ရာတွင် တစ်အိမ်ထောင်လုံးက သဘောတူလျှင် ပို၍ ကောင်းသည်။ ပဋိသန္ဓေတား ဆေးလုံးများကို ၁၉၆၄ ခုနှစ်က စမ်းသပ် သုံးစွဲခဲ့သည်။ ထိုကတည်းက တရုတ်ပြည်တွင် လုပ်၍ ၂၂ ရက် စားရသော တားဆေးများကို သားအိမ်ထဲ ထည့်သည့် ပစ္စည်း စသည့် အခြား ကိရိယာများထက် လူကြိုက် များလာခဲ့သည်။ ဓမ္မတာ စလာပြီး ငါးရက်မြောက်နေ့တွင် ထိုဆေးလုံးကို စားရသည်။ ဆေးရုံများ၊ နယ်လှည့် ဆေးပေးယာဉ်များ၊ စစ်တပ်နှင့် ဘုံအဖွဲ့ ဆေးပေးခန်းများက ပဋိသန္ဓေ တားရန် ဝါဒလည်း ဖြန့်၊ ဆေးလည်း ပေး စသည့် အလုပ် နှစ်ခုကို တစ်ပြိုင်နက် လုပ်သွားပါသည်။

ယခု အချိန်၌မူ ထုတ်လုပ်မှုက သုံးစွဲမှုကို မလိုက်နိုင်အောင် ဖြစ်နေပြီ။

အမှန်အားဖြင့် တရုတ်ပြည်၌ သန္ဓေ ဖျက်ခြင်းကို အားပေးခြင်းမှာ ပဋိသန္ဓေ တားခြင်းကို အစားထိုးလို၍ မဟုတ်ပါ။ တားသည့် နည်းများဖြင့်လည်း မအောင်မြင်၊ ကလေးကလည်း တစ်ယောက် သို့မဟုတ် တစ်ယောက်ထက် ပိုသည့် မိခင်များ အတွက် နောက်ဆုံး နည်းလမ်း အဖြစ် အသုံးပြုခြင်း ဖြစ်ပါသည်။ တရုတ်ပြည်တွင် အဖေ မပေါ်သည့် ကိစ္စမျိုး မရှိသောကြောင့် သန္ဓေ ဖျက်သည့် ကိစ္စသည်လည်း လင်ကောင် မပေါ်ဘဲ မွေးသည့် အဖြစ်မျိုးကို ရှောင်ရှားသည့် နည်းလမ်း တစ်ရပ် မဟုတ်။ (ကလေး မွေးလာလျှင် ကလေး၏ တာဝန်ကို ဖအေရော မအေပါ ညီတူညီမျှ တာဝန် ယူရသည်သာ ဖြစ်သည်။) အလွန် အရေးအတွက် နည်းသည့် ပထမဆုံး ကိုယ်ဝန်ဆောင် မိခင် တချို့ သန္ဓေ ဖျက်ရန် ကြိုးစားကြသော်လည်း အများအားဖြင့် ကျန်းမာရေး ကောင်းလျှင် သန္ဓေ မဖျက်ရန် စည်းရုံး သိမ်းသွင်းသည်သာ ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

သန္ဓေ ဖျက်ရာ၌ ထုံဆေး အဖြစ် အပ်စိုက်သည့် နည်းကို ၁၉၆၈ ခုနှစ်တွင် ပထမဆုံး စမ်းသပ်ခဲ့ရာ ယခု အချိန်တွင် ထိုနည်းကို နိုင်ငံအဝန်း သုံးစွဲနေကြပြီဟု ဒေါက်တာ လင်းက ကျွန်တော့်ကို ပြောပြသည်။ သားဖွားရာတွင်လည်း အပ်စိုက်သည့် နည်းကို အသုံးပြုသည်။ (တရုတ်ပြည်၌ သားဖွားမှုကိုးဆယ် ရာခိုင်နှုန်းမှာ သဘာဝ အလျောက် မွေးဖွားခြင်း ဖြစ်သော်လည်း ခက်ခဲသည့် ကိစ္စများတွင် အပ်စိုက်သည့် နည်းနှင့် အခြား မေ့ဆေးများကို အသုံးပြုပါသည်။) အပ်စိုက် မွေးဖွားနည်းသည် အနောက် နိုင်ငံ နည်းပညာတတ် မေ့ဆေး ပါရဂူများ ရှားပါးသည့် ကျေးလက်များ အတွက် များစွာ အရေးကြီးလှပါသည်။ သို့ရာတွင် ဤနည်း အောင်မြင်ကြောင်းကို ယခုတိုင် ထုတ်ဖော် ကြေညာခြင်း မပြုသေး။

ကျွန်တော် တွေ့မြင်ခဲ့ရသည့် အပ်စိုက်၍ သန္ဓေ ဖျက်နည်းနှင့် ပတ်သက်သည့် ဓာတ်ပုံများကို ပုံနှိပ် ဖော်ပြခြင်း မပြုရန်၊ ထိုအကြောင်းကို ရေးသားခြင်း မပြုရန် နယ်ချဲ့ ဆန့်ကျင်ရေး ဆေးရုံ တော်လှန်ရေး ကော်မတီ ဥက္ကဋ္ဌက ကျွန်တော့်ကို မေတ္တာ ရပ်ခံသော အခါ ကျွန်တော် အများကြီး စိတ်ပျက်သွားသည်။

ရက် အတန်ကြာသော အခါ ထိုဆေးရုံသို့ သွားကြည့်သည့် အကြောင်းကို ဝန်ကြီးချုပ် ချူအင်လိုင်းက မေးသည်။

အစိုးရ၏ အတည်ပြုချက်ကို ရယူရန် အတွက် အပ်စိုက်၍ သန္ဓေ ဖျက်သည့်နည်းနှင့် ပတ်သက်သည့် အစီရင်ခံစာ တစ်စောင် သူ့စားပွဲတွင် ရောက်နေသည်မှာ ကြာပြီဟု ဝန်ကြီးချုပ်က ပြောပြသည်။ ယခုမူ ကျေနပ်ပြီဟု ဆိုကာ ကျွန်တော်တို့ ဆေးရုံသို့ သွားလည်သည့် သတင်းကို သတင်းစာများတွင် ဖော်ပြရန် ကိုယ်တိုင် ထုတ်ပေးလိုက်သည်။

သမ္မတ နစ်ကဆင် သို့မဟုတ် ဝန်ကြီးချုပ် ကိုဆီဂင်သည် ဤအသေးအဖွဲ ကိစ္စကလေး အတွက် အချိန် ယူနိုင်လိမ့်မည် မဟုတ်ဟု ကျွန်တော် ထင်ပါသည်။ လူတစ်ယောက်တည်းက နှစ်ကိုယ် ခွဲ၍ အဘယ်မှာ အချိန် ယူနိုင်မည်နည်း။ ချူကမူ နှစ်ကိုယ်ခွဲမျှမက ကိုယ်ခွဲ များစွာ ရှိသူ ဖြစ်ပါသည်။

mgyoe.com

mgyoe.com. SAMPLE BOOK

# ၆

## အပ်စိုက် ကုသနည်း ဘာလဲ

တော်လှန်ရေး မတိုင်မီ တရုတ်ပြည်တွင် နေထိုင်ခဲ့ဖူးသူ တစ်ဦး အနေဖြင့် အပ်စိုက် ကုသနည်းနှင့် အသား မီးကင်၍ ကုသနည်းကို နားလည်အောင် တစ်ခါမျှ ကျွန်တော် လေးလေးနက်နက် မလေ့လာဖူးခဲ့ပါ။ အခြားသော နိုင်ငံခြားသားများ နည်းတူ တရုတ်တို့၏ ဆေးပညာကို အလကားဟု ကျွန်တော် ထင်ခဲ့သည်။

၁၉၆၀ ခုနှစ် တရုတ်ပြည်သို့ တစ်ခေါက် ပြန်ရောက်သည့် အခါတွင်မှ တရုတ် ဆေးပညာသည် သတိပြုစရာ ပညာ တစ်ရပ် ဖြစ်ကြောင်း ကျွန်တော် တွေ့လာရသည်။ ၁၉၅၈ ခုနှစ်မှ စ၍ အနောက်တိုင်း ဆေးပညာတတ် ဆရာဝန်များ အားလုံး တိုင်းရင်း ဆေးပညာကို အနည်းဆုံး ခြောက်လမျှ လေ့လာရသည်ဟု ကျွန်တော် သိရှိခဲ့ရသည်။ တရုတ် တိုင်းရင်း ဆေးပညာသည် အနှစ် ၂၂၀၀ ကြာ အက္ခရာ တင်ပြီးသား သမိုင်း ရှိသည်။ ဆေးညွှန်းများ၊ ရောဂါ အသေးစိတ်များ၊ ကုထုံးများ ကျမ်း ထောင်ပေါင်းများစွာ ရေးပြီးသား ရှိသည်။

အပ်စိုက် ကုသနည်းနှင့် ပတ်သက်၍ တရုတ် တရာဝန်များ၊ နိုင်ငံခြားသား ဆရာဝန်များနှင့် အကြိမ်ပေါင်း များစွာ ကျွန်တော် ဆွေးနွေးခဲ့ဖူးပါသည်။ သို့ရာတွင် အပ်စိုက် ကုသနည်းနှင့် စပ်လျဉ်း၍ အမေရိကန် ပြည်ထောင်စု ကျန်းမာရေး ဌာန ဆရာဝန်ကြီး ဒေါက်တာ ဝီလျံ ချန်း ၁၉၆၁ ခုနှစ်တွင် တင်သွင်းသည့် အစီရင်ခံစာထက် ကောင်းသည့် စာတမ်းကို မတွေ့ဖူးသေးပါ။ ထို စာတမ်းကို ယခင်က ကျွန်တော် ထုတ်နုတ် ကိုးကားခဲ့ဖူးပါသည်။

ဒေါက်တာ ချန်းသည် သူ့စာတမ်းကို ရေးရာ၌ တရုတ်ပြည်နှင့် ပတ်သက်သည့် သူ့ကိုယ်တွေ့ ဗဟုသုတကိုလည်း အခြေခံသည်။ တရုတ်ပြည်သို့



mgyoe.com

mgyoe.com SAMPLE BOOK

မကြာမီက ရောက်ခဲ့ကြသော နိုင်ငံခြားသား ဆရာဝန်များထံမှ အချက်အလက်များကိုလည်း ယူသည်။ တရုတ်ပြည်က အထူး ဆေးပညာရပ် ဆိုင်ရာ ဂျာနယ်များတွင် ပါသည့် သုတေသန ပြုချက်များကိုလည်း ခွဲခြမ်း စိတ်ဖြာကြည့်သည်။ ('အရေးကြီးသည့်' ဆေးပညာ ဂျာနယ် ၂၅ စောင်ခန့် ရှိသည်။)

ဤသို့ လေ့လာပြီးနောက် ဒေါက်တာ ချန်းက အပ်စိုက် ကုသနည်းနှင့် ပတ်သက်၍ သူ့စာတမ်းတွင် ဤသို့ တင်ပြထားပါသည်။

'တရုတ် တိုင်းရင်း ဆေးပညာသည် နှစ်ပေါင်း လေးထောင်ကျော်က အတွေ့အကြုံများကို အခြေခံသော လက်တွေ့ ကုသရေး အတတ်ပညာ တစ်ရပ်ဖြစ်သည်။ လူတို့ ကျန်းမာနေခြင်းသည် ခန္ဓာကိုယ်တွင်းတွင် လှုပ်ရှား သွားလာနေသော ဓာတ်ဖိုနှင့် ဓာတ်မတို့ သင့်တင့် မျှတ ညီညွတ်နေကြခြင်းကြောင့်ဖြစ်သည်။ မကျန်းမမာ ဖြစ်ရခြင်းမှာ ထိုဓာတ်ဖိုနှင့် ဓာတ်မတို့ သင့်တင့် မျှတ ညီညွတ်မှု မရှိခြင်းကြောင့် ဖြစ်သည်ဟု တရုတ် တိုင်းရင်း ဆေးပညာက ယူဆသည်။ တရုတ် ဆေးပညာ၌ ခန္ဓာဗေဒ အနေဖြင့် လည်းကောင်း၊ ဇီဝိတဗေဒ အနေဖြင့် လည်းကောင်း ဘာမျှ အသစ်အဆန်း မပါ။ သို့ရာတွင် ဘယဆေးများနှင့် ၎င်းတို့၏ ကုစားနိုင်စွမ်း ရှိမှုများ၊ ရောဂါ ဝေဒနာ အမျိုးမျိုးကို စူးစမ်း လေ့လာမှုများ စသည်တို့နှင့် ပတ်သက်လာလျှင်မူ အလွန် များပြားသော အတွေ့အကြုံများနှင့် အဖိုးတန် စုဆောင်းချက်များ ရှိသည်။

ဤဘယဆေးများ၏ စွမ်းရည်၊ အပ်စိုက် ကုသခြင်းဖြင့် ပျောက်ကင်းနိုင်စွမ်း၊ အသားကို မီးကင်၍ ကုနည်း၊ လက်နှိပ်ဖြင့် ကုနည်း၊ အသက်ရှူခြင်းဖြင့် ကုနည်းတို့မှာကား အဖိုးတန်သည်။

အပ်စိုက် ကုနည်းမှာ အပ် အပူနှင့် အပ် အအေးများကို ခန္ဓာကိုယ်ပေါ်က လိုရာ အစိတ်အပိုင်း၌ ထိုးစိုက်ခြင်း ဖြစ်သည်။ အချို့ အပ်များက တုတ်၍၊ အချို့က တို၍၊ အချို့က (သုံးစင်တီမီတာမှ ၂၄ စင်တီမီတာ အထိ) ရှည်သည်။ အပ်များကို စိုက်လိုက်သည့် အခါ၌ ခန္ဓာကိုယ် နေရာ အနှံ့အပြားရှိ အမျိုးမျိုးသော အကြောမျှင်များနှင့် ကောဋ္ဌာသ အစုအဝေး အသီးသီးကို လှုပ်ရှားစေခြင်းဖြင့် ဇီဝိတဗေဒ ဆိုင်ရာ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြင့် ရောဂါ ပျောက်ကင်းစေသည်။

ယခုအခါ ဓာတ်အပ်စိုက်ဆရာများကို ဆက္ကင်ဒရီ ဆရာဝန် သင်တန်းများတွင် ပို့ချသည့် ခန္ဓာဗေဒနှင့် သိပ္ပံပညာတို့ကို သင်ကြားပေးသည်။ ဓာတ်အပ်စိုက် ပါရဂူများ ရှိသည့် ဆေးရုံများ၌ သူတို့ကို တွဲပေးထားသည်။ ဓာတ်

mgyoe.com

mgyoe.com SAMPLE BOOK

အပ်စိုက်ဆရာ အများစုက လျှပ်စစ်ဓာတ်အား ပျော့ပျော့ လွှတ်ထားသည့် အပ်များကို အသုံးပြုကြသည်။ တစ်ခါတစ်ရံ၌ ဓာတ်အပ်စိုက် ကုသနည်းကို ဓာတ်မှန် ရောင်ခြည် ကုသနည်းဖြင့် တွဲပေးတတ်သည်။

ဒေါက်တာ ချန်းက ဆက်လက်၍ 'အပ်စိုက်လိုက်သည့် အခါ၌ ဖြစ်ပေါ်လာသော လှုပ်ရှားမှုသည် အာရုံကြောများမှ တစ်ဆင့် ဦးနှောက်သို့ ရောက်သွားသည်။ ထိုအခါတွင် ရောဂါကြောင့် ဦးနှောက်ထဲရှိ နာကျင်မှန်း သိသည့်နေရာကို ဖိနှိပ်လိုက်သည်နှင့် ဝေဒနာ ပျောက်ကင်းသွားသည်ဟု ဓာတ်အပ်စိုက်ပညာက ယူဆသည်။ ဤအယူအဆသည် ပက်ဗလော့၏ အာရုံကြော တုံ့ပြန်မှု သဘောတရားနှင့် သွား၍ ကိုက်ညီနေသည်။

'အပ်စိုက် ကုနည်းကို အူအတက်ပေါက် ရောဂါ စသည့် ခွဲစိတ်ရသည့် ရောဂါများမှ အစ ဆီးချို ရောဂါ စသည့် နာတာရှည် ရောဂါများ အထိ ရောဂါ အမျိုးမျိုးကို ကုသရာတွင် အသုံးပြုသည်။ အာရုံကြော ရောဂါများ၊ သို့မဟုတ် အာရုံကြော ချွတ်ယွင်း၍ ဖြစ်ပေါ်လာသော ရောဂါများ၌ အပ်စိုက် ကုသနည်းသည် အစွမ်း အထက်ဆုံး ဖြစ်သည်ဟု ယုံကြည်ကြသည်။ မျက်နှာတစ်ခြမ်း ရွဲ့ခြင်း၊ အဆစ်အမြစ် ရောင်ခြင်း၊ နှင်းခူ ထခြင်း စသည့် ရောဂါများကို ကုရာ၌ ပျောက်လွယ်သည်ဟု ဆိုသည်။ ရှရှ ဆရာဝန် တစ်ယောက်တွင် စိတ်ညစ်စရာ ကောင်းလောက်အောင် အဆစ်အမြစ် ကိုက်သည့် ရောဂါကြီး နှစ်ရှည်လများ စွဲကပ်နေသည်။ အပ်စိုက် ကုသနည်းဖြင့် ပျောက်ကင်းသွားသည်ဟု သိရသည်။ တရုတ်ပြည်သို့ ရောက်လာပြီး ၁၉၅၈ ခုနှစ်တွင် အပ်စိုက် ကုသနည်းကို လေ့လာခဲ့သည့် အိန္ဒိယ ဆရာဝန် တစ်ဦးမှာ အစတွင် အပ်စိုက် ကုသနည်းကို သံသယ ဖြစ်နေသည်။ သို့ရာတွင် တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်း ဆေးပညာကို ပေါင်းစပ်ပေးခြင်းဖြင့် ထူးခြားသော အောင်မြင်မှုများကို ရခဲ့ကြောင်း နောင်တွင် ယုံကြည်သွားသည်။ သူ့တွင် စွဲကပ်နေသည့် နှာခေါင်းပိတ် ရောဂါလည်း အပ်စိုက် ကုသနည်းဖြင့် ပျောက်ကင်းသွားသည်' ဟု ဖော်ပြထားပါသည်။

ပီကင်းနှင့် အခြား မြို့ကြီးများက ဆေးရုံများသို့ ကျွန်တော် ရောက်သွားသည်။ ထိုဆေးရုံများ၌ အူအတက်ရောင် ရောဂါ၊ နှင်းခူ စွဲသည့် ရောဂါ၊ အဆစ်အမြစ် ရောင်သည့် ရောဂါ၊ နှာခေါင်းပိတ် ရောဂါ၊ အဆုတ် ရောဂါ၊ အပြင်းအထန် ခေါင်းကိုက် ရောဂါ၊ ချွဲကျပ် ရောဂါနှင့် အကြော ရောဂါ အမျိုးမျိုးတို့ကို တရုတ် တိုင်းရင်းနည်းများဖြင့် ကုသခံနေသော လူနာများကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ကိုယ်တိုင် တွေ့ခဲ့ရသည်။ ဟန်ကောတွင် ဆေးရုံသို့ ရောက်လာသော သတိလစ်နေသည့် လူနာ တစ်ဦးကို ကျွန်တော် တွေ့ခဲ့သည်။ အနောက်နိုင်ငံ ဆေးပညာတတ် ဆရာဝန်များက သူ့ရောဂါကို ပြင်းထန်သည့် အူအတက်ရောင် ရောဂါဟု သတ်မှတ်ကြသည်။ တိုင်းရင်း ဆေးဝါးနှင့် အပ်စိုက် ကုသပြီးနောက်တွင် ထိုလူနာ ရောဂါ ပျောက်သွားကာ လူနာကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

တရုတ်ပြည်၌ ဗိန္ဒော ဆေးပညာရှင်များနှင့် ဓာတ်အပ်စိုက် ဆရာများ တွဲ၍ ကုသကြသည်။ ဗိန္ဒော ဆရာများကလည်း အပ်ကိုင်ကြသည်။ တရုတ်တိုင်းရင်းဆေးပညာ ဝေါဟာရများကို ဘာသာပြန်ရန် မလွယ်ကူပါ။ သို့ရာတွင် ဓာတ်ဖိုနှင့် ဓာတ်မတို့၏ 'ပဋိပက္ခ' သဘောမှာ အရင်းခံ ဖြစ်သည်။ လူ၏ ခန္ဓာကိုယ်ကြီးသည် ညီညွတ် မျှတသော ကောဋ္ဌာသ အစုအဝေး ဖြစ်သည်။ မကျန်းမာခြင်း ဆိုသည်မှာ ကောဋ္ဌာသ အစုအဝေးတို့ ညီညွတ် မျှတခြင်း မရှိဘဲ တစ်ခုခု လွန်ကဲ ဖောက်ပြန်လာခြင်း ဖြစ်သည်။ ကုသခြင်း ဆိုသည်မှာ ထိုဖောက်ပြန် လွန်ကဲမှုများကို ညီညွတ် မျှတအောင် ပြန်လုပ်ပေးခြင်း ဖြစ်သည်။ လူ၏ ခန္ဓာကိုယ် အတွင်း၌ (ယင်း-ယန်း) ဓာတ်ဖိုနှင့် ဓာတ်မ၊ (ပြောင်-လီ) ဗဟိဒ္ဓနှင့် အဇ္ဈတ္တ၊ (လင်-ကျိ) သီတနှင့် ဥဏှ၊ (ဆူ-ရှိ) ပထဝီနှင့် ဝါယော စသည့် ဓာတ်ရှစ်ပါး ရှိသည်။ ဤဓာတ်ရှစ်ပါးတို့၏ 'ဝိရောဓိ' ဖြစ်မှုကို ဖြေရှင်းပေးခြင်းသည် ကုသခြင်းပင် ဖြစ်သည်။

အပ်စိုက် ကုသနည်း အညွှန်းတွင် ခန္ဓာကိုယ်ကို အဆိုပါ ဓာတ်ကြီးရှစ်ပါး အခြေခံဖြင့် လည်းကောင်း၊ ထိုဓာတ်ကြီး ရှစ်ပါးတို့ကို ညီမျှအောင် ထိန်းပေးသည့် 'အသက် ဓာတ်အား' များဖြင့် လည်းကောင်း သရုပ် ခွဲပြထားသည်။ သာမန်အားဖြင့် သင့်တင့် မျှတနေသော ခန္ဓာကိုယ် တစ်ခု အတွင်း၌ မိတ်ဖက် သဘော ဆောင်သည့် 'ပဋိပက္ခ' များ ရှိမြဲ ဖြစ်သည်။ 'မညီညွတ်မှု' (ရောဂါ) ဖြစ်လာရခြင်းမှာ ကောဋ္ဌာသ အစုအဝေး တစ်ခုခု သို့မဟုတ် အင်္ဂါဖွဲ့စည်းမှု လုပ်ငန်း တစ်ခုခုကို အလုပ်ပိုလုပ်စေခြင်း၊ ထိခိုက် ဒဏ်ရာ ရစေခြင်း၊ တစ်နည်းနည်းဖြင့် အနှောင့်အယှက် ဖြစ်စေခြင်း စသည်တို့ကြောင့် ဖြစ်သည်။ ဆေးဆရာ၏ အလုပ်မှာ ထိုမညီမျှမှု၊ လွန်ကဲ ခက်ထန်မှု၊ ဝိရောဓိ ဖြစ်မှုတို့ကို သင့်မြတ် ညီမျှအောင် ပြန်လည် ထိန်းသိမ်းပေးရန် ဖြစ်သည်။

'ရောဂါတိုင်းမှာ အတွင်း ပယောဂနှင့် အပြင် ပယောဂရယ်လို့ ရှိတယ်' ဟု နယ်ချဲ့ ဆန့်ကျင်ရေး ဆေးရုံကို (ပီကင်း ယူနီယံဟု ခေါ်စဉ်) ကျွန်တော်

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုယ်ခန္ဓာ၊ ခြေ၊ လက်နှင့် ခေါင်း စသည်တို့တွင် မျက်စိဖြင့် မမြင်နိုင်သော 'မျဉ်းကြောင်း' များ ရှိသည်။ ထိုမျဉ်းကြောင်းများသည် အထူးထူးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်သွယ်နေကြသည်ဟု တရုတ်တို့က ယူဆသည်။ ဤအချက်သည် 'စမ်းသပ် တွေ့ရှိပြီးဖြစ်သော အချက်' ဖြစ်သည်ဟု ဟတ်စလေက လက်ခံသည်။

ဤ မျဉ်းကြောင်းများပေါ်၌ အလွန် နူးညံ့ သိမ်မွေ့သည့် နေရာများ ရှိကြသည်။ ဤနေရာ တစ်ခုခုပေါ်သို့ အပ်စိုက်သည်နှင့် ထိုနေရာ တည်ရှိသည့် မျဉ်းကြောင်းနှင့် ဆက်သွယ်သော အင်္ဂါ အစိတ်အပိုင်းသည် လှုပ်ရှားလာသည်။ သို့ဖြင့် တတ်ကျွမ်းသူ အပ်စိုက်ဆရာက သင့်လျော်သော နေရာများတွင် အပ်စိုက်ပေးလိုက်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း၌ ခွန်အား လှည့်ပတ်မှု အားကောင်းလာသည်။ ခွန်အား လှည့်ပတ် သွားလာမှု ကောင်းလာသည်နှင့် ကျန်းမာလာသည်။

'ဤစကားသည် အဓိပ္ပာယ် မရှိဟု တချို့က ပခုံး တွန့်ကောင်း တွန့်ကြပေလိမ့်မည်။ သို့ရာတွင် လျှပ်စစ် ကိရိယာများနှင့် ရှာဖွေကြည့်သည့် အခါ၌ တရုတ်တို့ ပြောသည့် မျဉ်းကြောင်းရာများကို တွေ့ရသည်။ အပ်ကြီးကြီး တစ်ချောင်းဖြင့် အရေးကြီးသည့် နေရာ တစ်ခုကို စိုက်လိုက်သည့် အခါတွင် ခန္ဓာကိုယ်တွင်း၌ လျှပ်စစ်ဓာတ် သဘော အရ ပြောင်းလဲချက်များ ရှိကြောင်းကို တွေ့ရသည်။ ဤအကြောင်းကို နောက်ဆုံး ကျင်းပသည့် ဓာတ်အပ်စိုက်ဆရာများ၏ ကွန်ဂရက်၌ တင်သွင်းသော စမ်းသပ်ချက် စာတမ်းများ အရ သိရသည်' ဟု ဟတ်စလေက ရေးခဲ့သည်။

တရုတ် နည်းဖြင့် ထိရောက်စွာ ကုသနိုင်သည့် ရောဂါများမှာ ကိုယ်အင်္ဂါ တစ်ခုခု ချွတ်ယွင်းမှုကြောင့် ပေါ်ပေါက်လာသည့် စိတ္တဇ ရောဂါများ ဖြစ်သည်။ (ဥပမာ စိုးရိမ်စိတ်လွန် ရောဂါ၊ စိတ်ဓာတ်ကျဆင်း ရောဂါ စသည်) ထိုရောဂါများသည် ပုံမှန် ခွန်အား လှည့်ပတ် သွားလာမှု ကောင်းသွားသည်နှင့် ပျောက်သွားကြသည်။ စိတ်ရောဂါကု ဆရာဝန်များ၏ ခုတင်ပေါ်၌ နှစ်အတန်ကြာ ပက်လက် ဖြစ်နေသည့် ကိစ္စမျိုးကို အပ် နှစ်ခါ သုံးခါ စိုက်ရုံဖြင့် ပျောက်ကင်းသွားစေနိုင်သည်။

တရုတ် တိုင်းရင်းသား ဆေးကျမ်းများ၌ ပိုးမွှားဗေဒ၊ အဏု ပိုးမွှားဗေဒ၊ ကပ်ပါး ပိုးမွှားဗေဒ၊ ကူးစက် ပိုးမွှားဗေဒ၊ အူရောင် ပိုးမွှားဗေဒ၊ ကာလသား ရောဂါ ပိုးမွှားဗေဒ စသည့် အခြေခံ သိပ္ပံပညာရပ်များ အကြောင်းနှင့် ပတ်သက်

mgyoe.com

mgyoe.com SAMPLE BOOK

၍ ဖော်ပြထားခြင်း မရှိပါ။ ရှေးဟောင်း ဆေးပညာ ကုထုံးများသာ ပါသည် ဆိုသည်မှာ မှန်ပါသည်။ တရုတ်တို့ တိုင်းရင်း ဆေးပညာကို ဤအစွဲမျိုးဖြင့်သာ ကြည့်နေလျှင် အပ်စိုက် ကုသနည်းနှင့် တရုတ် ဗိန္ဓော၏ အစွမ်းထက်မှုကို စိတ်ဝင်စားမှု နည်းကြလိမ့်ဦးမည်ဟု ကျွန်တော် ထင်ပါသည်။

စင်စစ်၌ တရုတ် ဆေးပညာသည် ကျောက် ရောဂါ၊ အူရောင်ငန်းဖျား ရောဂါ၊ အဆုတ် ရောဂါ၊ ပလိပ် ရောဂါ၊ သွေးဝမ်းကျ ရောဂါ၊ ကာလဝမ်း ရောဂါ၊ မေးခိုင် ရောဂါ၊ ကာလာအာဇာ ရောဂါ၊ ငှက်ဖျား ရောဂါ၊ ဖိလာရိယာ သန်စွဲနာ၊ ကာလသား ရောဂါနှင့် အခြား ရောဂါများစွာ ကာကွယ်ရေး အတွက်မူ ဘာမျှ အသုံးမဝင်ပါ။

တရုတ်ပြည်၌လည်း အနောက်တိုင်း ဆေးပညာနှင့် တိုင်းရင်း ဆေးပညာ ပေါင်းစပ်ရေး ပေါ်လစီကို သံသယ ဖြစ်သူများ ရှိပါသည်။ ထိုပေါ်လစီကို ဆက်လက် ဆန့်ကျင်နေသူများလည်း ရှိပုံ ရသည်။

၄င်းတို့၏ သံသယသည် ရှိထိုက်သည့် သံသယမျိုး ဟုတ် မဟုတ် ကိုမူ ယခု အချိန်ထိ ကျွန်တော် မပြောနိုင်သေးပါ။

၁၉၆၀ ပြည့် နှစ်လယ်လောက်တွင် ဆေးရုံ များစွာက ဆရာဝန် တော်တော်များများ ကျွန်တော် တွေ့ခဲ့သည်။ တိုင်းရင်း ဆေးပညာကို ဤမျှ အမွှမ်းတင်ရသလောဟု ရှက်နေကြပုံ ရသည်။ တချို့ကမူ တိုင်းရင်း ဆေးပညာကို လေ့လာရန် 'အတင်း တိုက်တွန်းနေခြင်း' ကြောင့် စိတ်များပင် ဆိုးကြဦးမည်ဟု ကျွန်တော် ထင်သည်။ အနောက်တိုင်း ဆေးပညာ တတ်သည့် ဆရာဝန်ကြီးများကို အနိုပ်သည် သင်တန်း တက်ခိုင်းသည်ဟု ထင်ကောင်း ထင်ကြမည်လော မပြောတတ်။

ယဉ်ကျေးမှု တော်လှန်ရေး ကာလတုန်းက ဆေးဝါး ကုသမှုကို ကျေးလက် အနှံ့သို့ ရောက်ရန် အလေးပေး လှုံ့ဆော်လာခဲ့သည်။ ထိုအခါတွင် ယဉ်ကျေးမှု တော်လှန်ရေး၏ ဩဇာသည် အနောက်တိုင်း ဆေးပညာတတ် ဆရာဝန်များ အပေါ်၌လည်း စူးရှလာခဲ့သည်။ ထို့ကြောင့် ယဉ်ကျေးမှု တော်လှန်ရေး အပြီးတွင်မူ တရုတ် တိုင်းရင်းဆေးပညာနှင့် ပတ်သက်သည့် လူထုများ၏ အမြင်ကို ဆရာဝန်များက နားလည်သင့်သလောက် နားလည်လာခဲ့ကြသည်။ အထင်အမြင် သေးမှုများ လျော့နည်းခဲ့သည်။ အပ်စိုက် ကုသနည်း၏ စွမ်းအား ထက်မြက်မှုကို မြင်လာသည့် အခါ၌ တရုတ် တိုင်းရင်းဆေးပညာသည် ပို၍ ကျော်ကြားလာကာ အထင်ကြီးစရာ ရလဒ်များကိုလည်း ရရှိခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

'ဒါပေမဲ့ အပ်စိုက် ကုသနည်းကို ဇီဝိတဗေဒ သဘောတရားနှင့် ရှင်းပြလို့တော့ မရသေးဘူး' ဟု ဒေါက်တာ လင်းက ပြောပြသည်။ ဒေါက်တာ လင်းနှင့် ကျွန်တော်သည် ဝမ်းတွင်း ကင်ဆာကို ကုသခြင်း၊ မိုက်ခွဲခြင်း၊ နှလုံးကို ခွဲစိတ်ခြင်း စသည့် ကိစ္စများတွင် အပ်စိုက်၍ မေ့ဆေး ပေးနည်းကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။

'ခု ကျွန်မတို့ သိပ္ပံပညာရှင် ထောင်ပေါင်း များစွာဟာ အပ်စိုက် ကုသနည်းကို ဇီဝိတဗေဒ သဘောတရားနှင့် ယှဉ်ပြနိုင်အောင် ကြိုးစားနေကြတယ်၊ မကြာခင် ဒီအတားအဆီးကို ထိုးဖောက်နိုင်လိမ့်မယ် ထင်ပါတယ်' ဟု ဒေါက်တာ လင်းက နိဂုံးချုပ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ၇

## ဗိုမ ဆက်ဆံရေးနှင့် ပွားသော စာရင်းအင်း ဗေဒ

ဆေးရုံ တစ်ရုံ၏ အခန်း တစ်ခန်းကို ကျွန်တော် ကြည့်ခဲ့သည်။ သို့ ကြည့်လိုက်သော အခါ ကျန်းမာရေး လုပ်ငန်းနှင့် စပ်လျဉ်းသည့် ပြောင်းလဲချက်ကြီး တစ်ရပ်ကို သွားတွေ့သည်။ ယင်းမှာ တရုတ်ပြည်၌ လူဦးရေ ကန့်သတ်ရေးကို နည်းမျိုးစုံဖြင့် ကျယ်ပြန့်စွာ လုပ်နေခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဒေါက်တာလင်းနှင့် သူ့အမှုထမ်းများသည် ကလေးများကို လူ့လောကထဲသို့ မလာရန် တားဆီးရသည့် အလုပ်ထက် သူတို့ကို လူ့လောကထဲသို့ အရောက် ဆွဲထုတ်ရမည့် အလုပ်တွင် အချိန် အများကြီး သုံးနေရသည်။ သားအိမ် ကင်ဆာကို ကုသခြင်း၊ ကလေး ရအောင် လုပ်ပေးရခြင်း၊ ယဉ်ကျေးမှု တော်လှန်ရေးက လှုံ့ဆော်ခဲ့သော 'ကျေးလက်ကို ဦးစားပေး' ဆိုသည့် လုပ်ငန်း၌ ပါဝင်ရခြင်း စသည့် ကိစ္စများတွင် အချိန်ကုန်နေရသည်။

မော်စီတုန်းက ဆေးနှင့် ကျန်းမာရေး အလုပ်သမားများ အတွက် မူလေးချက်ကို ချပေးခဲ့ပါသည်။ ၄င်းတို့မှာ (တစ်) ကျေးလက်ကို ဦးစားပေးရမည်။ (နှစ်) အလုပ်သမား၊ လယ်သမားနှင့် စစ်သားတို့၏ အကျိုးကို ဆောင်ရမည်။ (သုံး) ကျေးလက်နှင့် မြို့ပြ ကျန်းမာရေး လုပ်ငန်းများကို လူထု လှုပ်ရှားမှုများနှင့် ပေါင်းစပ်ပေးရမည်။ (လေး) တရုတ် တိုင်းရင်း ဆေးပညာရှင်များနှင့် အနောက်တိုင်း ဆေးပညာတတ် ဆရာဝန်များ ပူးပေါင်းရမည် ဆိုသည်တို့ ဖြစ်ကြသည်။ ချုပ်ပြောရလျှင် ယခု အချိန်တွင် ဤမူလေးချက်ကို တရုတ်ပြည်၌ လိုက်နာ ကျင့်သုံးလျက် ရှိသည်။

'တားဆီးရေး ပထမ' ဆိုသည်မှာ မိသားစု စီမံကိန်း သဘောသက်သက်မျှ မကပါ။

mgyoe.com

mgyoe.com SAMPLE BOOK

တားဆီးရေး ကိစ္စသည် အရေးကြီးသည့် အရင်းခံ ပြဿနာ တစ်ရပ် ဖြစ်နေသည့် အတွက် တားဆီးရေး ကိစ္စများ အကြောင်းကို မရေးမီ ဝေါဟာရ ကို ပထမ ရေလည်အောင် ဋီကာ ချဲ့ရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

တရုတ်တို့၏ တားဆေးသည် မည်မျှ ထိရောက်သနည်း။ ၂၂ ရက် စား ရသော သူတို့ ဆေးလုံး၌ နောက်ဆက်တွဲ ဥပဒ် အန္တရာယ် လုံးဝ မရှိဟု ဒေါက်တာ လင်းနှင့် အခြား ပါရဂူများက ကျွန်တော့်ကို ပြောပြကြသည်။ နေ့စဉ် စားလျှင် ရာခိုင်နှုန်းပြည့် စိတ်ချရသည်ဟု ဆိုသည်။ သို့ရာတွင် (တမင် သော် လည်းကောင်း၊ မေ့၍သော် လည်းကောင်း) ရက်ကျော်စားမိသည့် ကိစ္စ များလည်း 'အများကြီး ရှိသည်' ဟု သိရသည်။ ထို့ကြောင့် တစ်လလျှင် တစ်လုံးသာ စားရသည့် ဆေးလုံးမျိုးကို ယခု အပူတပြင်း သုတေသန လုပ် လျက် ရှိသည်။

၁၉၆၉ ခုနှစ်တုန်းက တရုတ် တစ်ပြည်လုံးတွင် စမ်းသပ်ကြည့်ခဲ့ပြီးပြီ ဟု ဒေါက်တာ လင်းက ပြောပြသည်။ ပီကင်း စာရင်းမှ ကန့်သတ်ရေး စီမံ ကိန်း တစ်ခုတွင်ပင်လျှင် လူပေါင်း ငါးထောင် ပါဝင်ကြသည်။ ၄င်းတို့ အထဲ တွင် ဆရာဝန်များ၊ အလုပ်သမားများနှင့် ၄င်းတို့ မိသားစုများ ပါဝင်ကြသည်။

ကမ္ဘာ တစ်ဝန်း၊ အထူးသဖြင့် ဂျပန်ပြည်တွင် ပရိစတာ ဂလင်ဒင် ခေါ် သန္ဓေပိုးများကို စားသုံးပစ်သည့် ဓမ္မတာ မှန်စေသော ဆေးလုံးများ၊ ၄င်းတို့၏ အကျိုး အာနိသင်များကို စမ်းသပ် လေ့လာလျက် ရှိသည်။ တရုတ် ပြည်သည် ဤစမ်းသပ် လေ့လာမှုများကိုလည်း စောင့်ကြည့်နေသည်။

'ကျွန်မတို့ရဲ့ စမ်းသပ်ရေး အစုကို မိသားစု စီမံကိန်း တိုက်ပွဲဝင် အစု လို့ နာမည် ပေးထားတယ်၊ ဒီအစုက ပဋိသန္ဓေ မရအောင် ကြာကြာ ထိန်းထား နိုင်တဲ့ စားဆေးတွေကို စမ်းကြည့်နေတယ်၊ သုံးလကို တစ်လုံး စားရမယ့် ဆေး လုံးမျိုးတွေကိုလည်း စမ်းသပ်ကြည့်နေတယ်၊ တစ်နှစ်လောက် ထိန်းနိုင်တဲ့ စား ဆေး ထိုးဆေးမျိုးကို လုပ်နိုင်တော့မယ်လို့ ထင်ပါတယ်' ဟု ဒေါက်တာ လင်း က ပြောပြသည်။

တားဆေး အဖြစ် ယောကျ်ား၊ မိန်းမ နှစ်ဦးစလုံး မှီဝဲနိုင်ရန် တရုတ် ဘယဆေးများဖြင့်လည်း စမ်းသပ်လျက် ရှိသည်။ (ဤကိစ္စမျိုးတွင် အပ်စိုက် ကုသနည်း သုံးရန်ကိုမူ မည်သူမျှ တွေ့သေးပုံ မပေါ်ပါ။) ကလေး နှစ်ယောက် ရပြီးနောက် ယောကျ်ားကို အကြော ဖြတ်သည့် နည်း သုံးရန် ဆော်ဩလျက် ရှိသည်။ အခမဲ့ လုပ်ပေးလျက် ရှိသည်။ သို့ရာတွင် လူကြိုက် မများလှသေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြစ်လျှင် တားဆေးကို ကျယ်ကျယ်ပြန့်ပြန့် သုံးသလော။ လုံလောက်ပါ၏လော။ ကျွန်တော် ရောက်သွားသည့် ပြည်နယ်များ၌မူ တားဆေးကို အသုံးများသည်ဟု သိရသည်။ ရှန်ရှီးလို ချောင်ကျသည့် ပြည်နယ်များမှာပင် သုံးနေကြသည်။ သို့ရာတွင် တားဆေး လိုသလောက် မရဟု ဒေါက်တာ လင်းက ပြောပြသည်။ အကြမ်းအားဖြင့် ကိုယ်ဝန်ဆောင်နိုင်သည့် အရွယ်ဝင် အမျိုးသမီး သန်း ၇၀-၈၀ လောက် ရှိရာ သူတို့ အတွက် ၂၂ ရက် စားရသော ဆေးလုံးပေါင်း တစ်နှစ်လျှင် သန်း ၁၇၀၀ ထုတ်လုပ်ရလိမ့်မည်။ တစ်ဖက်က ယောကျ်ားများ အတွက် တားသည့် နည်းလမ်းများ ရှာဖွေပေးမှ သက်သာလိမ့်မည်။

ကူးစက် ရောဂါနှင့် ပြန့်ပွား ရောဂါများ အတွက်လည်း တရုတ်ပြည်၌ ထိုးဆေး အလုံး သန်း ထောင်ပေါင်း များစွာ လိုနေသည်။ ယခု ထိုးဆေးများကို ထုတ်လုပ်ရာတွင် တရုတ်ပြည်သည် အများဆုံး ဖြစ်သည်။ ပီကင်းရှိ ခေတ်မီ ဓာတ်ခွဲရုံ တစ်ခုမှာ ဥရောပက ဆေးဝါး ထုတ်လုပ်ရေး စက်ရုံကြီး တစ်ရုံထက်ပင် ကြီးသည်ဟု ဒတ်ချ်လူမျိုး ဆရာဝန် ဒီဟတ်စ်က ကျွန်တော့်ကို ပြောပြဖူးသည်။ ထိုဓာတ်ခွဲခန်းက တစ်နှစ်လျှင် ကာကွယ်ထိုးဆေး ယူနစ်ပေါင်း သန်းရှစ်ဆယ် ထုတ်ပေးသည်ဟု ဆိုသည်။

တရုတ်ပြည် အခြား ဒေသများတွင်လည်း အလားတူ ထုပ်လုပ်နိုင်စွမ်းရှိသည့် ဓာတ်ခွဲခန်းမျိုး တစ်ဒါဇင်လောက် မြင်ခဲ့သည်ဟု အမေရိကန်ပြည်ပေါက် ဒေါက်တာ ဟာတမ်က ကျွန်တော့်ကို ပြောပြပါသည်။

ပီကင်း၌ ကိုယ်ဝန်ဆောင် အရွယ်ဝင် အမျိုးသမီး ဦးရေ၏ ခုနစ်ဆယ် ရာနှုန်းသည် တားသည့် နည်းလမ်းများကို သုံး၍ ၄င်းတို့ အနက် သုံးပုံနှစ်ပုံမှာ ဆေးလုံးကို သုံးသည်ဟု ဆိုင်ရာမှ တရားဝင် သိရသည်။ ပီကင်းမြို့ ပတ်လည်ရှိ ခရိုင် ဆယ်ခုမှ ကျေးလက် ဘုံအဖွဲ့များတွင်မူ အရွယ်ဝင် အမျိုးသမီး ဦးရေ၏ လေးဆယ် ရာနှုန်းသည် ဆေးလုံးများကို မှီဝဲနေကြသည်ဟု သိရသည်။

တရုတ်ပြည်၌ လူဦးရေ အတိုးနှုန်းကို စာရင်းအင်း ထုတ်ပြန်ခြင်း မပြုသည်မှာ ဆယ်နှစ် ကျော်ကျော် ရှိနေပြီ။ ဒေသ အသီးသီး၌ ကျွန်တော့်ကို ပေးသည့် စာရင်းအင်းများကလည်း အမျိုးမျိုး ကွဲပြားနေသည်။ ဥပမာ မဟာပီကင်း နယ်နိမိတ်တွင် ၁၉၆၉ ခုနှစ် အတွက် လူဦးရေ အတိုးနှုန်းမှာ တရားဝင် စာရင်း အရ တစ် ဒသမ ခြောက်ရာနှုန်း ဖြစ်သည်။ ရှန်ဟဲ အနီးက ဘုံအဖွဲ့ တစ်ခုတွင် တစ်ရာနှုန်းသာ ရှိသည်ဟု ဆိုသည်။ မဟာ အီအန် နယ်နိမိတ်တွင် သုံးရာနှုန်း ဖြစ်သည်ဟု အရာရှိ တစ်ဦးက ပြောပြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မည်သို့ ရှိစေ လက်ရှိ လူဦးရေ တိုးနှုန်းသည် ဥက္ကဋ္ဌကြီး မော်၏ အမြင်၌ အလွန် များနေသည်။

တရုတ်ပြည် ပြောင်းလဲ တိုးတက်မှု အကြောင်းကို ဥက္ကဋ္ဌကြီး မော်နှင့် ပြောရင်း ယခုခေတ်တွင် တားနည်း အမျိုးမျိုးကို အများအပြား သုံးစွဲလာကြသည့် အတွက် ကျေနပ်စရာ ကောင်းကြောင်း ကျွန်တော်က ပြောမိသည်။

'ယုတ်စွအဆုံး လူဦးရေ ကန့်သတ်တာကို ဘယ်သူကမှ မကန့်ကွက်ကြတော့ဘူး'

သူ တစ်ပတ်ရိုက်ခံရသည်ဟု မော်က ပြောပြသည်။ ကျေးလက်များတွင် ပထမ ကလေးက သမီးဦး ဖြစ်လျှင် သား လိုချင်ကြသည်။ ဒုတိယ ကလေးက သမီး ဖြစ်နေပြန်လျှင်လည်း သားယောကျ်ားလေး လိုချင်ပြန်သည်။ တတိယ ကလေး မွေးသည့် အခါ၌လည်း မိန်းကလေး ဖြစ်နေပြန်သည်။ သို့ဖြင့် သားယောကျ်ားလေး ရအောင် ကြိုးစားတော့သည်။ မကြာမီ သမီး ကိုးယောက် ရှိလာပြီ။ ထိုအခါ၌ အမျိုးသမီးက ၄၅ နှစ်ထဲ ရောက်နေပြီ။ ဤသို့ဖြင့် ထို မိန်းမသည် ကလေး ကိုးယောက် မွေးပစ်ခဲ့သည်။

'ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုခေတ်မှာ ဆန့်ကျင်တဲ့ လူရယ်လို့ သိပ် မတွေ့တော့ဘူး မဟုတ်လား၊ လူငယ်တွေက လူဦးရေ ကန့်သတ်တာကို မကန့်ကွက်ကြတော့ဘူး မဟုတ်လား'

လူငယ်များက ယခုတိုင် ယောကျ်ားကို အရေးပေးပြီး မိန်းမကို အထင်သေးကြဆဲ ဖြစ်သည်ဟု မော်က ပြောပြသည်။ အမေရိကန်၌လည်း ထိုနည်းအတိုင်းသာ ဖြစ်လိမ့်မည်ဟု မော်က ယူဆသည်။ ဤသဘောထားကို ပြောင်းပစ်ရမည်။ သို့ရာတွင် အရိုး စွဲနေသော အယူအဆ တစ်ခုကို ပြောင်းဖို့ ဆိုသည်မှာ အချိန် ယူရမည်။

'သားယောကျ်ားလေး မရှိသည့်' အိမ်ထောင်များ၌ လူဦးရေ ကန့်သတ်ရေး ကိစ္စ အောင်မြင်ပါမည်လောဟု မော် သံသယ ဖြစ်နေသည်။ လူဦးရေ စာရင်းများကိုလည်း မော် သိပ် မယုံချင်။ မော်က သူ၏ သံသယကို ထုတ်ပြောသည့် အခါ၌ ၁၉၆၅ ခုနှစ်တုန်းက တောင် ထူထပ်သည့် ရှန်ရှီး ပြည်နယ်က နာမည်ကျော် တာ့ကျိုက် ဘုံအဖွဲ့ ခေါင်းဆောင် ချန်ယုန်ကွေ့နှင့် ပထမဆုံး တွေ့ခဲ့ရပုံကို ကျွန်တော် ပြေး၍ အမှတ်ရသည်။ ချန်ယုန်ကွေ့မှာ အစိုးရက လူသိရှင်ကြား အမွှမ်းတင် ခံရသူ ဖြစ်သည်။ ချန်သည် ကျန်းမာ သန်စွမ်းသည့် လူကြီး ၁၇ ယောက် အပါအဝင် လူ ၃၆၀ ကို ခေါင်းဆောင်ကာ ကျောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းပါးများကို ပေါက်တူး ပေါက်ပြားတို့ဖြင့် ဖြိုချကာ မြေဩဇာ ကောင်းသည့် လယ်သစ် များစွာကို တည်ခဲ့သည်။ မိုင်ပေါင်း များစွာ ရှည်သော ကျောက်တုံး ရေကာတာများကို တည်ဆောက်၍ တူးမြောင်းများ ဖောက်ခဲ့သည်။ သစ်သီးခြံ များ စိုက်ခဲ့သည်။ ကိုယ်အားကိုယ်ကိုးကာ ခက်ထန် ကြမ်းကြုတ်သော သဘာဝ နှင့် တိုက်ပွဲ ဝင်ခဲ့သည်။ သို့ဖြင့် သူတို့သည် အောင်နိုင်ခဲ့ကြသည်။ ဆယ်နှစ် ကျော် အတွင်း၌ ကောက်နှံ အထွက်ကို တစ်ဧကလျှင် သုံးတန် ထွက်အောင် လုပ်ခဲ့သည်။ ဤသည်မှာ ထိုဒေသ၌ စံချိန် ဖြစ်သည်။

ချန်သည် အားစိုက်ခွန်စိုက် လုပ်နိုင်သည်။ ဉာဏ် အမြော်အမြင် ရှိ သည်။ ဒေါင်ဒေါင်မြည် လယ်သမား ဖြစ်သည်။ ခေါင်းဆောင် အရည်အချင်း အပြည့် ရှိသူ ဖြစ်သည်။ ကျွန်တော်က သူ့ ဘုံအဖွဲ့က 'မိသားစု စီမံကိန်း ကိစ္စ' အကြောင်း မေးကြည့်သည်။ ချန် သည် ထိုဝေါဟာရကို နားလည်သေးပုံ မရ။ 'လူဦးရေ ကန့်သတ်ရေး' ကို ဆိုလိုကြောင်း ကျွန်တော်က ရှင်းပြရ သည်။

'သြော် ဒါလား' ချန်က ရယ်သည်။ 'ကျွန်တော်တို့ဆီမှာ ဒါမျိုး မလို ပါဘူး၊ ကျွန်တော်တို့ဆီမှာ လိုတာက ကျန်းမာ သန်စွမ်းတဲ့ အလုပ်သမားတွေ လိုတာပါ'

၁၉၆၄ ခုနှစ် အတွင်း သူ့ ဘုံအဖွဲ့၌ မွေးစာရင်း မည်မျှ ပေါက်သနည်း ဟု ကျွန်တော်က လယ်သမား ချန်ကို မေးကြည့်သည်။

'ရှစ်ယောက် ခင်ဗျ' ဟု သူက မဆိုင်းမတွ ဖြေသည်။ သေသူ ဦးရေ မည်မျှ ရှိသနည်း။

'တစ်ယောက်မှ မသေဘူး ခင်ဗျ' ဟု သူက ဆိုသည်။ သူတို့ ဘုံအဖွဲ့ တွင် သေသူ ဟူ၍ အဘေး တစ်ယောက်မျှပင် မရှိသလောဟု ကျွန်တော်က မေးသည်။ ချန်က ခေါင်းကုတ်သည်။ မြေရှင် အဖိုးကြီး တစ်ယောက် သေသည် ဟုတော့ သူ မှတ်မိသည်။

'ဒါကို သေတယ်လို့ ခေါ်ချင်ရင်တော့ ခေါ်ပေါ့လေ၊ သူ အလုပ် မလုပ် နိုင်ဘဲ မစွမ်းမသန် ဖြစ်နေတာက နှစ်ပေါင်း တော်တော် ကြာပြီ ခင်ဗျ' ဟု ချန်က ပြောသည်။

အများအားဖြင့် အသက် သုံးဆယ်ကျော် လေးဆယ်တွင်း လယ်သမား လင်မယားများတွင် ကလေး လေး ငါး ခြောက်ယောက် သို့မဟုတ် ထိုထက် ပို၍ မွေးတတ်ကြသည်။ (ယခု အခါတွင် ဤသို့ ဝန်ခံရသည်ကို အနည်းငယ်



mgyoe.com

mgyoe.com SAMPLE BOOK

ရက်ပုံတော့ ရသည်။) အကြီးများမှာ အများအားဖြင့် သမီး မိန်းကလေးများ ဖြစ်ကြသည်။ ကလေး တစ်ယောက် အဖတ်တင် ကျန်ရစ်ဖို့ အတွက် ဒါဇင်ဝက်၊ ဒါဇင်ဝက်ကျော်ကျော်လောက် မွေးမှ တော်ကာကျသည် ဟူသော သမားရိုးကျ အစွဲအလမ်းကို ချွတ်ရသည်ကလည်း လွယ်ကူလှသည် မဟုတ်ပါ။ (ဒါဇင်ဝက် လောက် မွေးပြီးမှ တစ်ယောက်တလေ အဖတ်တင် ကျန်ရစ်သည့် လူကြီးပိုင်း များကို ကျွန်တော် တွေ့ခဲ့ဖူးပြီ။) လယ်သူမ ယောက္ခမကြီးများနှင့် အဘိုး အဘွား များသည် သူတို့ ဝသီ အတိုင်း ယခုတိုင် သူတို့ သားသမီးများ၊ မြေးများကို ကလေး များများ မွေးဖို့ တိုက်တွန်းဆဲ ရှိကြသေးသည်။

၁၉၇၀ ပြည့်နှစ်လောက်တွင် လူဦးရေ တိုးပွားနှုန်းသည် နှစ်ရာနှုန်း အောက် အထိ ကျသွားလိမ့်မည်ဟု တရုတ် အစိုးရက မျှော်လင့်ကြောင်းဖြင့် ၁၉၆၄ ခုနှစ်တွင် ဝန်ကြီးချုပ် ချူက ကျွန်တော့်ကို ပြောပြဖူးပါသည်။ ဤကိစ္စ ကို ယခု ကျွန်တော် ထပ်မေးကြည့်သည်။ ၁၉၆၆ ခုနှစ်တုန်းက တိုးနှုန်းသည် နှစ်ရာနှုန်း အောက်သို့ တကယ် ကျဆင်းသွားကြောင်း၊ သို့ရာတွင် ယဉ်ကျေးမှု တော်လှန်ရေး ကာလ၌ ပြန်တက်လာကြောင်းဖြင့် ပြောပြသည်။ ဤသို့ ဖြစ်ရ ခြင်းမှာ တပ်နီ လူငယ် သန်းပေါင်း များစွာတို့ 'ခရီးရှည် ချီတက်' ကြသည့် အခါ၌ ဖိုမ ဆက်ဆံရေး ကိစ္စများ ရောထွေးယှက်တင် ဖြစ်လာခြင်းကြောင့် ဖြစ်သည်ဟု ဝန်ကြီးချုပ်က ထပ်၍ ရှင်းပြသည်။ ငယ်ငယ်ရွယ်ရွယ်တွင် လက် ထပ်ခြင်းကြောင့်လည်း မွေးနှုန်း တက်လာခဲ့သည်။ တပ်နီ လူငယ်များကို ကျောင်း များ၊ အလုပ်ခွင်များသို့ ပြန်လွှတ်သည့် အခါတွင်ကျမှ ဤကိစ္စများ ရှင်းသွား ကာ စည်းကမ်းကို ပြန်ကိုင်လာနိုင်ခဲ့သည်။ ကရိကထ နည်းသည့် နောက်ဆုံး ဆေးလုံးသစ်များကို အများအပြား သုံးစွဲလာကြသည့် အတွက် တိုးနှုန်း ပြန်၍ ကျသွားလိမ့်မည်ဟု ဝန်ကြီးချုပ်က ယူဆသည်။

တရုတ်ပြည်၌ ဖိုမ ဆက်ဆံရေးနှင့် ပတ်သက်သည့် လက်ရှိ စည်းကမ်း များမှာ တင်းကျပ်သည်။ တစ်ဖက်တွင် တားဆေးများက အစွမ်းထက်သလောက် ဖိုမ ဆက်ဆံရေး စည်းကမ်းက တင်းကျပ်နေသော အခါ အထူးသဖြင့် တရုတ် လူငယ်တို့ မည်သို့ ဖြစ်ကုန်ကြသနည်းဟု နိုင်ငံခြားသားများ (တရုတ်များလည်း ပါသည်။) က သိချင်နေကြသည်။ သူတို့ သိချင်သည်မှာ သဘာဝကျပါသည်။ ကွန်မြူနစ်တို့ အာဏာ မရမီက တရုတ်ပြည်၌ မိန်းမပျို တစ်ယောက် လမ်းကြို လမ်းကြားတွင် ယောက်ျား တစ်ယောက်နှင့် တွဲသွားသည်ကို တွေ့ရလျှင် (ရိုးရိုး သားသား ဖြစ်စေကာမူ) ထိုမိန်းမပျိုမှာ နာမည် ပျက်ရတော့သည်။ (သို့မဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

ခံပေါက်လျှင်လည်း ခံရတတ်သည်။ လူထုက ဝိုင်း၍ ကြည့်ကြသည်ကိုလည်း ခံရတတ်သည်။) ထိုစဉ်က ဆင်းရဲသည့် အိမ်ထောင်များကလည်း သမီးငယ်များကို သူတစ်ပါး အခြွေအရံ မယား လုပ်ရန်၊ ပြည့်တန်ဆာ လုပ်ရန်၊ အိမ်စေ လုပ်ရန် ရောင်းကြသည်။ ယခု ဤကိစ္စမျိုး မရှိတော့။ လူပျိုများ သို့မဟုတ် အိမ်ထောင်ရေး မသာယာသော ယောကျ်ားများ အတွက် ယခင်က ရှိခဲ့ဖူးသည့် 'အပျော်အပါး ကိစ္စ' များ ယခု မရှိတော့ပြီ။ သွေးဆောင် ဖျက်ဆီးမှုသည် အပြစ် လေးသည့် ကိစ္စ တစ်ရပ် ဖြစ်နေပြီ။ ဗလက္ကာရ ပြုခြင်းသည် ကြီးလေးသည့် ရာဇဝတ်မှု တစ်ရပ် ဖြစ်နေပြီ။

အတူတူ ပူးတွဲ ပညာ သင်ကြားရေးကို မသင်မနေရ ပြဋ္ဌာန်းထားသည်။ အပျို လူပျိုများသည် နေရာပေါင်း များစွာ၌ အလုပ် အတူတူ လုပ်ကြသည်။ သို့ရာတွင် အိပ်ရာထဲတွင်တော့ မဟုတ်ပါ။ ဘိုင်စကယ် တစ်ယောက် တစ်စီး စီဖြင့် တစ်ခေါက် နှစ်ခေါက် ထွက်စီးသည် ဆိုလျှင်ပင် သူတို့ အတွဲ စေ့စပ်ပြီး ဖြစ်သည်ဟု ပြောဖို့ လုံလောက်နေပြီ။ ဤသို့ ဖြစ်ပြီးခါမှ အကြောင်း မသင့်၍ ခွာပြဲသွားကြပြီ ဆိုလျှင် အထူးသဖြင့် ယောကျ်ားလေးက ပိုနာသည်။ လူမှုရေး ပြစ်မှု တစ်ခုကို ကျူးလွန်သည်ဟု ယူဆကြသည်။ ဘုံအဖွဲ့ တစ်ခုတွင် အလုပ် လုပ်နေတုန်း ယောကျ်ားလေး တစ်ယောက်နှင့် သစ်ပင်ရိပ်အောက် အတူ သွား၍ လက်ဆုံ စားကြခြင်းမျိုးသည် မိန်းကလေး အတွက် ပြောစရာ ဖြစ်လာသည်။

ဤသည်တို့မှာ မိတ်ဆွေ ရောင်းရင်းများ၏ အိမ်တစ်အိမ်၌ တပ်နီ လူငယ် အဖွဲ့ဝင်လောင်း ဆယ်ကျော်သက် တစ်ဦးနှင့် စကားလက်ဆုံကျခဲ့ရာမှ သိခဲ့ရသော အချက်များ ဖြစ်သည်။

'တိတ်တဆိတ် စေ့စပ်ထားသည့် စုံတွဲ တစ်တွဲသည် ကျူးကျူးလွန်လွန် ဖြစ်လေ့ဖြစ်ထ ရှိပါသလော'

'လက်မထပ်ခင် ကျူးလွန်တဲ့ ကိစ္စမျိုးကတော့ အလွန် ရှားပါတယ်' ဟု မိတ်ဆွေ ဆရာဝန် တစ်ယောက်က ကျွန်တော့်ကို ပြောပြသည်။ 'မိန်းကလေး တစ်ယောက်ကို ယောကျ်ား နှစ်ဦး သုံးဦးက ဆက်ဆံတဲ့ ကိစ္စမျိုးကို ဖောက်ပြန်မှု တစ်ရပ်လို့ ယူဆတယ်၊ ဒါမျိုးကို လူမှုရေး စည်းကမ်းနှင့် ထိန်းကွပ်ပေးတယ်၊ အကယ်၍ ထပ်ကျူးလွန်ရင် အကျဉ်းထောင်ထဲမှာ ပြုပြင်ယူတတယ်၊ အိမ်ထောင် ရှိလျက်နှင့် ဖောက်ပြန်တာမျိုးကလည်း ရှားပါတယ်၊ ဒါပေမဲ့ လက်မထပ်ခင် ကျူးလွန်တဲ့ ကိစ္စမျိုးထက်တော့ ဖြစ်လေ့ဖြစ်ထ ရှိတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

တရုတ်များသည် ဤသို့သော မေးခွန်းများကို မေးလျှင် စိတ်ဆိုးတတ်ကြသည်။ သို့ရာတွင် ကျွန်တော့် အဖို့ကား ဤမေးခွန်းမျိုးကို မေးရန် ယုံကြည်စိတ်ချရသူများ ရှိပါသည်။ လက်ထပ်ရန် အသင့်လျော်ဆုံး အချိန်ကို အမျိုးသားများ အတွက် အသက် ၂၈ နှစ်၊ အမျိုးသမီးများ အတွက် အသက် ၂၆ နှစ်ထိ ရွှေ့ဆိုင်းထားသော တိုင်းပြည်မျိုးတွင် လက်မထပ်မီ ကျူးလွန်သည့် ကိစ္စမျိုးကို မေးရသည်မှာ တော်တော်တော့ ခက်ချသည်။ သို့ရာတွင် ၁၉၆၅ ခုနှစ်တုန်းက ပီကင်း အမျိုးသမီးနှင့် ကလေး ကျန်းမာရေး ဌာန ဒုတိယ ညွှန်ကြားရေးမှူးထံ ဤကိစ္စမျိုးကို ကျွန်တော် မေးခဲ့ဖူးပြီ။ (ကျေးလက်များ၌မူ လက်ထပ်သင့်သည့် အရွယ်ကို အမျိုးသား ၂၅ နှစ်၊ အမျိုးသမီး ၂၃ နှစ် သတ်မှတ်ထားသည်။) ဤလို အခြေအနေမျိုးတွင် အပျို လူပျို စစ်စစ် ဖြစ်နိုင်သည် ဆိုခြင်းကို နိုင်ငံခြားသားများက မယုံကြပဟု ကျွန်တော်က ဒုတိယ ညွှန်ကြားရေးမှူးကို ပြောပြသည်။

ယခု အချိန်တွင် အမျိုးသမီးများ၌ ကုန်ထုတ် လုပ်ငန်းများ ရှိနေပြီဖြစ်ကြောင်း၊ အခွင့်အရေးမှာလည်း ယောကျ်ားများနှင့် တန်းတူ ဖြစ်ကြောင်း၊ ယခင်က အသက် နှစ်ဆယ် မတိုင်မီ ယောကျ်ား မရလျှင် မိန်းကလေး အဖို့ နာမည် ပျက်ရကြောင်း၊ ယခု ထိုအမြင်သည် ပြောင်းပြန်ဖြစ်သွားပြီ ဖြစ်ကြောင်း၊ လူငယ်များအား နိုင်ငံရေး ယုံကြည်ချက်၊ လူ့အဖွဲ့အစည်း အတွက် အလုပ်လုပ်ရေး စသည့် ရည်မှန်းချက်များဖြင့် ထိန်းထားကြောင်း၊ လူငယ်များသည် ပျော်ဖို့ပါးဖို့ အတွက်မျှသာ အသက် ရှင်နေခြင်း မဟုတ်ကြောင်းဖြင့် သူက ရှင်းပြပါသည်။

'ဒါတွေ အားလုံးဟာ မှန်ပါတယ်၊ ပြီးတော့ ခင်ဗျားတို့ဆီမှာ အနောက်နိုင်ငံတွေမှာလို နည်းအမျိုးမျိုးနှင့် လိင်ကိစ္စကို နှိုးဆွပေးတဲ့ ကြော်ငြာမျိုးတွေလည်း မရှိပါဘူး၊ ဒါပေမဲ့ လွတ်လပ်တဲ့ အမျိုးသမီး တစ်ယောက်ဟာ ယောကျ်ား တစ်ယောက်နှင့် အသိမိတ်ဆွေ သဘောလောက်မှ မဆက်ဆံရတော့ဘူးလား၊ အိမ်ထောင်ဖက် အဖြစ် ရွေးသင့်ရင်လည်း ရွေးနိုင်အောင်ပေါ့'

'ဆက်ဆံနိုင်ပါတယ်၊ ဒီလောက်လည်း မတင်းကျပ်ပါဘူး၊ မိန်းမ တစ်ယောက်နှင့် ယောကျ်ား တစ်ယောက်ဟာ နားလည်မှု ၀-၁စုံတစ်ရာ ရသွားပြီးရင် ရင်းရင်းနှီးနှီး ဆက်ဆံတတ်တဲ့ အခါမျိုး ရှိတတ်ပါတယ်၊ လက်မထပ်ခင် ကျူးလွန်တာမျိုး မရှိဘူးရယ်လို့ ကျွန်တော်တို့ကလည်း မငြင်းပါဘူး၊ တစ်ခါတလေ ကိုယ်ဝန် ပေါ်လာတာမျိုးတောင် ရှိပါတယ်၊ ဒါပေမဲ့ ရှားတော့ ရှား


mgyoe.com

mgyoe.com SAMPLE BOOK

တယ်ပေါ့လေ၊ ဟိုတုန်းကတော့ တိတ်တိတ်ပုန်း ကျူးလွန်ပြီး ကိုယ်ဝန် ပေါ်လာရင် ကိုယ့်ဘာသာကိုယ် ကျိတ်ပြီး ဖျက်ချကြတာပဲ၊ ဒါပေမဲ့ ခုတော့ တားဆေးတွေလည်း ရှိ၊ အခမဲ့ ဖျက်ပေးတယ် ဆိုတဲ့ အသိကလည်း ရနေတော့ ဒါမျိုးလည်း သိပ်မဖြစ်တော့ပါဘူး။

'တိတ်တဆိတ် ကျူးလွန်မိလို့ ဖျက်ချရတဲ့ ကိစ္စကတော့ သိပ်ကို နည်းပါတယ်၊ ကျွန်တော်တို့ရဲ့ လူဦးရေနှင့် စာရင် အလွန် နည်းတဲ့ အတွက် ဒီပြဿနာဟာ အရေးတကြီး ပြဿနာ ဖြစ်မလာနိုင်ပါဘူး၊ ပထမ သားဦးကို ဖျက်ချဖို့ လာရင် ဆရာဝန်က ဖျက်မချဖို့ တရားဟောလွှတ်တာပဲ၊ လက်ထပ်ပြီးသား အိမ်ထောင်ရှင် ယောကျ်ား တစ်ယောက် ဒါမှမဟုတ် နိုင်ငံရေး စတဲ့ အကြောင်းတွေကြောင့် လက်ထပ်လို့ မဖြစ်နိုင်တော့တဲ့ ယောကျ်ား တစ်ယောက်နှင့် တိတ်တဆိတ် ကျူးလွန်မိတဲ့ အခါမျိုးကျတော့ ကာယကံရှင်ကို လက်ထပ်စေတဲ့ နည်းနှင့် ဖြေရှင်းလို့ မရတော့ဘူး၊ အဲဒီ အခါမျိုးကျတော့ ဆရာဝန်ကလည်း သန္ဓေ မဖျက်ဖို့ တရား မဟောတော့ဘူး၊ ဖျက်ပေးလိုက်တာပဲ'

ဒေါက်တာ ဂျော့ ဟာတမ်နှင့် စကားစမြည် ပြောကြည့်သည့် အခါ၌ အထက်ပါ လေ့လာချက်များ မှန်ကန်ကြောင်း ကျွန်တော် သိခဲ့ရသည်။

ဒေါက်တာ ဂျော့ ဟာတမ်တွင် လှပ ချောမောသည့် တရုတ် အမျိုးသမီး ဇနီးသည်နှင့် ရသော သားတစ်ယောက်နှင့် သမီးတစ်ယောက် ရှိသည်။ သူ့သားသည် ခြောက်နှစ်လုံးလုံး စောင့်စည်းခဲ့သည်။ သူ့ ရည်းစားနှင့် တွဲနေသော်လည်း ကျူးကျူးလွန်လွန် မဖြစ်ခဲ့။ ဂျော့ ဟာတမ်က ဤသို့ပင် ယူဆသည်။ မည်သို့ဖြစ်စေ သတ်မှတ်ထားသည့် အချိန်၌ သူတို့ နှစ်ဦး လက်ထပ်ခဲ့ကြသည်။ မကြာမီမှာပင် ဒေါက်တာ ဟာတမ်တို့ လင်မယား အတွက် မြေးဦး ယောကျ်ားကလေး တစ်ယောက် မွေးပေးခဲ့သည်။

'ကျွန်တော် တွေ့သမျှ လူငယ်တွေကတော့ ဒီလိုချည်းပါပဲ' ဟု လူနာပေါင်း များစွာကို နေ့တိုင်း တွေ့နေရသည့် ဒေါက်တာ ဟာတမ်က ပြောပြသည်။ 'တားဆေးတွေ ပေါ်လာလို့ တစ်မျိုးတစ်မည် ဖြစ်ချင်လည်း ဖြစ်သွားနိုင်တာပေါ့ဗျာ၊ ဒီမှာတော့ အရာရာ ပြောင်းလဲနေတယ် မဟုတ်လား၊ ဒါပေမဲ့ ခုထိတော့ ကျွန်တော်တို့ လူငယ်တွေဟာ ကမ္ဘာမှာ ဒီလို စိတ်မျိုးတွေ အနည်းဆုံးပဲလို့ ဆိုရမှာပဲ'

ဖိုမ ဆက်ဆံရေး ကိစ္စ၌ လွတ်လပ်မှု ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ အခမဲ့ တားဆေး သုံးစေခြင်းနှင့် အခမဲ့ သန္ဓေ ဖျက်ပေးခြင်းတို့ကြောင့် မကြာမီ

mgyoe.com

mgyoe.com
SAMPLE BOOK
တွင် တရုတ်ပြည် လူဦးရေ တိုးနှုန်း လျော့လာဖွယ် ရှိသည်မှာကား အမှန်ပင် ဖြစ်သည်။ ဤအခြေအနေသို့ ရောက်အောင် လယ်သမား လူတန်းစား၏ ခေတ်နောက်ပြန်ဆွဲ ဝါဒနှင့် ယောက်ျားများ၏ မဟာ ဖိုဝါဒတို့ကို မိသားစု စီမံကိန်းဖြင့် နှစ်ပေါင်း များစွာ တိုက်ဖျက်ခဲ့ရသည်။

သို့ရာတွင် တရုတ်ပြည်ကြီးသည် လူဦးရေ များပြားလှသော သာတူညာမျှ လူ့အဖွဲ့အစည်းကြီး ဖြစ်သည်။ အကျိုး ကျေးဇူးများကို အားလုံး မျှဝေ ခံစားရာ တိုင်းပြည် ဖြစ်သည်။ ထို့ကြောင့် သူ့ အတိုင်းအတာနှင့်သူ မြင့်မားလာသော လူနေမှု အဆင့်အတန်းကိုလည်း အားလုံးက ခွဲဝေ ခံစားကြမည်သာ ဖြစ်ပါသည်။

သို့ဖြစ်လျှင် ယနေ့ တရုတ်ပြည်တွင် တရုတ် မည်မျှ ရှိပါသနည်း။ ဤပြဿနာသည် နိုင်ငံခြားက လူဦးရေ စာရင်းအင်းဗေဒ ပညာရှင်များ နှစ်ပေါင်းများစွာ ခေါင်းကိုက်နေသော ပြဿနာ ဖြစ်သည်။ ၁၉၅၃ ခုနှစ်က တရုတ်ပြည်၏ 'ပထမဆုံး ခေတ်မီ သန်းခေါင်စာရင်း' ဆိုသည်ကို ထုတ်ပြန်ခဲ့သည်။ သူတို့က ထိုစာရင်းပါ ကိန်းဂဏန်းများကို မဖြစ်နိုင်ဟု ယူဆခဲ့ကြသည်။ ထိုစဉ်က ထုတ်ပြန်ခဲ့သော လူဦးရေမှာ ၅၈၃ သန်း ဖြစ်သည်။ ၁၉၅၇ ခုနှစ် 'အစမ်း သန်းခေါင်စာရင်း' အရ ဆိုလျှင် ၆၄၆ သန်း ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကျွန်တော် တွေ့သော တရုတ် အရာရှိတိုင်းက သန်း ၆၅၀ ရှိသည်ဟု ဆိုကြသည်။ လေသံ ကွဲ၍ ထွက်လာသူမှာ ပေါ်လစ်ဗျူရို အဖွဲ့ဝင်နှင့် ရှန်ဟဲ မြို့တော်ဝန် ကိုချင်ရှီ တစ်ယောက်သာ ရှိသည်။ သူကမူ 'တရုတ်ပြည်၏ ၆၈၅ သန်း' ဟု သုံးနှုန်းသွားသည်။

နောင် ငါးနှစ် အကြာ ဥက္ကဋ္ဌကြီး မော်နှင့် တွေ့သည့် အခါ၌ ယမန်နှစ်က ကောက်ယူခဲ့သော 'နမူနာ သန်းခေါင်စာရင်း' ကို ပြောပြနိုင်ပါမည်လောဟု ကျွန်တော် မေးခဲ့သည်။ သူ တကယ် မသိဟု ဥက္ကဋ္ဌကြီး မော်က ဖြေသည်။ တချို့က သန်း ၆၈၀ မှ ၆၉၀ အထိ ရှိသည်ဟု ပြောကြသည်။ သို့ရာတွင် ဤကိန်းဂဏန်းကို သူ မယုံ။ အဘယ်ကြောင့် ဤမျှ များပြားနေသနည်း။

'အထည် ခွဲတမ်း လက်မှတ်တွေကို တည်ပြီး အနီးကပ်ဆုံး ခန့်မှန်းခြေ စာရင်းကို တွက်ရင် မရနိုင်ပေဘူးလား' ဟု ကျွန်တော်က မေးသည်။

လယ်သမားများသည် တစ်ခါတစ်ရံ၌ ဤပြဿနာကို ရှုပ်ထွေးအောင် လုပ်တတ်သည်ဟု မော်က ဖြေသည်။ လွတ်မြောက်ရေး မရမီတုန်းက ဆိုလျှင် အထူးသဖြင့် သားယောက်ျားလေး မွေးပြီ ဆိုလျှင် လယ်သမားက စာရင်း

mgyoe.com

mgyoe.com SAMPLE BOOK

မပေးတော့။ ချန်ကေရှိတ်က စစ်သား စုဆောင်းမည် စိုးသဖြင့် စာရင်း ဖျောက်ထားခြင်း ဖြစ်သည်။ လွတ်မြောက်ရေး ရပြီးသည့် အခါတွင်မူ မွေးစာရင်းကို ပိုပေးပြီး မြေယာ စာရင်းကို လျှော့ပေးကြသည်။ သဘာဝ ဖောက်ပြန်မှုကို ချဲ့ကား ပြောကာ ကောက်နှံ အထွက်ကို လျှော့ပြလာကြသည်။ ယခု အချိန်တွင် လူတစ်ယောက် မွေးလျှင် မွေးစာရင်း ချက်ချင်း ပေါက်အောင် လုပ်ပြီး သေလျှင် လပေါင်း အတော်ကြာ ထိမ်ဝှက်ထားတတ်ကြသည်။ မွေးနှုန်း လျှော့လာသည်မှာ အမှန် ဖြစ်သည်။ သို့ရာတွင် သေနှုန်းက ပို၍ လျှော့လာသည်။ လူတစ်ယောက် ပျမ်းမျှ သက်တမ်းသည် အနှစ် သုံးဆယ်မှ ငါးဆယ် အထိ တိုးလာသည်ဟု မော်က နိဂုံးချုပ်သည်။

ဥက္ကဋ္ဌကြီး မော်၏ အဖြေမှာ ဤသို့ အဓိပ္ပာယ် ထွက်သည်။ ကျေးရွာဘုံအဖွဲ့ အချို့သည် လူတစ်ယောက် သေလျှင် သေစာရင်းထဲ မထည့်ဘဲ ချန်ထားတတ်ကြသည်။ ဤသို့ လုပ်ခြင်းမှာ သေသူ၏ ခွဲတမ်း လက်မှတ်ကို အသုံးပြု၍ ပစ္စည်း ထုတ်ရန် ဖြစ်သည်။ တချို့ကလည်း ကောက်နှံ အထွက်ကို လျှော့ပြောကြသည်။ ဤသို့ လုပ်ခြင်းမှာ ကျေးရွာ၌ စားသုံးမှု အတွက် ကောက်နှံကို ပိုပိုလျှံလျှံ သိုလှောင်ထားနိုင်ရန် ဖြစ်သည်။ လက်ရှိ လူဦးရေစာရင်း သုတေသနကို မော်က သံသယ ဖြစ်နေသည်။

တရုတ်ပြည် လူဦးရေသည် သန်းရှစ်ရာ ကျော်နေပြီဟု ယူဆကြသော အနောက်တိုင်း လူဦးရေ စာရင်းအင်းဗေဒ ပညာရှင်များကမူ မော်၏ သံသယကြောင့် အကျပ်ရိုက်လျက် ရှိကြသည်။

ကောင်းပြီ။ ဥက္ကဋ္ဌကြီး မော် ပြောသည့် အတိုင်း တရုတ်ပြည်၏ လူဦးရေကို သန်း ၆၈၀ အနည်းဆုံး ထား၍ တစ်နှစ် တိုးနှုန်းသည် နှစ်ရာနှုန်း ရှိသည်ဟု ထားစို့။ (ဝန်ကြီးချုပ် ချူက ကျွန်တော့်ကို ပြောသည့် အတိုင်း ဆိုလျှင် နှစ်ရာနှုန်း အလျော့ တွက်ထားခြင်း ဖြစ်နိုင်သည်။) ၁၉၆၅ ခုနှစ် ဇန်နဝါရီလမှ စတွက်လျှင် ခြောက်နှစ် ဖြစ်၍ ယခု အချိန်၌ တရုတ်ပြည်၏ လူဦးရေသည် သန်း ၇၈၀ ခန့် ရှိနေလောက်ပြီ။

တရုတ်ပြည်၏ လူဦးရေသည် ယခု အချိန်၌ ရှစ်ရာ ရှိပြီဟု ပြောနိုင်မည်လောဟု ၁၉၇၁ ခု ဇန်နဝါရီလက ဝန်ကြီးချုပ် ချူကို ကျွန်တော် မေးခဲ့သည်။

ဝန်ကြီးချုပ်သည် ခဏ တွေနေသည်။

'ဒီလောက် အထိတော့ မရှိသေးပါဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

တရုတ်ပြည် လူဦးရေကို ပီကင်းက တရားဝင် အတိအလင်း ကြေညာခြင်း မပြုသေး။ ထိုအတွင်းတွင် တရုတ်ပြည်၏ လူဦးရေသည် ၁၉၇၂ ခုနှစ်တွင် (ထိုင်ဝမ်မှ လူဦးရေ ၁၄ သန်း အပါအဝင်) သန်းရှစ်ရာ အထက်သို့ ရောက်နေပြီဟု ယူဆလျှင် မမှားနိုင်ဟု ကျွန်တော် ထင်သည်။ ယခုမှ စ၍ တစ်နှစ်ကို တစ်ရာနှုန်း တိုးသည်ဟု တွက်လျှင်ပင် ခရစ်နှစ် ၂၀၀၀ ပြည့်လျှင် တရုတ်ပြည် လူဦးရေသည် သန်းတစ်ထောင် ကျော်တော့မည်။ နှစ်ရာနှုန်းတိုးဖြင့် တွက်လျှင် ထိုနှစ်လောက်၌ နောက်ထပ် သန်း ၂၅၀ ပင် တိုးလာဦးမည်။

ကောက်နှံ အထွက်က လူဦးရေ တိုးနှုန်းထက် ပိုနေသေး၍ တော်သေးသည်ဟုပင် ဆိုရမည်။

၁၉၇၁ ခုနှစ်တွင် ဝန်ကြီးချုပ် ချူက ၁၉၇၀ ခု ကောက်နှံ အထွက်ကို ပြောပြလိုက်သည်။ ထိုနှစ် ကောက်နှံ အထွက် စုစုပေါင်းမှာ တန် သန်း ၂၄၀ ရှိသည်။ ပြည်တွင်း စားသုံးမှု အတွက် ချန်ထားသော ဆန် တန် သန်းလေးဆယ်လည်း ရှိသေးသည်။ ၁၉၅၉-၆၂ 'ရှားပါးသည့် ကာလ' များထက် ခုနစ်ဆယ်မှ ရှစ်ဆယ် ရာနှုန်း အထွက် ပိုလာသည်။ သို့ရာတွင် တရုတ် စီမံကိန်း ရေးဆွဲသူများက လူဦးရေ တိုးနှုန်းကို တစ်ရာနှုန်း သို့မဟုတ် ထို့ထက် လျော့အောင် လုပ်လိုကြသည်။ ဤသည်မှာ အမျိုးသား ဝင်ငွေ တိုးတက်လာရေးနှင့် စက်မှု ထွက်ကုန် တိုးတက်ရေး အတွက် နောင် ဆယ်နှစ် အတွင်း သူတို့ မှန်းထားသည့် ပန်းတိုင် ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

၈

# ထူးခြားသည့် အခြေအနေ အချို့

ယဉ်ကျေးမှု တော်လှန်ရေး ကာလများက လူဦးရေ တိုးတက်မှုနှုန်း တိုးလာခြင်းမှာ တပ်နီ လူငယ်များနှင့် သမီးရည်းစား စုံတွဲတွေ များသောကြောင့်ချည်း မဟုတ်ပါ။ ဆေးဘက် ဌာနက အပြောင်းအလဲများနှင့် လက်ရှိ ပဋိသန္ဓေ တားဆီးရေး ကိစ္စများ ဖရိုဖရဲ ဖြစ်သွားခြင်းကြောင့်လည်း ဖြစ်သည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းများကို သုံးနှစ် ပိတ်ပစ်ခဲ့သည်။ အထက်တန်းကျောင်းများကို နှစ်နှစ် ပိတ်ခဲ့သည်။ ဆေးတက္ကသိုလ် အကြိုနှင့် ဆေးတက္ကသိုလ်များကို ပိတ်ခဲ့ရသည်။ ဆေးဘက်ဌာန အမှုထမ်းများ အပြောင်းအရွှေ့တွေ လုပ်ခဲ့သည်။ ဆေးရုံများတွင် ရှိသည့် ပါတီ ခေါင်းဆောင်မှုထဲတွင် အပြောင်းအလဲများ၊ နုတ်ပယ်မှုများ ပေါ်ခဲ့သည်။ ပြည်သူ့ ကျန်းမာရေး အဖွဲ့သစ်များ ပြန်လည် ဖွဲ့စည်းရေး ကိစ္စမှာလည်း တော်တော်နှင့် အကောင်အထည် မပေါ်နိုင်။ ၁၉၆၈ ခုကျမှ စစ်တပ်က ဦးစီး၍ ပြန်ဖွဲ့ခဲ့ရသည်။ အပြောင်းအလဲ ကာလတွင် ပြည်သူ့ ကျန်းမာရေး ဌာန၌ အလုပ်ချိန် နာရီများ လစ်ဟင်းသဖြင့် ကျန်းမာရေး လုပ်ငန်း မည်မျှ ထိခိုက် နစ်နာတတ်ကြောင်းကို ထည့်သွင်း တွက်ချက်လေ့ မရှိကြ။ ထို့ကြောင့် ဤကိစ္စမျိုးနှင့် ပတ်သက်လာလျှင် အစိုးရ၏ ကြေညာချက်များကို အားကိုး၍ မဖြစ်။

တရုတ်ပြည်၌ ယဉ်ကျေးမှု တော်လှန်ရေး ကာလ အတွင်းက 'လယ်သမားများထံမှ လေ့လာရန်' ဟု ဆိုကာ ဆေးဘက် ဝန်ထမ်း အများအပြားကို ကျေးလက်များသို့ ပို့ခဲ့သည်။ ထိုအလုပ်များတွင် သူတို့ထက် သင့်လျော်သူများ ရှိသည့်တိုင် ဆေးဝန်ထမ်းများကို အလုပ်ကြမ်း လုပ်ရန် ညွှန်ကြားခဲ့သည်။ သူတို့ နေရာ၌ ဓာတ်အပ်စိုက် ကုသနည်းနှင့် တိုင်းရင်းဆေးပညာက မည်မျှ



mgyoe.com

mgyoe.com SAMPLE BOOK

အစားထိုးနိုင်ပါသနည်းဟု မေးလျှင် အကျိုးထူးမည် မဟုတ်။ မေးလိုက်လျှင်လည်း ကျေနပ်လောက်သည့် အဖြေမျိုးကို မရခဲ့။

ထို့ကြောင့် ကျွန်တော့်လို နိုင်ငံခြားသား တစ်ယောက် အဖို့ တိုင်းရင်းဆေးပညာသည် ထိုကာလ အတွင်း မည်မျှ အကျိုး ရှိ မရှိ ဆိုသည့် ကိစ္စကို ကောက်ချက် ချပြရန် မဖြစ်နိုင်သေးပါ။

အပေါ်ယံအားဖြင့် ယဉ်ကျေးမှု တော်လှန်ရေးသည် ခေတ်မီ သိပ္ပံပညာရပ် ဆိုင်ရာ လုပ်ငန်းများကို ထိခိုက် နစ်နာစေခဲ့ပုံ မရ။ နျူကလီးယားဗုံး တိုးတက် စမ်းသပ်မှုများနှင့် အခြား သိပ္ပံ ပညာရပ်ဆိုင်ရာ လုပ်ငန်းများ တိုးတက်မှုတို့ကို ကြည့်လျှင် ဤအချက် မှန်ကြောင်းကို သိနိုင်သည်။ ၁၉၆၅ ခုနှစ် စက်တင်ဘာလတွင် တရုတ် ဇီဝဓာတုဗေဒ ပညာရှင်များက ဆီးချို ရောဂါ ကုသည့် အင်ဆူလင် ထိုးဆေး အစား အလွန် အစွမ်း ထက်သည့် ပရိုတိန်း တစ်မျိုးကို ထုတ်လုပ် အောင်မြင်ခဲ့ကြသည်။ အင်ဆူလင်ကို ပရိုတိန်း တစ်မျိုးဖြင့် အစားထိုးခြင်းမှာ ကမ္ဘာတွင် ပထမဆုံး အကြိမ် ဖြစ်ပါသည်။ ခြေပြတ် လက်ပြတ်များကို ကုသရာတွင်လည်း တိုးတက်မှုများ ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်ပိုင်းတွင် ခြေပြတ် လက်ပြတ် ကုသည့် ကိစ္စ၌ တရုတ်ပြည်သည် ကမ္ဘာတွင် ရှေ့တန်းက ပြေးနေသည်။ ပြတ်သွားသော ခြေချောင်း လက်ချောင်းကလေးများ၊ လက်ဖျား ခြေဖျားနှင့် လက်များ ခြေထောက်များကို ပြန်ဆက်သည့် နည်းကို ယခု အချိန်၌ အနှံ့အပြား သင်ပေးလျက် ရှိသည်။ အလွန် ချောင်ကျသော တောဆေးရုံကလေးများ၌ပင် ဤကိစ္စကို အလွယ်တကူ လုပ်ပေးနိုင်သည့် အခြေတွင် ရှိနေသည်။

၁၉၆၄ ခုနှစ် ရှန်ဟဲက ဆေးရုံကြီး တစ်ရုံသို့ ရောက်စဉ်က အလုပ်သမား လူနာ တစ်ယောက်နှင့် ကျွန်တော် လက်ဆွဲ နှုတ်ဆက်ခဲ့သည်။ ကျွန်တော် ဆွဲယမ်း နှုတ်ဆက်ခဲ့သည့် လက်သည် စက်ထဲတွင် ညပ်ပါသွားကာ စက်ရုံကြမ်းပြင်ပေါ်က ပြန်ကောက်ပြီး ဆက်ထားရသည့် လက် ဖြစ်သည်။ နှစ်နာရီလောက် ကြာမှ လက်ကို မူလ ပိုင်ရှင်၏ လက်ကောက်ဝတ်တွင် ပြန်ဆက်ပေးထားရခြင်း ဖြစ်သည်။ ယခု အချိန်၌ ပိုင်ရှင်သည် သူ့လက်ကို အကောင်း ပကတိ နီးပါး ပြန်အသုံးချ၍ ရနေပြီ။ ယခု ၁၉၇၀ ပြည့်နှစ် ကွမ်တုံ ပြည်နယ်က ဘုံအဖွဲ့ ဆေးရုံကလေး တစ်ရုံသို့ ကျွန်တော် ရောက်သည်တွင် လူနာ တစ်ဦးကို တွေ့ရပြန်သည်။ လက်ချောင်းကလေး လေးချောင်းကို ပြန်ဆက်ထားရသည့် လူနာ ဖြစ်သည်။ ယခု အကောင်း ပကတိ နီးပါး ဖြစ်နေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

အနောက် နိုင်ငံများထက် သာသွားသည်ဟု ပြောသော တရုတ်တို့၏ အခြား အောင်မြင်မှု တစ်ရပ် ရှိသေးသည်။ ယင်းမှာ အလွန် ပြင်းထန်သည့် မီးလောင် ဒဏ်ရာများကို ကုသခြင်း ဖြစ်သည်။ ခန္ဓာကိုယ်၏ ခြောက်ဆယ် ရာနှုန်းမျှ ပျက်စီးသွားသည့် မီးလောင် ဒဏ်ရာများအား အောင်မြင်စွာ ကုသ ပေးသည့် ကိစ္စမျိုးကို ကြိမ်ဖန် များစွာ ကြားရသည်။ ကျွန်တော် ကိုယ်တိုင် လည်း ထိုကိစ္စမျိုး တစ်ခုကို မြင်ခဲ့ရသည်။ ကြောက်စရာ ကောင်းသည့် မီး လောင်မှုကို ကုသပုံများနှင့် စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို အင်္ဂလိပ် မီးလောင် ဒဏ်ရာကု ပါရဂူ ဒေါက်တာ ဂျိဗ္ဗဝါ ဟွန်းက သူ၏ အစီ ရင်ခံစာတွင် ဖော်ပြထားသည်။ ဒေါက်တာ ဟွန်းမှာ တရုတ် ပြည်၌ ဆယ် နှစ်ကျော် ဆေးကုခဲ့ဖူးသည်။ ဆေးပညာကို ပို့ချခဲ့ဖူးသည်။ ၁၉၆၉ ခုနှစ်ကျမှ ပြန်လာခဲ့ခြင်း ဖြစ်သည်။

ဤတွင် တရုတ် စက်မှုလက်မှု လုပ်ငန်းများ၌ မတော်တဆ ဖြစ်မှုများ အလွန် များနေသလောဟု တွေးစရာ ဖြစ်လာသည်။ စက်ရုံများနှင့် အချို့ ဒေသ များမှ ကျွန်တော် ရခဲ့သည့် စာရင်းအင်းများ အရ ဆိုလျှင်မူ ပြောပလောက် အောင် မဟုတ်။ သို့ရာတွင် အခြား ကိစ္စများမှာကဲ့သို့ပင် ဤကိစ္စ၌လည်း ၁၉၆၀ ပြည့်နှစ်ကတည်းက ယခု အထိ အစိုးရက စာရင်းအင်း ထုတ်ပြန်ခြင်း မရှိသေးပါ။ ၁၉၅၇ ခု 'ပန်းပေါင်း တစ်ရာ ပွင့်ပါစေ' ကာလတုန်းကမူ မတော်တဆ ဖြစ်မှုများနှင့် ပတ်သက်၍ လိုအပ်သည့် ကြိုတင် ကာကွယ်မှုများ ကို မပြုလုပ်ဟု စွပ်စွဲ ပြောဆိုခြင်းများ ရှိခဲ့ဖူးသည်။ ကျွန်တော် ထပ်မံ ရောက် သွားသည့် စက်ရုံ များစွာတွင်မူ ဘေးကင်း လုံခြုံရေး အစီအမံများ ပြုလုပ်ထား သည်ကို တွေ့ခဲ့ရသည်။ စက်ရုံ အလုပ်နှင့် ကျောင်းသင်ခန်းစာကို ပေါင်းစပ် ပေးသည့် အတွက် ရရှိသည့် အကျိုး တစ်ရပ်မှာ လူတိုင်း စက်ယန္တရားများကို ဂရုတစိုက် ထိန်းသိမ်းတတ်လာခြင်း၊ ကိုင်တွယ်တတ်လာခြင်းပင် ဖြစ်သည်။

ပီကင်းတွင် ရှိစဉ် ကျွန်တော်သည် ဒေါက်တာ လင်းနှင့် အတူ သားအိမ် ကင်ဆာ ရောဂါ တစ်မျိုးကို ကုသပြီးသည့် လူနာများ ထားရာ အမျိုးသမီး ဆေးရုံ တစ်ခုသို့ သွားရောက်ခဲ့သည်။ ဤရောဂါ ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်တွင်းမှ ကလာပ်စည်းများက ပုံမှန် အလုပ် မလုပ်ကြတော့ဘဲ သားအိမ်ကို သွား၍ တိုက်ခိုက်ကြခြင်းကြောင့် ဖြစ်သည်။ ထိုမှ အသည်းကင်ဆာ ထပ်ဖြစ်သည်။

'အရင်တုန်းကတော့ ဒီရောဂါမျိုးကို ခွဲကုလို့ မရဘူးလို့ ယူဆခဲ့ကြတာ ပဲ' ဟု ဒေါက်တာ လင်းက ပြောသည်။ 'သားအိမ်ကင်ဆာ ရောဂါကို ငါ



mgyoe.com

mgyoe.com SAMPLE BOOK

ကုပေးလို့ ပျောက်ခဲ့ပြီဟော့လို့ ပြောရင် ပျောက်မှာပေါ့၊ လူနာမှာ အစကတည်းက ဒီရောဂါမှ မရှိဘဲလို့ ပြောလေ့ပြောထ ရှိကြတယ်၊ ခုတော့ ခွဲစိတ် ကုတဲ့နည်း ဓာတုဗေဒ ကုနည်း နှစ်နည်းလုံးကို ပေါင်းပြီး ကုပေးတယ်၊ ကင်ဆာက အသည်းတို့ အဆုတ်တို့ထိ ကူးသွားတဲ့ လူနာမျိုးတွေကိုတောင် ခြောက်ဆယ် ရာနှုန်းလောက် ရှင်အောင် ကုခဲ့ပြီးပြီ၊ သည်အထဲမှာ လေးဆယ် ရာနှုန်းလောက်ကိုတော့ သားအိမ်ကိုပဲ အကောင်းပကတိ ဖြစ်အောင် ကုပေးနိုင်ခဲ့တယ်'

ဒေါက်တာ လင်းက စကား ဖြတ်ပြီး ကျွန်တော်တို့ကို သူ့ ဆရာဝန်များနှင့် မိတ်ဆက်ပေးသည်။ သူတို့ အထဲမှ ဒေါက်တာ တိုင်ယုဟွာမှာ သူကိုယ်တိုင် သားအိမ်ကင်ဆာ ဖြစ်ခဲ့ဖူး၍ ဓာတုဗေဒ ကုသနည်းဖြင့် ကုသ ပျောက်ကင်းခဲ့သူ ဖြစ်သည်။ သားအိမ်လည်း ထုတ်မပစ်ရ။ ယခု ကျန်းမာ သန်စွမ်းသည့် ကလေး တစ်ယောက်ပင် မွေးထုတ်ပြီးပြီ။ သူ့ ရောဂါ ပျောက်ကင်းခြင်းမှာ မန်းမှုတ် ကုသခြင်းကြောင့်လည်း ဖြစ်သည်ဟု ဒေါက်တာ လင်းက ပြောပြသည့် အခါ၌ ဒေါက်တာ တိုင်၏ မျက်လုံး၌ မျက်ရည် ဝဲနေသည်ကို ကျွန်တော် မြင်လိုက်ရသည်။

မည်သို့ မန်းမှုတ်သနည်း။ မော်စီတုန်း အတွေးအခေါ်ဖြင့် မန်းမှုတ်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဒေါက်တာ တိုင်၏ ကလေးကို 'ကြံ့ခိုင်သော ဖွံ့စည်းပုံ' ဟု တရုတ်လို အမည် ပေးထားသည်။ ကိုယ်ခန္ဓာ ဖွံ့စည်းပုံ ကြံ့ခိုင်မှုကို ဆိုလိုသည် ထင်ပါသလော။ မဟုတ်ပါ။ ကိုးကြိမ်မြောက် ပါတီ ကွန်ဂရက်၌ ချမှတ်ခဲ့သည့် ပါတီ ဖွံ့စည်း အုပ်ချုပ်ပုံသစ်ကို ဂုဏ်ပြု မှည့်ထားခြင်း ဖြစ်ပါသည်။ (နောက်တွင် ရှန်ရှီး ပြည်နယ်သို့ ကျွန်တော် ရောက်သွား၍ သူ့ကလေး နှစ်ယောက်ကို 'ပြန်လည် ပြင်ဆင်ရေးဝါဒ ဆန့်ကျင်ရေးသမား' နှင့် 'နယ်ချဲ့ဆန့်ကျင်ရေးသမား' ဟု မှည့်ထားသော ကလေး နှစ်ယောက်၏ မိခင် လယ်သမား အမျိုးသမီး တစ်ဦးကို တွေ့သော အခါ၌ ကျွန်တော် အံ့သြခြင်း မဖြစ်တော့။ အဘယ်ကြောင့် ဤကဲ့သို့ မှည့်ရသနည်းဟု ကျွန်တော့်ကို မမေးပါနှင့်။ ဤသည်မှာ တရုတ်ပြည် ဖြစ်ပါသည်။ ယဉ်ကျေးမှု တော်လှန်ရေး ဖြစ်ပါသည်။)

ဒေါက်တာ လင်းမှာ ကျေးလက် ကျန်းမာရေး လုပ်ငန်း အတွက် လုပ်အား ပေးထားသူ ဖြစ်သည်။ ယန်စီမြစ် တောင်ဘက် ယူနန် နယ်ရှိ ဘုံအဖွဲ့ တစ်ခု၌ နှစ်ဝက် လုပ်အားပေးပြီး မကြာမီကမှ ပြန်ရောက်လာခဲ့သည်။ ထိုနယ်တွင် သားဖွား ဆရာမများနှင့် 'ဖိနပ် မပါသည့် ဆရာဝန်' များကို သင်တန်း

mgyoe.com

m g y o e . c o m SAMPLE BOOK

ပေးခဲ့သည်။ 'ဖိနပ် မပါသည့် ဆရာဝန်' ဟု ဖော်ပြရခြင်းမှာ လယ်ကွင်းထဲတွင် လယ်သမားများနှင့် အတူ လိုက်၍ အလုပ် လုပ်သောကြောင့် ခေါ်ခြင်း ဖြစ်သည်။

မြို့ပြ ဆေးဌာန ဝန်ထမ်း အတော်များများ ကျေးလက်သို့ သွားရောက်ကာ လယ်ယာ ဘုံအဖွဲ့များတွင် ဆေးကုပေးခဲ့ကြသည်။ 'ဖိနပ် မပါသော ဆရာဝန်' များကို သင်တန်းပေးခဲ့ကြသည်။ 'ဖိနပ် မပါသော ဆရာဝန်' များ၏ ဆေးကုသမှု အဆင့်အတန်းမှာ သင်တန်း ဆင်းပြီး သူနာပြုများ၏ အဆင့်အတန်းလောက် ရှိကြသည်။ ၄င်းတို့ကို ခရိုင် သို့မဟုတ် မြို့ ဆေးရုံများသို့ ဘုံအဖွဲ့ စရိတ်ဖြင့် သင်တန်း တက်စေသည်။ ထို့နောက် ဘုံအဖွဲ့တွင် ပြန်၍ အမှုထမ်းရသည်။

'လယ်သမားတွေက ဆေးရုံထက် ဖိနပ် မပါတဲ့ ဆရာဝန်တွေကို ပို သဘောကျကြတယ်၊ ကျွန်မတို့မှာ ဆေးရုံရော ဖိနပ် မပါတဲ့ ဆရာဝန်တွေရော လိုနေတယ်၊ ဒါပေမဲ့ သာမန် နေထိုင်မကောင်း ဖြစ်တာမျိုး၊ ထိခိုက်မိတာမျိုး ကိုတော့ ဖိနပ် မပါတဲ့ ဆရာဝန်တွေကပဲ ကုပေးသွားတာပဲ၊ ကျေးလက်မှာ တားဆေးတွေ ဖြန့်ဖို့ မိသားစု စီမံကိန်းကို ဝါဒဖြန့် ပညာပေးဖို့ ဆိုရင်လည်း သူတို့ကိုပဲ အဓိက အားကိုးရတာပဲ'

ဒေါက်တာ လင်းက ရှင်းပြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၉

## ကျေးလက်ကို ဦးစားပေးရေး

ရှခင်း ပြောင်းသွားသည်။ ပီကင်းက ပြည်သူ့ ဆေးရုံကြီး တစ်ရုံတွင် ကျွန်တော်တို့ ရောက်နေသည်။ ခုတင် ၈၀၀၊ ဌာန ၁၃ ခု၊ အနောက်တိုင်း ဆေးပညာတတ် ဆရာဝန် ၂၅၁ ယောက်၊ တိုင်းရင်းဆေး ပညာရှင် ၉ ယောက်၊ သူနာပြု ၂၅၄ ယောက်နှင့် လူနာ အဆောင်ပေါင်း ၁၁ ဆောင် ရှိသည်။ အပြင် လူနာ ၂၅၀၀-၃၀၀၀ ကို နေ့စဉ် လက်ခံ ကုသပေးနေသည်။ ဆိုဗီယက်တို့က ဆောက်ပေးခဲ့ပြီး အစက ရုရှ အမှုထမ်းများဖြင့် ဖွင့်ခဲ့သည်။ ထိုစဉ်က ထိုဆေးရုံကို 'တရုတ်-ဆိုဗီယက် ချစ်ကြည်ရေး ဆေးရုံ' ဟု ခေါ်ခဲ့သည်။ ယဉ်ကျေးမှု တော်လှန်ရေးတုန်းကမူ 'ပြန်လည် ပြင်ဆင်ရေးဝါဒ ဆန့်ကျင်ရေး ဆေးရုံ' ဟု ခေါ်ပြီး ယခုတွင်မူ 'ချစ်ကြည်ရေး ဆေးရုံ'ဟု ခေါ်သည်။

ဆေးရုံ လူနာခန်းများသို့ လျှောက်မကြည့်မီ ဝမ်ကွမ်ချူနှင့် အတူ စားပွဲ အရှည် တစ်လုံးတွင် ဝိုင်းထိုင်ကြသည်။ ဝမ်ကွမ်ချူမှာ ပီကင်း ကျန်းမာရေး ဗျူရို တော်လှန်ရေး ကော်မတီ၏ ကိုယ်စားလှယ် ဖြစ်သည်။

သူ့အပြင် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဆေးရုံတွင်း ဝါဒ ဖြန့်ချိရေး အဖွဲ့ငယ်မှ 'တာဝန်ရှိ ပုဂ္ဂိုလ်' နှစ်ဦး (ကော်မတီ ခေါင်းဆောင်များ) လည်း ပါသည်။

ကျွန်တော့် မိတ်ဆွေဟောင်း တစ်ဦး ဖြစ်သူ နာမည်ကျော် ကလေးရောဂါ အထူးကု ဆရာဝန်ကြီး ချန်ဝေ့ရှန်လည်း ပါသေးသည်။

ချန်ဝေ့ရှန်သည် ယခင်က ဤဆေးရုံတွင် ဒုတိယ ဆေးရုံအုပ် ဖြစ်ခဲ့ပြီး ယခု အချိန်တွင် ဘုံအဖွဲ့ တစ်ခုက 'ဆင်းရဲနှင့် အလတ်တန်း လယ်သမား' တပ်ခွဲ တစ်ခွဲတွင် အလုပ်ကြမ်း လုပ်နေသည်။ (ယခု ခွင့်ဖြင့် လာခြင်း ဖြစ်



mgyoe.com

mgyoe.com SAMPLE BOOK

သည်။) ထို့ပြင် အမျိုးသမီး ငါးဦး အပါအဝင် ဆေးဘက်ဆိုင်ရာ အလုပ်သမား နှင့် တော်လှန်ရေး ကော်မတီဝင် ဆယ်ဦးခန့်လည်း အတူ ရှိကြသည်။

ယဉ်ကျေးမှု တော်လှန်ရေးကြောင့် ပေါ်ပေါက်လာသော ဆေးဘက် ဆိုင်ရာ ပြောင်းလဲမှုများ အကြောင်းကို ထိုကော်မတီထံမှ မလေ့လာမီ လွန်ခဲ့ သည့် အနှစ် နှစ်ဆယ်ခန့်တုန်းက ပြည်သူ့ သမ္မတ နိုင်ငံ ဆက်လက် အမွေ ခံခဲ့ရသည့် ကျန်းမာရေး ပြဿနာများ အကြောင်းကို သိထားသင့်သည်ဟု ကျွန်တော် သဘောရပါသည်။ ဤတွင်လည်း အမေရိကန် ဆရာဝန်များ၏ နီးနှော ဖလှယ်ပွဲ တစ်ခုသို့ အမေရိကန် အစိုးရ ကျန်းမာရေး ဌာန ဆရာဝန် ကြီး ဒေါက်တာ ဝီလျံ ချန်း တင်သွင်းသည့် မှတ်တမ်းဝင် အစီရင်ခံစာ တစ်ခု ကို ကျွန်တော် ကိုးကားပြချင်သည်။

သူက 'ကွန်မြူနစ်တို့ အာဏာ မရမီက တရုတ်ပြည် ဆေးဘက်နှင့် ကျန်းမာရေးဘက် ဆိုင်ရာ လုပ်ငန်းမှာ နုနယ်သေးသည်။ အဆင့်အတန်း နိမ့် ကျသေးသည်။ ဆင်းရဲကြသည်။ ရောဂါ ထူပြောကြသည်။ ကူးစက် ရောဂါ များကြောင့် သေဆုံးသူ တစ်နှစ်လျှင် လေးသန်း ရှိသည်။ သန်းခြောက်ဆယ် လောက်မှာ နေ့စဉ် ဆေးဝါး ကုသမှု ပစ္စည်းများ လိုအပ်နေသည်' ဟု ရေး ထားသည်။

ဒေါက်တာ ချန်း၏ အလို အရ လောလောဆယ်၌ အနည်းဆုံး လူ ၁၅၀၀ တွင် ဆရာဝန် တစ်ယောက်နှင့် ခုတင်ပေါင်း တစ်ထောင်ရှိ ဆေးရုံ ငါးရုံလောက် တည်ဆောက်ပေးမှ အနည်းဆုံး စံချိန်မီ အဆင့်သို့ ရောက်မည်။

'၁၉၄၉ ခုနှစ်၌ သိပ္ပံနည်းကျ သင်ကြားထားသည့် ဆရာဝန် စုစုပေါင်း မှာ ဆေးရုံ ငါးရာ အတွက် ၁၂၀၀၀ ခန့်ရှိမည်၊ ယခု အချိန်၌ တစ်နှစ်မှာ ဆရာဝန် ငါးရာခန့်သာ ထွက်ပြီး စုစုပေါင်း လူနာ ခုတင် ၇၁၀၀၀ သာ ရှိသေးသည်။'

လူဦးရေ ၈၄ ရာခိုင်နှုန်းရှိ ကျေးလက် လူထုမှာ ဆေးဖိုးဝါးခ မတတ်နိုင် ကြ။ ဤကြေကွဲ ဝမ်းနည်းဖွယ် ပြဿနာကို နိုင်ငံတော် ဆေးဝါး ကုသမှု စနစ်ဖြင့်သာ ဖြေရှင်းနိုင်ပေလိမ့်မည်။

(၁၉၃၇ ခုနှစ်တုန်းကလည်း ထင်ရှားသည့် တရုတ် ဆရာဝန်ကြီးများ က ဤသို့ ယူဆခဲ့ကြသည်။)

ခရိုင် ပြည်သူ့ ကျန်းမာရေး ဌာနများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ အမေ ရိကန်ပြန် တရုတ် ဆရာဝန်များက စီမံ စိတ်ကူး၍ ဖွင့်လှစ် ဆောင်ရွက်ခဲ့ကြ



mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ၎င်းတို့ အများစုသည် ယခု အချိန်ထိ တရုတ်ပြည်၌ ဆက်လက် နေထိုင်လျက် ရှိကာ တရုတ်ပြည်၏ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံ၏ ကျောရိုးများ ဖြစ်နေကြသည်။

ပထမ ဆယ်နှစ် အတွင်းတွင် အနောက် နိုင်ငံ စံချိန်မီ အရည်အချင်းပြည့် ဆရာဝန်များနှင့် လူနာ ခုတင်မှာ လေးဆမှ ငါးဆ အထိ တိုးလာခဲ့သည်။ ဤသည်မှာလည်း ဒေါက်တာ ချန်း ပြောသည့် အနိမ့်ဆုံး စံချိန်အောက် ရောက်နေသေးသည်။

'သို့ရာတွင် သန့်ရှင်းရေး၊ ကျန်းမာမှု၊ ပညာရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ အများကြီး တိုးတက်လာသည်။ အူရောင်ငန်းဖျား ရောဂါ၊ အဖျားရောဂါနှင့် အခြား အကြောင်းကြားရမည့် သို့မဟုတ် ဆိုင်ရာသို့ သတင်း ပို့လောက်သည့် ကူးစက် ရောဂါများကို ထိန်းချုပ်နိုင်ခဲ့သည်။ ကပ်ပါး ပိုးမွှားများကြောင့် ဖြစ်သော အရေးကြီးသည့် အခြား ရောဂါများ တိုက်ဖျက်ရေး၌လည်း အများကြီး တိုးတက်လာသည်။ သန်းပေါင်း များစွာသော ငှက်ဖျားရောဂါ လူနာရှင်များကို ဆေးဝါး ကုသပေးနိုင်ခဲ့ကာ ငှက်ဖျား ရောဂါ ဖြစ်ပွားမှု နှုန်းမှာလည်း သုံးရာနှုန်း အောက်ထိ လျော့ကျသွားခဲ့သည်။ လူနာပေါင်း ၃၆,၀၀၀,၀၀၀ သန်ကျ ရောဂါမှ ကုသပေးနိုင်ခဲ့သည်။'

တော်လှန်ရေး ပြီးသည့်နောက် ခုနစ်နှစ် အကြာတွင် ဗြိတိသျှ ဆရာဝန်အချို့ တရုတ် ပြည်သူ့ သမ္မတ နိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့ကြသည်။ ၎င်းတို့၏ အစီရင်ခံစာ တစ်ခုမှာမူ တရုတ်ပြည် လေ့လာရေးသမား လက်ဟောင်းကြီး အချို့ကို ထိတ်လန့်သွားစေခဲ့သည်။ ထိုအစီရင်ခံချက်မှာ အခြားမဟုတ်။ 'တရုတ်ပြည်တွင် ယင်များကို အောင်မြင်စွာ နှိမ်နင်းပြီးပြီ၊ လမ်းပေါ်တွင် အမှိုက်သရိုက် တစ်ပင်တလေမျှ မတွေ့ရတော့၊ အိမ်များကလည်း အံ့ဩစရာ ကောင်းလောက်အောင် သန့်ရှင်းနေပြီ' ဆိုသည့် အစီရင်ခံချက် ဖြစ်သည်။

လစ်ဗာပူမြို့ရှိ အပူပိုင်းဒေသဆိုင်ရာ ဆေးပညာ ကောလိပ် ကျောင်းအုပ်ကြီး ပါမောက္ခ ဘရိုင်ယန်း မေဂရေးက 'ကျေးရွာ ကျန်းမာရေး ကော်မတီများ၏ လူထု လုပ်ငန်းများနှင့် လမ်းများ ကျန်းမာရေးနှင့် ညီညွတ် သန့်ရှင်းပုံကို ဖော်ပြပြီးနောက် ဆေးများဖြင့် ဝမ်းရောဂါပိုး ပြန့်ပွားရေးကို နိုင်နင်းစွာ တိုက်ဖျက်နိုင်ခဲ့သည်' ဟု ရေးခဲ့သည်။ ဒေါက်တာ မေဂရေး၏ စာပိုဒ် တစ်ပိုဒ်မှာ တရုတ်ပြည်ဟောင်း၏ ဆင်းရဲ ညစ်ပတ်မှုကို သိသူများ အတွက် အထူး စိတ်ဝင်စားဖွယ် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ရောဂါကို သယ်ဆောင်လာသည့် စကီစတိုဆုန်း သန်ကောင်များကို တိုက်ဖျက်သည့် နည်းလမ်း တစ်ရပ်ကို ကြည့်လျှင် လူထု၏ ပူးပေါင်း ဆောင်ရွက်မှု အတိုင်းအတာကို သိနိုင်သည်။

တရုတ်ပြည်တွင် ဓာတ်မြေသြဇာများကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်း မပြုမီ လူ၏ အညစ်အကြေးများသည် အပေါဆုံးနှင့် အဖိုးတန်ဆုံး မြေသြဇာ ဖြစ်နေသည်။ လူ့အညစ်အကြေးများကို ရေ မထိစေဘဲ ကျင်းများဖြင့် သိုလှောင်ထားပါက ဥပဒ် များလှသော စကီစတိုဆုန်း သန်ကောင် ပိုးဥများသည် မကြာမီ အတွင်း ပျက်စီးသွားကြသည်။

ဤသိုလှောင်နည်းသည် ရောဂါ ပိုးမွှားများ အန္တရာယ်မှ စိတ်ချရသည်။ လူထုကို နားလည် သဘောပေါက်အောင် ဝါဒ ဖြန့်ပေးသဖြင့် လူ့အညစ်အကြေးများကို သိုလှောင်ခြင်းသည် လူထု လုပ်ငန်း တစ်ရပ် ဖြစ်လာကာ အကုန်အကျလည်း များစွာ သက်သာသွားသည်။

ယခု အချိန်တွင် အိမ်ထောင်စုတိုင်း၌ ဆေးရောင်စုံ ခြယ်ထားသည့် လက်ဆွဲပုံး တစ်ပုံးစီ ရှိကြသည်။ နံနက် လင်းလျှင် ပုံးကိုယ်စီ ဆွဲကာ တစ်နေရာ၌ ထားသည့် စဥ့်အိုးကြီးထဲသို့ လာ၍ လောင်းထည့်ကြသည်။ ပြည့်သွားသည်နှင့် အလုံ ပိတ်ပစ်လိုက်ပြီးနောက် ဥများကို ပျက်စီးသွားစေရန် အာမိုနီယာဓာတ်များ ပျံ့နှံ့သွားသည် အထိ ပစ်ထားလိုက်သည်။ လယ်ကွင်းများထဲ၌ သုံးရန် စိတ်ချရသည့် အခြေသို့ရောက်မှ စဥ့်အိုးကြီးများကို ဖွင့်၍ မြေသြဇာ အဖြစ် အသုံးပြုသည်။ အညစ်အကြေးများကို စုဆောင်းပေးသည့် အတွက် အိမ်ထောင်စုများကို အခကြေးငွေ ပေးရသည်။ အသက်အရွယ်ကို လိုက်၍ တန်ဖိုး ပေးသည်။ ရေကို သန့်ရှင်း စင်ကြယ်စေရန် အတွက်လည်း ဤနည်းကိုပင် အသုံးပြုသည်။ ယခုအခါတွင် တံငါလှေတိုင်း၌ အညစ်အကြေး စွန့်ရန် ပုံးတစ်ပုံးစီ ပါကြသည်။ ဝင်ငွေ ရသည့် အလုပ် တစ်ခု ဖြစ်နေသည်။

တရုတ်ပြည် လှေလာရေးသမား လက်ဟောင်းကြီးများကသာ အံ့သြကြသည် မဟုတ်သေး။ ၁၉၆၀ ပြည့်နှစ်တုန်းက ဒေါက်တာ လင်းနှင့် တွေ့စဉ် တော်လှန်ရေး၏ အံ့သြစရာ အကောင်းဆုံး အသီး အပွင့် တစ်ခုကို ပြောပြစမ်းပါဟု ကျွန်တော်က ပြောမိသည်။

'ယင်ကောင်တွေရှင့်၊ ယင်ကောင်တွေ၊ ယင်ကောင်တွေကို ဘယ်နည်းနှင့်မှ ပျောက်အောင် လုပ်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တာ' ဟု ဒေါက်တာ လင်းက တအံ့တသြ ဖြေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၇၀ ပြည့်နှစ် အရောက်၌ ကူးစက် ရောဂါနှင့် ပြန့်ပွား ရောဂါ အားလုံးကို တိုက်ဖျက်ပြီး ဖြစ်သည် သို့မဟုတ် ထိန်းသိမ်းနိုင်သည့် အခြေသို့ ရောက်ခဲ့သည်။ ထိုအထဲတွင် ဝမ်းရောဂါနှင့် အနာကြီး ရောဂါတို့လည်း ပါသည်။ (ယုံချင်ယုံ မယုံချင်နေ) ပြည်နယ်ပေါင်း ၂၆ နယ်တွင် ကာလသား ရောဂါ လုံးဝ မရှိတော့။ တိဘက်လို နေရာမျိုးမှာပင် ကာလသား ရောဂါကို ထိန်းချုပ် နိုင်နေပြီ။ ကာလသား ရောဂါ မရှိတော့သည့် အတွက် ပီကင်း အရေပြား ရောဂါများ ဆိုင်ရာ သိပ္ပံကျောင်းက ကာလသား ရောဂါ ဌာနကိုပင် ဖျက်သိမ်း ပြီးခဲ့ပြီ။ ဌာနမှူး ဒေါက်တာ ဟာတမ်ပင်လျှင် အငြိမ်းစား ယူကာ သမားတော် အဖြစ် ကုသနေပြီ။ အကြောသေ ရောဂါ၊ ဝက်သက်၊ အူရောင်ငန်းဖျား ရောဂါ များကိုလည်း ကာကွယ်ဆေးများဖြင့် လည်းကောင်း၊ ကျန်းမာ သန့်ရှင်းရေး လုပ်ငန်းများဖြင့် လည်းကောင်း တားဆီးထားသည်။ ၁၉၆၉ ခုနှစ်က ပြန်လည် ပြင်ဆင်ရေး ဝါဒ ဆန့်ကျင်ရေး ဆေးရုံတွင် လူနာပေါင်း ကိုးသိန်း တက်ရောက် ကုသခဲ့သည့် အနက် ဝမ်းကိုက် ရောဂါရှင်မှာ နှစ်ဦးမျှသာ ရှိသည်။ ယခု လောလောဆယ်တွင် အသေအပျောက် အများဆုံး ရောဂါ နှစ်မျိုးမှာ နှလုံး ရောဂါနှင့် ကင်ဆာ ရောဂါတို့ ဖြစ်သည်။

ပြည်သူ့ ကျန်းမာရေး ဌာနက ဒေါက်တာ ဝမ်ကွန်ချူ အကြောင်း ပြန် ကောက်ပါမည်။ သူ့တာဝန်မှာ ပီကင်း အထူး အုပ်ချုပ်ရေး ဒေသက လူခြောက် သန်း၏ ကျန်းမာရေး ကိစ္စ ဖြစ်သည်။ ထိုဒေသထဲတွင် ပြည်သူ့ ဘုံအဖွဲ့ပေါင်း ၂၈၀ ရှိသည့် ဆင်ခြေဖုံး ခရိုင် ဆယ်ခုလည်း ပါသည်။ ထိုဒေသ တစ်ခုလုံးတွင် မြူနီစီပယ် ဆေးရုံ ၁၇ ခုနှင့် ခရိုင် အဆင့် ဆေးရုံပေါင်း သုံးဆယ် ရှိ၍ စုစုပေါင်း လူနာ ခုတင် ၂၉၀၀၀ ရှိသည်။ သို့ရာတွင် ဘုံအဖွဲ့များနှင့် စက်ရုံ ဆေးပေးခန်းများတွင် ရှိသည့် လူနာ ခုတင်များ မပါသေးပါ။ ဆေးကောလိပ် ကျောင်းဆင်း ဆရာဝန် ၈၆၀၀ (ဤသည်မှာ ၁၉၆၀ ပြည့်နှစ်ကထက် ၅၉ ရာနှုန်း တိုးခြင်း ဖြစ်သည်။) နှင့် တိုင်းရင်းဆေးဆရာ နှစ်ထောင်ခန့် ရှိသည်။

ဝမ်ကွန်ချူက မကြာသေးမီက ပေါ်ပေါက်ခဲ့သော 'တော်လှန်ရေး ပြောင်း လဲမှုများ' နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြောပြသည်။

'ကျန်းမာရေး ဝန်ကြီး ဌာနဟာ မြို့တွေမှာသာ ဘုရင် လုပ်နေကြတာ၊ ဆေးနှင့် ကျန်းမာရေး လုပ်ငန်းမှာ ကျေးလက်ကို ဦးစားပေးရမယ်လို့ ဥက္ကဋ္ဌ ကြီး မော်က ပြောခဲ့ပါတယ်၊ ခု ကျွန်တော်တို့ဟာ ဥက္ကဋ္ဌကြီး မော်ရဲ့ ဩဝါဒ ကို လေ့လာပြီး အသက်ပါပါ ကျင့်သုံးနေပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်

mgyoe.com

mgyoe.com SAMPLE BOOK

တုန်းက ဆိုရင် ပီကင်းကနေ ကျေးလက်ကို ဆင်းတဲ့ ဆေးဘက်နှင့် ကျန်းမာရေးဘက် အလုပ်သမားပေါင်းဟာ ၃၆၀၀ ပဲ ရှိတယ်၊ ခုဆိုရင် ဆေးဘက်နှင့် ကျန်းမာရေးဘက် အလုပ်သမားပေါင်း ခြောက်ထောင်ကို နယ်လှည့် ဆေးအဖွဲ့ပေါင်း ၄၃၀ ဖွဲ့ပေးပြီး ဇက်ချွမ်၊ ယူနန်နယ်၊ အတွင်း မွန်ဂိုလီးယား ပြည်နယ်တွေထိ လွှတ်ပေးနိုင်ခဲ့တယ်၊ ကျွန်တော်တို့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကေဒါတွေဟာ ဒီအလုပ်ကို အလှည့်ကျ လုပ်ကြတယ်။

'ဒီဒေသမှာ ဖိနပ် မပါတဲ့ ဆရာဝန်ပေါင်း ၁၃၀၀၀ ရှိတယ်၊ အမျိုးသား အမျိုးသမီး အကုန် ပါတယ်၊ ပျမ်းမျှ အသက်ကတော့ နှစ်ဆယ်စီလောက် ရှိပါလိမ့်မယ်၊ သူတို့ကို ဆေးကျောင်းတွေ ဆေးရုံတွေမှာ သုံးလ သင်တန်းပေးပြီး ဆိုင်ရာ ဆေးရုံရဲ့ ကြီးကြပ်မှုနှင့် ကျေးရွာ ဘုံအဖွဲ့တွေ သွားပြီး အလုပ်လုပ်ဖို့ ပြန်လွှတ်လိုက်တာပဲ၊ သင်တန်းမှာတော့ အနောက်တိုင်း ဆေးပညာရော အပ်စိုက် ကုသနည်းတွေရော သင်ပေးပါတယ်၊ အဲဒီ အလုပ် လုပ်ပြီး နောက်တစ်ခါ သုံးလ သင်တန်း တက်ရပြန်တယ်၊ အသေးအဖွဲ ရောဂါကလေးတွေကိုတော့ သူတို့က လူမမာအိမ် လိုက်ကုပေးတယ်၊ ဒါမှမဟုတ်ရင်လည်း တပ်ခွဲ ဆေးခန်းမှာ ကုပေးတယ်၊ နည်းနည်း ရောဂါ ကြီးရင် ဘုံအဖွဲ့ ဆေးရုံကို တင်ပေးတယ်၊ ခုဆိုရင် အင်မတန် ကြီးတဲ့ ရောဂါမျိုးတွေလောက်ကျမှ မြို့ကြီးက ဆေးရုံတွေကို ရောက်လာတော့တာပဲ'

ဆေးရုံများတွင် ဖိနပ် မပါသော ဆရာဝန်များကိုသာမက စက်ရုံများတွင် တာဝန် ကျသည့် ဆေးအလုပ်သမားနီများနှင့် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဆေးတပ်ဖွဲ့ဝင်များကိုလည်း သင်တန်း ပေးသည်။ ပီကင်း မြို့၌ ရှေးဦးသူနာပြု စခန်းပေါင်း ၃၃၅ ခု ရှိ၍ 'ပြည်သူ့ အကျိုးပြု' လျက် ရှိသော တပ်မတော် ဆေးဘက် အလုပ်သမားပေါင်း ၂၁၆၄ ယောက် ရှိသည်။ ပြန်လည် ပြင်ဆင်ရေး ဝါဒ ဆန့်ကျင်ရေး ဆေးရုံသည် မကြာမီက တပ်မတော်ရဲဘော် ၄၁ ယောက်ကို ဆေးသင်တန်း ပေးခဲ့သည်။ ဂိုနီသို့ ဆေးဘက် အလုပ်သမား ငါးဆယ် ပို့သော အခါ၌ ထိုဆေးရုံမှ နှစ်ယောက် ပါသွားခဲ့သည်။

'လွန်ခဲ့တဲ့ နှစ်အတွင်း ဒီဆေးရုံက ဆေးဘက် အလုပ်သမား ၉၆ ယောက် ကျေးလက်ကို သွားပြီး နေကြတယ်၊ ကျွန်တော်တို့ ဆေးရုံက ဆေးဘက် အလုပ်သမား သုံးပုံ တစ်ပုံလောက်ဟာ အမြဲလိုလိုပဲ တစ်လှည့်စီ ဆင်းနေကြတယ်၊ နယ်လှည့် ဆေးအဖွဲ့တွေရဲ့ လုပ်ငန်းတွေကတော့ ရောဂါမှ ကာကွယ်ခြင်း၊ ကုသပေးခြင်း စတဲ့ နည်းလမ်းတွေနှင့် ကျေးလက်ကို ဦးစားပေးပြီး ပြည်သူကို

mgyoe.com